
www.burmeseclassic.com


BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေသူ**

ဒေါ်မြင့်မြင့်ရီ (မြ-၀၀၆၆၆) (ဗျူးစာပေ)

အမှတ်-၅၂၀(က)၊ အင်းဝ (၄)လမ်း၊

(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးကျင်ရင် (မြ-၀၀၃၂၆) (ရွှေခြံသေ့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက်၊ ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ**

ဖော်ဝိုင်

**အတွင်းဖလင်**

ကိုဖင်ဦးနှင့်ညီများ

**ပုံနှိပ်ခြင်း**

ပထမအကြိမ်

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ

တန်ဖိုး-၁၀၀၀ ကျပ်၊ အုပ်ရေ- ၅၀၀

**ဖြန့်ချိရေး**

ဗျူးစာပေ

၀၉ ၅၀၃၀၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

ဗျူး

ဆိုပါစို့ ထိုမိန်းမကိုကျွန်တော်ချစ်သည်

ဗျူးစာပေ၊ ၂၀၁၆။

၂၂၄-စာ၊ ၁၂ x ၁၈ စင်တီ။

(၁) ဆိုပါစို့ ထိုမိန်းမကိုကျွန်တော်ချစ်သည်

## အခန်း (၁)

ဘယ်လိုပဲ ရင့်ကျက်တည်ငြိမ်ရမယ့်အရွယ်ဖြစ်နေပေမယ့် မောင့်မျက်နှာတစ်ရွာထင်ပြီး အားကိုးစိတ်နဲ့လိုက်လာခဲ့ရသော ခေါင်ခေါင့်စိတ်တွေဟာ သောကအချို့ ဝေ့နေတာတော့ သေချာပါသည်။ ထိုစိတ်တစ်ခုနှင့်အတူ မောင့်အိမ်အရိပ်ကို ခိုဝင်လိုက်သည်ဆိုရင်ပဲ ခေါင့်စိတ်ထဲမှာ အမည်မဖော်နိုင်သော ဝေဒနာတစ်ခုက ရင်ထဲကို လှစ်ခနဲ တိုးဝင်၍လာပါသည်။

တစ်ပြိုင်နက်တည်းမှာပင် ရင်ထဲမှာ တုန်ယင်မောဟိုက်သွားသလို ခံစားလိုက်ရသည်။ လှုကံ့ထန်အသိုင်းအဝိုင်းထဲက ပေါက်ဖွားလာသူလို ချောမောသန့်ရှင်းသော မောင့်ရုပ်သွင်နှင့် ယခုမောင့်အိမ်ပါဟု လက်ညှိုးထိုးပြပြီး ခေါင့်လက်ကိုဆွဲပြီးဝင်ခဲ့သော အိမ်ကလေးသည် မောင့်ကိုချမ်းသာသည်ဟု ထင်ထားမိသော ခေါင့်ကို ခွက်ထိုးခွက်လန်



www.burmeseclassic.com

www.burmeseclassic.com



လျှောင်ပြောင်ရယ်မောနေသလားပင်။

တောင့်တောင့်နိုင်နိုင် ပျဉ်ထောင်အိမ်လေးတစ်လုံးဖြစ်ပေမယ့် သန့်ရှင်းသပ်ရပ်မှုမရှိဘဲ အမြင်ရှုပ်ပွနေသော အိမ်ခြံဝင်းနှင့် မှုန်ကုတ်ကုတ်အိမ်ကလေးကိုကြည့်ပြီး မောင့်ကိုခပ်တိုးတိုး မေးလိုက်သည်။

"မောင် ဒါ မောင့်အိမ်လား၊ ဒါမှမဟုတ် သူများအိမ်ကို ခဏလာနေတာလား"

ခေါင့်အမေးကြောင့် မောင် ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီး

"ဒါ မောင့်အိမ်လေ ခေါင်ရဲ့၊ ဘာဖြစ်လို့လဲ"

"မ မဖြစ်ပါဘူး ခေါင့်စိတ်ထဲမှာ မောင့်အိမ်က နှစ်ထပ်တိုက်နဲ့ ခြံဝင်းကျယ်ကြီးထဲမှာ ပန်းပင်တွေစုံအောင်ပွင့်နေတဲ့အိမ်ကြီးမျိုးလို့ ထင်နေတာ"

"တစ်ချိန်တော့ ဖြစ်လာမှာပေါ့ ခေါင်ရယ်၊ မောင်က ခေါင့်ကို အဲဒီလို ခြံဝင်းကျယ်ကြီးထဲမှာ တိုက်အိမ်လှလှလေးနဲ့ထားမှာ၊ ခုလောလောဆယ်တော့ မောင်တို့မှာငွေမရှိသေးတော့ မိဘအိမ်မှာပဲ ခဏဝင်ခွေရမှာပဲလေ"

မောင်ပေးခဲ့တဲ့ မက်လုံးဟာ တစ်ချိန်မှာ မီးခိုးငွေ့တွေလို လွင့်မျောပျောက်ကွယ်သွားမယ်ဆိုတာ ခေါင် ဘယ်တုန်းကမှ မတွေးခဲ့မိပါဘူး။

"လာလေ ခေါင်ရဲ့"





အိမ်ရှေ့ဝရန်တာတွင် ရှုပ်ပွနေသော အဝတ်ဇလုံတွေ ခုံတွေ ရေပုံးတွေကို မောင်ဟာ ဘေးသို့အသာအယာဖယ်ပေးပြီး ခေါင့်ကို အိမ်ပေါ်တက်ရန် ခေါ်သည်။

ခေါင်ဟာ မဝံ့မရဲနှင့် မောင့်အိမ်ပေါ်ကို တက်ခဲ့သည်။ ခေါင် တက်ခဲ့ရတဲ့ ပထမခြေလှမ်းအစမှာ ခေါင့်ရဲ့ချွန်မြတဲ့ဒေါက်ဖိနပ်က အုတ်ခဲကျိုးကို နင်းမိပြီး ခြေချော်လဲကျမလို ဖြစ်သွားသည်။ ယိုင်နဲ့သွားသော ခေါင့်ခန္ဓာကိုယ်ကို မလဲအောင် မောင် အချိန်မီထိန်းမပေးနိုင်လောက်အောင် ခေါင်ဟာ မြေကြီးပေါ်မှာ ဖင်ထိုင်လျက်လဲကျခဲ့ရသည်။

"ဟာ ခေါင်"

မောင်ဟာ သုံးလေထစ်ခန့်ရောက်နေပြီဖြစ်သော လှေကားလေးပေါ်မှ ဒရောသောပါးပြေးဆင်းပြီး ခြေချော်လဲကျသွားတဲ့ ခေါင့်ကို အတင်းပြေးထူပါတယ်။

"ဘာဖြစ်သွားလဲ ခေါင် ဘယ်နားနာသွားလဲ"

"အား ကျွတ် ကျွတ် ကျွတ် ခြေထောက်နည်းနည်းခေါက်သွားရုံပါ မောင်ရယ်"

မောင့်ရှေ့မှာ မနာကျင်ဟန်နှင့် ဟန်ဆောင်ပြောလိုက်ပေမယ့် ခြေထောက်အမှန်တကယ် နာကျင်ခဲ့တာပါ။

"ကဲ လာ မောင် ပွေ့ချီမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို မဟုတ်တာ လူမြင်လို့မကောင်း"

"ဘာဖြစ်လဲ ကိုယ့်မိန်းမကိုယ် ပွေ့ချီတာ လာပါ ခေါင်ရဲ့"

ခြေထောက်အနာကြောင့် ခေါင် ရှက်ရှက်နဲ့ပဲ မောင်ပွေ့ချီတာကို ခံယူပြီး မောင့်အိမ်ပေါ်ကို စတင်ရောက်ခဲ့ရပါတယ်။

■ ■ ■

"သုတတို့ကတော့ ဒုက္ခတွေ တပွေ့တပိုက်သယ်ပြီး ပြန်လာပါလားဟေ့"

မမခိုင် အိမ်ထဲမှထွက်လာပြီး ပြောလိုက်သောစကားကြောင့် သုတ မျက်နှာကွက်ခနဲပျက်ပြီး ရွှေခေါင်ခေါင်ကို အားနာသောအကြည့်ဖြင့် ငဲ့ကြည့်သည်။

ခေါင့်အတွက်တော့ မောင့်အစ်မကြီးဖြစ်သူ မမခိုင်၏စကားက အိမ်ပေါက်ဝရောက်ရောက်ချင်း မျက်နှာကိုဖြတ်အရိုက်ခံရသလို ဖျဉ်းခနဲဖြစ်သွားသည်။

မောင့်မျက်နှာတစ်ချက်ထင်ပြီး လိုက်ခဲ့သော အားကိုးစိတ်တွေ မောင့် မိသားစုတွေနှင့်ပျော်ရွှင်သင့်မြတ်စွာနေမည်ဟု ကြိုတင်တွက်ကိန်းချလာသော ခေါင့်ဆုံးဖြတ်ချက်တွေဟာ ဘယ်လိုဝုန်းခနဲလွင့်ထွက်သွားပြီလဲမသိ ရင်ထဲမှာ မောရှတစ်ဆို့သွားတာကလွဲပြီး ဘာမှမကျန်တော့။

"မမခိုင် ခုမှရောက်လာတဲ့သူကို ရင်ဝကိုဆောင့်မကန်ပါနဲ့ဗျာ၊





ခေါင့်ကိုအားနာပါဦး၊ ခေါင်က ကျွန်တော့်မျက်နှာနဲ့ ဒီကိုလိုက်လာတာပါ"

မောင်ကလည်း ခေါင့်ဘက်က အပြည့်အဝရပ်တည်ပေးသည့်အနေဖြင့် ခေါင့်လက်ကိုဆုပ်ကိုင်ပြီး မမခိုင်ကို ပြန်ပြောသည်။

မမခိုင်မျက်နှာ မည်းခနဲ ညိုမှောင်သွားသည်။

"အမလေး တစ်သက်လုံး အစ်မကို ရိုသေလာတဲ့မောင်က ခုတော့ ပြန်ခံပက်တတ်နေပြီပေါ့၊ အမေရေ အမေ လာပါဦး ဒီမှာ အမေ့သား မိန်းမခိုးလာတယ်၊ အိမ်ပေါ်တောင်မရောက်သေးဘူး အာခံနေပြီ"

လိုတာထက်ပို၍ အသံကိုမြှင့်ပြောသော မမခိုင်၏အသံကြောင့် အမေနှင့်အတူ မမခိုင်၏သမီး မေဇင်ငြိမ်းလေးပါ အတွင်းခန်းထဲမှ ထွက်လာ၏။

"အိမ်ရှေ့မှာ ဘာတွေဖြစ်နေကြတာလဲ နင့်အဖေ နေမကောင်းဘူး အလိုက်ကန်းဆိုးလည်း သိကြပါဦး"

အသားဖြူဖြူ အရပ်ရှည်ရှည် အမျိုးသမီးကြီး၏ရုပ်ရည်ရူပကာသည် မောင်နှင့်တော်တော်လေး ဆင်သည်မို့ ဒါဟာ မောင့်အမေဆိုတာ မပြောဘဲလည်း ကြိုသိနိုင်သည်။

"သုတ မင်း မင်း တကယ်ပဲ မိန်းမခိုးလာတာလား"

တအံ့တဩ ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ပြီး မေးလာသော မောင့်အမေ၏အမေးထဲမှာ နှစ်လိုဖွယ်ကောင်းသော အရိပ်အယောင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့မပါ။ နွေးထွေးကြိုဆိုမှုတွေ့မပါ။

''ဟုတ်တယ် အမေ ခေါင့်ကို သား ခိုးပြေးလာတာပါ''

မောင်ဟာ ဖြေလည်းဖြေ ခေါင့်လက်ကိုဆွဲပြီး အိမ်ပေါ်ကိုလှမ်းတက်သည်။ မောင့်နောက်မှ လိုက်တက်ရသော ရွှေခေါင်ခေါင့် ခြေလှမ်းတွေသည် မောင့်အမေ၊ မောင့်အစ်မတွေနှင့်မဆုံခင်က တက်ကြွနေသလောက် မောင့်အစ်မတွေ၏နှစ်မြို့ဖွယ်မရှိသော အပြောအဆိုအကြည့်အမဲ့တွေအောက် ရောက်ပြီးသည်နှင့် အသက်သိပ်မပါတော့။

''လာ ခေါင် ခရီးပန်းလာတယ်၊ ကိုယ့်အခန်းထဲမှာ ခဏအနားယူလိုက်ဦး ဪ ဒါ ကိုယ့်ရဲ့မေမေ ဒေါ်ခင်ဆွေလှဲ၊ သူက မောင့်အစ်မအကြီးဆုံး မခိုင်မေလှဲ သူလေးက မခိုင်ရဲ့သမီး မေဇင်လှဲ ကိုယ့်တူမပဲ''

မေဇင်လှဲဆိုတဲ့ကောင်မလေးမျက်နှာ မဲ့ခနဲ ဖြစ်သွားတာကို ခေါင် သတိပြုလိုက်မိပေမယ့် အားလုံးကိုအပြုံးဖြင့် လှည့်ပြီးပြုံးပြကာ

''မေမေ ကျွန်မက ရွှေခေါင်ခေါင်ပါ''

ယောက္ခမတော်ရတော့မည့်သူမို့ မောင် မိတ်မဆက်ပေးခင် ကိုယ့်ကိုယ်ကိုယ် အရင်မိတ်ဆက်လိုက်ခြင်း ဖြစ်သည်။

''အေးလေ အမေ့သားခိုးလာမှတော့ အမေ့ချွေးမအဖြစ် အသိအမှတ်ပြုရတော့မှာပေါ့။ ဒီမှာကတော့ မြင်တဲ့အတိုင်း မိသားစုကများတယ် ရွှေခေါင်ခေါင်ရေ၊ အိမ်ကလည်း ကျဉ်းတယ်၊ ဒီကြားထဲ ဖအေကြီးက နာတာရှည်ဝေဒနာသည် အငယ်နှစ်ယောက်ကလည်း





သူ့ကျောင်းစာ သူ့ အလုပ်ကိုယ်စီနဲ့ ဘာမှအားမကိုးရဘူး၊ အမလေးသိလာပါလိမ့်မယ်၊ ဒီအိမ်ရဲ့ အခြေအနေကို''

ရောက်ရောက်ခြင်း ဆောက်နဲ့ထွင်းဆိုသလို ကရားရေလွှတ်တတွတ်တွတ်ပြောနေသော မောင့်အမေကိုကြည့်ပြီး ရွှေခေါင်ခေါင် ပါးစပ်အဟောင်းသား မျက်လုံးလေး ကလယ်ကလယ်လုပ်နေရုံမှအပ တခြားဘာစကားမှပြောစရာမရှိ။

''ကဲ ကဲ ခုနေပြောနေရင် အပြောပဲရှိမယ်၊ နေကြည့်မှသိလာပါလိမ့်မယ်လေ''

စကားလက်စသတ်တော့မှ မောင်နှင့်ခေါင် ယောက္ခမရှေ့မှ ခပ် သုတ်သုတ်ထွက်ခဲ့လိုက်သည်။

အောက်သိုးသိုးအနံ့နှင့်အတူ ဟိုနေရာ ဒီနေရာ တို့လို့တွဲလောင်းချိတ်ဆွဲထားသောအဝတ်နှင့် အခြားသောပစ္စည်းပစ္စယတွေ ဖရိုဖရဲမြင်နေရသော မြင်ကွင်းကြောင့် အိမ်ကျဉ်းကျဉ်းလေးသည် ရှုပ်ပွ၍နေသည်ဟု လျှပ်တစ်ပြက်မြင်ရုံနှင့် မှတ်ချက်ချ၍ရသည်။

မောင့်ကိုချစ်လို့ လိုက်လာမှတော့ ဒီအရာတွေအားလုံးဟာ ဘာမှ ပြောပလောက်စရာမရှိတော့၊ ရောမရောက် ရောမလိုကျင့်မှရတော့မည်။ မောင့်အနားမှာရှိလျှင် အရာရာပြည့်စုံနေမှတော့ ကျန်တာ ဘာအရေးလဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



"မောင် ခေါင်တို့က ဒီအခန်းထဲမှာ နေရမှာလား"

ဆယ်ပေခန့်ရှိသော အခန်းကျဉ်းလေးထဲတွင် ခုတင်နှစ်လုံး ချထားပြီး အလယ်တွင် လိုက်ကာတစ်ခုခြားထားပြီး မောင့်အိပ်ရာဟုယူဆရသော ခုတင်ခြေရင်းတွင် စာကြည့်စားပွဲနှင့်ကွန်ပျူတာတစ်လုံး နံရံကပ်စာအုပ်စင်တစ်ခုနှင့် အခန်းတံခါးဘေးနံရံတွင် ဖရိုဖရဲ တိုးလို့တွဲလောင်းတင်ထားသော အဝတ်စင်တစ်ခု။

"ဟုတ်တယ် ခေါင်၊ ဟိုဘက်ခုတင်က မောင့်ရဲ့ညီလေးအိပ်တာလေ၊ မိသားစုကများပြီး အိမ်ကကျဉ်းတော့ မောင်တစ်ယောက်ထဲ အခန်းအပြည့်သုံးဖို့ဆိုတာ မဖြစ်နိုင်ဘူးလေ"

ရွှေခေါင်ခေါင်ရင်ထဲမှာ စနိုးစနောင့်ဖြစ်သွားသည်။ ညားခါစလင် မယားအိပ်မည့်ခုတင်ဘေးတွင် တခြားယောက်ျားလေး တစ်ယောက်အိပ်သည့် အိပ်ရာရှိနေသည်ဆိုမှတော့ ဘယ်မိန်းကလေးက စိတ်ကသိကအောက်မဖြစ်ဘဲနေပါ့မလဲ။

"စိတ်ညစ်သွားပြီလား ခေါင်"

အနည်းငယ်ညှိုးမောင်သွားသော ခေါင့်မျက်နှာပေါ်မှ အလိုမကျသောအရိပ်ကို မောင် ဖတ်မိသွားသည်ထင်ပါသည်။

"စိတ်ညစ်ပေမယ့်လည်း ဒါမောင်တို့မိသားစုရဲ့ အခက်အခဲပဲလေ၊ မောင်တို့မှာ ရွေးချယ်စရာမှမရှိတာ"

"ခေါင့်ကို မောင် အိမ်သပ်သပ်ခွဲပြီးထားနိုင်အောင် ကြိုးစား





ပါ့မယ်ကွာ၊ ဒါပေမဲ့ တစ်လနှစ်လလောက်တော့ အချိန်ယူမှရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ မောင်တို့မှာ ငွေအဆင်သင့်မရှိဘူးလေ"

"မောင်က ခေါင်းမာလွန်းတာပါ၊ တကယ်ဆို ခေါင့်မှာစုဆောင်းထားတဲ့ငွေလေး နည်းနည်းပါးပါးရှိတာပဲ အနည်းဆုံး အပြင်မှာ တစ်နှစ်လောက်တော့ငှားနေဖို့ လုံလောက်တာပဲ မောင်မှလက်မခံတာ"

မောင့်ကိုစကားနာထိုးတော့ မောင် လူကြီးဆန်သောအပြုံးဖြင့် ပြုံးပြီး ခေါင့်ပခုံးကို ခပ်ဖွဖွဖက်လိုက်သည်။

"မောင့်ရဲ့မာနတွေက အဲဒါကိုလက်ခံဖို့ ဘယ်လိုမှမဖြစ်နိုင်ဘူးလေ၊ မိန်းမတစ်ယောက်ကိုလက်ထပ်ယူမှတော့ မောင့်အစွမ်းအစနဲ့ပဲ မောင့်ဘဝကို ထူထောင်ချင်တယ်"

"အင်းလေ ဒါကတော့ မောင့်သဘောပေါ့၊ ဘာပဲဖြစ်ဖြစ် ခေါင်က မောင်သာ ခေါင့်ဘေးမှာရှိနေရင် ပြီးတာပဲလေ၊ မောင့်မျက်နှာတစ်ရွာထင်ပြီး လိုက်လာမှတော့ မောင့်မိဘကလည်း ခေါင့်ရဲ့မိဘတွေပါပဲ မောင် စိတ်မညစ်ရအောင် အားလုံးနဲ့တည့်အောင် အလိုက်အထိုက်နေပေးပါ့မယ်"

မောင်ကိုယ်တိုင် ထိုကတိကိုမတောင်းပါဘဲနှင့် ခေါင်က ဘာကြောင့်လိုလိုချင်ချင် ပေးမိပါလိမ့်။

ထိုကတိကြောင့် မောင့်ဆီမှ ကျေနပ်ညွှတ်နူးဖွယ်ကောင်းသော အနမ်းတစ်ခုကို ပိုင်ဆိုင်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်နဲ့အတူ အပျိုစင်ဘဝကို ကုန်ဆုံးစေခဲ့တဲ့ညတစ်ညဟာ ခေါင့် အတွက်တော့ သိမ်မွေ့နူးညံ့သောခံစားမှုတွေနှင့် ဖြတ်ကျော်ရမယ့် အစား ဖိုးထိတ်မှုတွေ ရက်စွဲ့မှုတွေနဲ့သာ ခက်ခဲစွာနဲ့ကျော်ဖြတ်ခဲ့ရပါတယ်။

"ဟင့်အင်း မောင်ရယ် ခေါင် ခေါင်တို့ ဒီတစ်ညအဖို့ တစ်ယောက်ကိုတစ်ယောက် ကျောခိုင်းအိပ်လိုက်ကြတာ ပိုပြီးလိပ်ပြာသန့်လိမ့်မယ်ထင်တယ်"

ခေါင့်နားထင်စပ်မှ ဆံစအချို့ကို ပွတ်သပ်ရင်း အနမ်းတွေ ခြွေနေတဲ့ မောင့်ကို တိုးသဲ့သဲ့လေသံမျှင်းမျှင်းဖြင့် ဟန့်တားငြင်းဆန်လိုက်သည်။

"ဟာကွာ ခေါင်ကလည်း ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ ခေါင်တို့ခုတင်နဲ့ မောင့်ညီအိပ်တဲ့ခုတင်က လိုက်ကာတစ်ခုပဲခြားတာလေ၊ ခေါင် ဘယ်လိုစိတ်မျိုးနဲ့ မောင့်အပြုအစုတွေကို လက်ခံရမလဲ၊ အဲလောက်ထိ ခေါင်သတ္တိမရှိဘူး မောင်၊ မောင့်ညီဖုန်း တစ်လုံးနဲ့ အွန်လိုင်းသုံးနေတာ မောင်လည်းကြားသားပဲ"

"သူ့အာရုံနဲ့သူမို့ ဘာသိမှာလဲ ခေါင်ရယ်"

"ဟင့်အင်း ခေါင့်စိတ်က မရဲဘူး၊ တော်ပြီကွယ် အိပ်တော့နော်"

မောင့်နဖူးကို နှစ်သိမ့်အနမ်းခြွေပြီး တစ်ဖက်ကိုလှည့်စောင်းပြီး မောင့်ကိုကျောခိုင်းအိပ်လိုက်သည်။

မောင့်သက်ပြင်းသံသဲ့သဲ့ကို ကြားရပြီး သိပ်မကြာခင်မှာ မောင်





အိပ်ပျော်သွားပါသည်။ တကယ်တမ်း အိပ်မပျော်နိုင်သူကတော့ ခေါင်ပါ။ စိမ်းတောက်သော ဆက်ဆံရေးတွေကြားထဲမှာ ခေါင့်အတွက် နွေးထွေးမှုဆိုတာ ရှိလာကြပါ့မလား။

ဒီလိုအချိန်မှာ မောင့်ဆီက ချစ်ခြင်းမေတ္တာနဲ့နွေးထွေးမှုအပြင် မောင့်မိသားစုဆီက နွေးထွေးသော ဆက်ဆံရေးကိုလည်း တောင့်တမိပါသည်။

မိဘတွေဆုံးပြီး လောကမှာ အထီးကျန်စွာကျန်နေရစ်ခဲ့ရသည့် ခေါင့်ဘဝကို မောင်နားလည်ပေးနိုင်ပေမယ့် မောင့်မိသားစုကတော့ ခေါင့်ကို နားလည်ပေးနိုင်လိမ့်မည်မထင်ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

''ဝုန်း''

''ဒုန်း ခလွမ်း''

နားထဲသို့ စည်ခနဲ တိုးဝင်လာသော ဆူညံညံအသံကြောင့် ခေါင် အိပ်ရာထဲမှ ဆတ်ခနဲ ထထိုင်လိုက်သည်။ ခေါင် ထထိုင်တော့ မောင်ပါ မျက်လုံးပွင့်လာပြီး

''ခေါင် ဘာဖြစ်လို့လဲ''

''အပြင်က ဘာပြုတ်ကျတာလဲမသိဘူး၊ ခေါင် လန့်ပြီးထလိုက်တာ''

''ကြောင်နေမှာပေါ့ ခေါင်ရယ် လာ ပြန်အိပ်''

မောင် ခေါင့်လက်ကိုဆွဲပြီး ပြန်အိပ်စေသည်။ ခေါင် ခြင်ထောင်အပြင်ဘက်တွင်ရှိနေသော နံရံကပ်နာရီကိုလှမ်းကြည့်လိုက်သည်။ မနက် ခြောက်နာရီဆယ့်ငါးဖြစ်နေပြီ။ ပြန်အိပ်၍မသင့်တော်တော့မှန်း ခေါင့်စိတ်





က အသိတရားတစ်ခု တိုးဝင်လာသည်။

''မအိပ်တော့ဘူး မောင်၊ အိမ်မှုကိစ္စဝိုင်းလုပ်ပေးရမယ်လေ''

ခေါင့်လက်ကိုဖွတ်အတင်းဆွဲနေသော မောင့်လက်ထဲမှ ခေါင် ငြင်သာစွာရုန်းထွက်ပြီး ခုတင်ထက်မှဆင်းကာ ခုတင်နှစ်လုံးကို ကာရံထားသော လိုက်ကာကိုဖယ်ပြီး အခန်းအပြင်ကိုထွက်ရန် ခြေလှမ်းအပြင် အမှုမဲ့အမှတ်မဲ့ ရောက်သွားသော ခေါင့်အကြည့်တွေ အံ့သြထိတ်လန့်ရှက်ရွံ့ခြင်းဆီသို့ ကူးပြောင်းကာ မောင့်ဆီသို့ ချက်ချင်းပြန်ဝင်လာလိုက်သည်။

''မောင်ရေ လုပ်ပါဦး''

အိပ်ရာထဲပြန်မှေးနေသော မောင် မျက်လုံးဖွင့်ကြည့်ပြီး

''ဘာဖြစ်လို့လဲ ခေါင်''

''ဘာဖြစ်ရမှာလဲ မောင့်ညီနှစ်ယောက် အိပ်နေကြတဲ့ပုံစံကိုသွားကြည့်ဦး၊ ခေါင်ကိုကလည်း ဘာရယ်မဟုတ်ကြည့်မိတာပါ ရှက်လိုက်တာ''

''မောင့်ညီနှစ်ယောက်မဟုတ်ပါဘူး၊ တစ်ယောက်ထဲပါကွာ''

မောင်လှဲအိပ်နေရာမှ ထလိုက်ပြီး ဇဝေဇဝါဖြင့် ပြန်ငြင်းသည်။ တစ်ယောက်က ဘယ်သူဖြစ်လိမ့်မလဲဟူသောအတွေးကို တစ်ခါထဲတွေးလိုက်ပုံရသည်။

''ကဲပါ ခေါင်အခန်းအပြင်ထွက်ရဦးမယ်၊ မောင့်ညီကိစ္စကိုသွားရှင်းပေးဦး''



www.burmeseclassic.com

www.burmeseclassic.com



ခေါင် အတင်းဆွဲထူ၍ မောင် အိပ်ရာထဲမှ မထချင်ထချင်နှင့် ထပြီး ကာထားသောလိုက်ကာစကိုဆွဲ၍ လှပ်လိုက်သည်။ မြင်ရသော မြင်ကွင်းကြောင့် မောင်ပင်အာမေဋိတ်သံပြုကာ

"ဟာ ဒီကောင်ကတော့ကွာ"

ခေါင် မကြည့်တဲ့ မျက်နှာလွှဲထားပေမယ့် အမြင်မတော်တာတွေ ပေါ်အောင်အိပ်နေသော ညီဖြစ်သူကို တဖတ်ဖတ်ရိုက်နှိုးပြီး လုံလုံခြုံခြုံ အိပ်ဖို့ ခပ်တိုးတိုးသတိပေးနေသော စကားသံတွေကိုတော့ ခေါင် ခပ်သဲ့ သဲ့ကြားလိုက်ရသည်။

ခေါင် ရှေ့လျှောက် ဒီလိုပုံစံမျိုးတွေနဲ့ ဘယ်လိုစခန်းသွားရပါ့ မလဲဟု တွေးပြီး စိတ်တွေလေးလံ၍လာသည်။

"မဖြစ်ပါဘူး နောက်နေ့တွေ သူ့ကိုဘုရားခန်းမှာ အိပ်ခိုင်းမှဖြစ် တော့မယ်၊ ခုလိုမျိုး သူငယ်ချင်းကိုပါ ခေါ်သိပ်တာတော့ သဘာဝမကျဘူး၊ သင့်လည်းမသင့်တော်တော့ဘူး"

ခေါင်ကြားအောင် တမင်ရည်ရွယ်ပြီး ပြောနေဟန်ရှိသော မောင့် တစ်ကိုယ်တော်တီးတိုးပြောသံကို ခေါင် ဝင်ရောက်စွက်ဖက်ပြောဆိုဖို့ စိတ် ကူးမရှိခဲ့။

ဒီကိစ္စက ခေါင် ဝင်ပါရမယ့်ကိစ္စမျိုးမှ မဟုတ်တာပဲလေ။

■ ■ ■

"ရွှေခေါင်ခေါင်"





"ရှင် အစ်မ"

ကိုယ့်ခင်ပွန်းရဲ့အစ်မဟာ ကိုယ့်အစ်မပဲဆိုသည့်စိတ်ဖြင့် ခပ်နွေး နွေးပြန်ထူးလိုက်သည်။

"ငါ ဈေးသွားရမှာမို့ အဖေ့ကို ရေပတ်တိုက်ဖို့ အမေနဲ့သွားကူ ပေးလိုက်စမ်းပါ"

"ဟုတ်ကဲ့ အစ်မ၊ ခေါင် ကူပေးလိုက်ပါမယ်"

အိမ်သားတစ်ယောက်အဖြစ် အသိအမှတ်ပြုသည့်သဘောဖြင့် လုပ်ငန်းတာဝန်ခွဲတမ်းချနေပြီမို့ ခေါင် ကျေနပ်ပါသည်။ ခေါင့်စိတ်ထဲမှာ လည်း မောင့်မိသားစုနှင့် သူစိမ်းဆန်ဆန်နေလိုသောဆန္ဒ တစိုးတစိမျှမရှိ။

အတတ်နိုင်ဆုံးလိုက်လျောညီထွေစွာနေဖို့ ဆုံးဖြတ်ထားပြီးသား။ ထို့ကြောင့် လူမမာယောက္ခထီးနေသည့်အခန်းဆီသို့ လျှောက်လာလိုက် သည်။

"အမေ ခေါင် ဝင်ခဲ့မယ်နော်"

အခန်းဝတွင်ရပ်ပြီး ဝင်ဖို့အသံပြုလိုက်ခြင်းဖြစ်သည်။

"ဘာလုပ်ဖို့လဲ"

အထဲမှမေးသည့်အသံက သိပ်ပြီး ညက်ညောမှုမရှိလှတာကို ခေါင် ရိပ်မိပေမယ့် ဒါဟာစိတ်ထဲထည့်ထားစရာမဟုတ်။ လူတစ်ကိုယ် စိတ်တစ်မျိုးပေမို့ ကိုယ့်ဆန္ဒနဲ့တော့ ဘယ်မှာလာတစ်ထပ်တည်းကျ မှာတဲ့လဲ။

www.burmeseclassic.com



"အဖေ့ကို ရေပတ်တိုက်ပေးမှာမို့ သွားကူလိုက်ဦးဆိုလို့ လာတာပါ အမေ"

"ဝင်ခဲ့ ဝင်ခဲ့"

"ဟုတ်ကဲ့"

အခန်းထဲဝင်ခွင့်ရပြီမို့ အရောင်လွင့်ပြီး ချေးရောင်တက်နေသော ခန်းဆီးလိုက်ကာစကိုဖယ်ပြီး အခန်းထဲဝင်လိုက်သည်။

အခန်းထဲဝင်လိုက်သည်နှင့် ခေါင့်နှာခေါင်းထဲ တိုးဝင်လာသည့် အနံ့ဆိုးကြောင့် ခေါင် ချက်ချင်းပင် ပျို့အန်ချင်သလိုဖြစ်သွားသည်။ အမူအရာ ပျက်မည်စိုး၍ ပျို့အန်ချင်စိတ်ကို မနည်းထိန်းပြီး ခုတင်နားကို လျှောက်လာလိုက်သည်။

အိပ်ရာထက်တွင် ပက်လက်နေနေရသော မောင့်အဖေက ခေါင့်ကို ဝမ်းပန်းတသာ ကြိုဆိုသည့်အမူအရာဖြင့် ခေါင်းဆတ်ပြသည်။

"အဖေ သမီးရွှေခေါင်ခေါင်ပါ"

အိမ်ရောက်ကတည်းက အဖေ့အခန်းထဲ မဝင်ရသေးသဖြင့် ယောက္ခထီးကိုခုမှစ၍ မြင်ဖူးခြင်းပါ။

"အဖေ့ကို မင်းအမေပြောပြပြီးပြီကွဲ့"

လေသံထုံ့နှေးသော အဖေ့လေပယူလေသိမ်းတွေက ကြည်လင်ပီသမှုမရှိ၊ လေဖြတ်ထားသဖြင့် လုံးနေသည့်အသံမျိုး။

"ရွှေခေါင်ခေါင် ခုတင်ခြေရင်းက ညည်းအဖေ အလေးအိုးကို





အိမ်သာထဲ သွားသွန်ပေးစမ်းပါ"

ထင်မှတ်မထားသော ခိုင်းစေမှုကြောင့် ရုတ်တရက် အံ့သြသွားရ သည်။ အင်မတန် အသန့်ကြိုက်သော အင်မတန်ရှုံ့ရှာတတ်သော ခေါင် ယောက္ခမအိမ်အလုပ် ပွဲဦးထွက်မှာ လူမမာရဲ့မစင်အိုးကိုသွန်ဖို့တဲ့လား။

"ဟုတ် ဟုတ်ကဲ့ အမေ"

"အေး ပြီးရင် အိုးကိုဆပ်ပြာနဲ့ သေချာဆေးဦး အနံ့တွေစွဲနေမှာစိုးလို့"

မညှာမတာခိုင်းစေမှုကြောင့် ခေါင် ဟစ်ဟစ်ပြီးသာ ငိုလိုက်ချင်တာပါ။

"ဟုတ်ကဲ့ပါ အမေ"

မလွှဲသာမရှောင်သာ လုပ်ရမည့်အခြေအနေမို့ ရွံရှာစိတ်ကို အောင့်အီးမျိုသိပ်ပြီး မစင်အိုးကို ခပ်ရွံ့ရွံ့လှမ်းယူလိုက်သည်။

မောင်နှင့်အတူ ညကရောက်သည့် ဒီမနက် မျက်စိနှစ်လုံးပွင့်သည်နှင့် မစင်အိုးနှင့်အရင်ဆုံးမိတ်ဆွေဖွဲ့ရသည့် ခေါင့်အဖြစ်ကို ခေါင့်သူငယ်ချင်းတွေသာမြင်လျှင် ဘယ်လိုဝေဖန်ကြလိမ့်မလဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ကိုယ့်သားက သူများသားသမီးကိုယူထားမှတော့ ရပ်ကွက်ထဲ အမြင်လေးတင့်တယ်အောင် မင်္ဂလာဆွမ်းလေးတော့ ကျွေးရမှာပေါ့"

"သားလည်း ခေါင့်ကို အဲဒီလိုတင့်တင့်တယ်တယ်လေး လုပ်ပေးချင်တာပါ အမေ၊ ဒါပေမဲ့ အဖေက ကျန်းမာရေး မကောင်းနေတော့ မင်္ဂလာပွဲလုပ်ဖို့ သင့်တော်မယ်မထင်ဘူး"

မိဘအရေးကို ငဲ့ကွက်သော မောင့်ကို အဲဒီအချိန်တုန်းကတော့ ခေါင် ဘယ်လိုမှဝေဖန်ခြင်းမရှိခဲ့။ ခေါင့်စိတ်ထဲမှာလည်း မည်သို့မျှ မခံစားရ။

"အမလေး သူတာရယ်၊ အဖေ နေမကောင်းတာ ခဏတဖြုတ်ဖျားနာနေတာမဟုတ်ဘူး၊ ရာသက်ပန်လေဖြတ်ဝေဒနာကြီးနဲ့သွားတော့မှာ၊ အဲဒါနဲ့ပဲ နင့်မင်္ဂလာပွဲ ဒီတစ်သက်လုပ်ရမှာမဟုတ်တော့ဘူး၊ ဒီတော့





ငဲ့မနေနဲ့ ငါတို့က အသိမိတ်ဆွေများပြီးသား၊ မင်္ဂလာဆွမ်းကျွေးရင် ဘယ်နည်းနဲ့မဆို အမြတ်အစွန်းရမှာသေချာတယ်"

အစ်မ စကားကြောင့် မောင့်အကြည့်တွေက ခေါင့်ဆီကို ရောက်လာပြီး

"ခေါင်ကရော မင်္ဂလာပွဲလုပ်ချင်လား၊ ဒါမှမဟုတ် မင်္ဂလာဆွမ်းပဲ ကျွေးချင်လား"

"မောင့်သဘောပါ၊ ငွေကုန်ကြေးကျများမယ့်ကိစ္စဆိုရင်တော့ အကျဉ်းချုံးတာကောင်းပါတယ်"

"အို တစ်သက်မှာ တစ်မင်္ဂလာပဲ ရွှေခေါင်ခေါင်ရယ်၊ အမေ့သားက ညည်းကိုခိုးပြေးလာတာဆိုပေမယ့် အမေတို့မိဘတွေအနေနဲ့ လုပ်ပေးရ မယ့်ဝတ္တရားကတော့ ရှိတယ်လေ"

ဒီလိုဆိုတော့လည်း မောင့်အမေက စိတ်သဘောထား ပြည့်ဝသားပဲဟု တွေးပြီး စိတ်ထဲမှကျေနပ်မိပြန်သည်။

"အဲဒါဆိုရင်တော့ အမေ့သဘောပါပဲ၊ ခေါင်က ဘာမှဝင်ပြီး အကြံမပေးရဲဘူး အမေ"

"အမလေး ညည်းအကြံပေးစရာမလိုပါဘူး၊ ဒီကိစ္စကို ငါတို့က ကျွမ်းပြီးသားပဲ၊ မင်္ဂလာပွဲတစ်ပွဲလုပ်ရင် ကိုယ့်အတွက်ဘယ်လောက် ကျန်မလဲဆိုတာ အရင်တွက်ချက်ပြီးမှ စီစဉ်မှာ"

မောင့်အစ်မ ဘာကိုရည်ရွယ်ပြီးပြောသလဲဆိုတာကိုတော့ ခေါင်



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ မသိနားမလည်။

■ ■ ■

"ဗျာ ဆယ်သိန်းတောင်လိုမယ် ဟုတ်လား အမေ"

"ဟဲ့ မင်္ဂလာဆောင်တာနော်၊ အန္တရာယ်ကင်းဆွမ်းတင်မှာ မဟုတ်ဘူး။ အဲဒီဆယ်သိန်းတောင် အကျဉ်းချုံးပြီးလုပ်မှာမို့ အကျယ်သာ ချဲ့ကြည့်လိုက် နှစ်ဆယ်အစိတ်လောက်ကို ကုန်သွားမှာ"

အမေ့စကားကြောင့် မောင်နဲ့ခေါင် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ ခုချိန်မှာ ဆယ်သိန်းမပြောနှင့် ခေါင်တို့လက်ထဲမှာ ငွေတစ်သိန်းပင်ပြည့်အောင်ပါမလာခဲ့။

"အ အမေကလည်း အဲဒီဆယ်သိန်း သားက ဘယ်က သွားရှာရမလဲ"

"ဆယ်သိန်းကျတော့ မရှာနိုင်ဘူး၊ မိန်းမကျတော့ ရှာယူလာတတ်လား"

အစ်မကပါ စကားဝိုင်းထဲဝင်လာပြီး လှော်ပေးနေသည်မို့ မောင်ခေါင်းကိုစုံကုတ်လိုက်သည်။

အစတုန်းကတော့ မိဘတို့ဝတ္တရားရှိသည့်အတိုင်း မင်္ဂလာကိစ္စ စီစဉ်ပေးရမှာပေါ့ဟု ခေါင်းမော့ရင်ကော့ ပြောဆိုခဲ့သော အကြောင်းအရာတွေက သူတို့တာဝန်ယူပြီးလုပ်ပေးမယ်ဆိုသည့်သဘောမဟုတ်ဘဲနှင့် ခေါင်တို့ဆီက မင်္ဂလာစရိတ်တောင်းပြီးလုပ်ပေးမည်တဲ့လား။





"ခုလောလောဆယ် ကျွန်တော်တို့မှာ ဆယ်သိန်းဘယ်လိုလုပ်ရှိမှာလဲ အမေရာ"

"မင်းပြောတော့ မင်း မိန်းမက စာရေးဆရာမဆို"

ယောက္ခမဖြစ်သူ၏အမေးကြောင့် ခေါင်မျက်နှာ ဖျဉ်းခနဲ ပူသွားသည်။ တကယ်ဆို ခေါင်က နာမည်ရစာရေးဆရာမတစ်ယောက် မဟုတ်သေးပါ။ မဂ္ဂဇင်းတွေမှာ တစ်ပုဒ်စ နှစ်ပုဒ်စသာပါဖူးသေးသော ဝါသနာရှင်အဆင့်သာ ရှိသေးသူဖြစ်သည်။

"ခေါင်က စာရေးဆရာမဆိုပေမယ့် ဝါသနာရှင်အဆင့်ပဲ ရှိသေးတာပါ အမေ"

"ညည်းယောက်ျားက အရင်တုန်းက ကြွားထားတာအေ့၊ သူ့ချစ်သူက ငွေကြေးချမ်းသာတယ်၊ စာရေးဆရာမ တစ်ဦးတည်းသောသမီးတဲ့"

"ဟာ အစ်မ ဘာတွေပြောနေတာလဲ"

"ဟဲ့ ငါက လိမ်နေလို့လား၊ နင်ပဲပြောခဲ့တာလေ"

"အဲဒါက ကျွန်တော့်ချစ်သူကို အစ်မတို့အထင်သေးမှာစိုးလို့ ဂုဏ်တင်တာလေ၊ ကိုယ့်အစ်မအကြောင်း ကိုယ်သိလို့ ကိုယ့်ချစ်သူကို မနှိမ်အောင် ကြိုပြောထားတဲ့သဘော၊ တခြားဘာရည်ရွယ်ချက်မှ မပါဘူး"

ခေါင် တစ်မျိုးတစ်မည်ထင်မည်စိုး၍ ခပ်မြန်မြန်ရှင်းပြရအေး



www.burmeseclassic.com

www.burmeseclassic.com



"အေး ဒါဆိုလည်း နင့်မင်္ဂလာစရိတ်ကို လုံလုံလောက်လောက် ထုတ်သုံးအောင် တာဝန်ယူကြလေ၊ အဲလိုမှမဟုတ်ရင်တော့ နင့်မိန်းမကို လမ်းဘေးက ဟင်းရွက်ကန်စွန်းဝယ်သလို သဘောထားလိုက်ပေါ့"

စေတနာထက် အမြင်မကြည်သော စကားအသုံးအနှုန်းတွေက ခေါင့်နားထဲမှာ ကန့်လန့်ဝင်လာသည်။

"အစ်မစကားပြောတာ မဟုတ်သေးပါဘူး၊ ကျွန်တော်ချစ်လို့ယူထားတဲ့ခေါင့်ကို ကျွန်တော်က ဟင်းရွက်ကန်စွန်းလို သဘောထားစရာလား"

ခေါင့်ကိုအားနာ၍ အစ်မဖြစ်သူကို မကျေမနပ်ပြန်ပြောလိုက်သည်။ မောင့်ကိုဒေါသကြောင့် ဘယ်သူနှင့်မှ ပြဿနာမဖြစ်စေလိုပါ။

"အဲဒီဆယ်သိန်းကို ခေါင်ပေးပါ့မယ် အစ်မ"

ခေါင့် စကားကြောင့် မောင်က ခေါင့်ကို တအံ့တသြလှည့်ကြည့်သည်။

"ခေါင် ဘာတွေလျှောက်ပြောနေတာလဲ"

"လျှောက်ပြောနေတာမဟုတ်ပါဘူး မောင်ရဲ့၊ ဟောဒီလက်စွပ်ကလေး ရောင်းလိုက်ရင် အဆင်ပြေပါတယ်"

ဆယ်တန်းအောင်ခဲ့စဉ်တုန်းက အဘွားမွေးနေ့လက်ဆောင်ပေးခဲ့သော စိန်လက်စွပ်ကိုချွတ်ပြီး မောင့်လက်ထဲကို ခပ်ပေါ့ပေါ့ပင် ထည့်ပေးလိုက်သည်။





မောင် အံ့သြလွန်း၍ ပါးစပ်အဟောင်းသားဖြစ်နေချိန် မောင့်လက်ထဲရောက်နေပြီဖြစ်သော စိန်လက်စွပ်ကို မောင်အစ်မက ဖျတ်ခနဲယူကြည့်လိုက်ပြီး

"ပစ္စည်းဆိုတာ မရှိတော့ ဝမ်းစာ၊ ရှိတော့ တန်ဆာတဲ့၊ ဘဝတစ်ခုလုံးအတွက် ဒီလက်စွပ်လေးတစ်ကွင်းနဲ့ မင်္ဂလာယူရမယ့် ငါ့မောင်နဲ့ ငါ့ညီမအတွက် အမှတ်တရလေးပေါ့၊ ဒီတော့ ငါ့မိတ်ဆွေဆိုင်မှာ ဒီလက်စွပ်ကိုရောင်းပေးမယ်၊ ခါတ်သိတွေဆိုတော့ ဈေးမနှိမ်ဘူးပေါ့၊ ဒီအတိုင်းတခြား ဆိုင်မှာသွားသွင်းရင် ဈေးနှိမ်ကြမှာ၊ ညနေကျရင် မပိုရွှေဆိုင်ကိုသွားမယ်၊ ခေါင်ပါလိုက်ခဲ့လေ"

သူ့သဘောနှင့်သူ အစီအစဉ်ဆွဲနေသော မောင့်အစ်မ၏ ရုတ်ချည်းဆိုသလို ချိုသာသွားသောစကားသံတွေကြောင့် ခေါင်စိတ်ထဲမှာ ရွတ်ချလိုက်ပါသည်။

မောင်ကတော့ ခေါင့်ကို အပြစ်တင်သောအကြည့်ဖြင့် အသံတိတ် ရန်တွေ့နေလေရဲ့။ အဲဒီလိုလုပ်စရာမလိုဘူးဟု ကန့်ကွက်သည့်စကားလုံးတွေတော့ မောင့်နှုတ်မှပွင့်အန်ထွက်မလာ။

မောင့်အမေကတော့ အရိပ်အကဲကြည့်ပြီး မင်္ဂလာကိစ္စအတွက် ထွက်ပေါက်ရသွားပြီမို့ ကျေနပ်နေသောမျက်နှာဖြင့် ခေါင့်ကိုကြည့်ပြီး

"ဘာပဲဖြစ်ဖြစ် အမေကတော့ ခေါင့်ကိုချွေးမတော်ရမှာအတွက် ကျေနပ်ပါတယ်၊ အမေ့သား မိန်းမရွေးကောင်းတယ်လို့ပဲ မှတ်ယူတယ်"



www.burmeseclassic.com

www.burmeseclassic.com



စိန်လက်စွပ်တစ်ကွင်းကို ဘဝနှင့်ထပ်တူ အဆစ်ထည့်ပေးလိုက်ရမှတော့ မကျေနပ်လို့ရောရမလားဟု စိတ်ထဲကပဲ ခပ်ငေါ်ငေါ်မေးလိုက်မိပါတယ်။

■ ■ ■



## အခန်း (၄)

"ခေါင် ဘာတွေလျှောက်လုပ်နေတာလဲကွာ၊ ခုလို ပြုန်းစားကြီးလုပ်ချလိုက်တဲ့ ခေါင့်လုပ်ရပ်က မောင့်မျက်နှာကို အကြိမ်ကြိမ် ရိုက်လိုက်သလို ခံစားရတယ် သိလား"

အစ်မဖြစ်သူကို လက်စွပ်ထုတ်ပေးလိုက်၍ မောင် မကျေမနပ်ဖြစ်နေတယ်ဆိုတာ ခေါင်သိနေပေမယ့် တမင်ပင် မသိဟန်ဆောင်ကာ

"မောင့်မျက်နှာကို ခေါင်က ဘယ်တုန်းက ရိုက်လို့လဲ မောင်ရဲ့၊ မဟုတ်တာကို လျှောက်ပြောနေတယ်"

"မဟုတ်တာ လျှောက်ပြောနေတာ မဟုတ်ဘူး ခေါင်၊ မင်းကမိန်းမပါ၊ ယောကျ်ားတစ်ယောက်နဲ့ မင်္ဂလာဆောင်ဖို့အတွက် ဘိုးဘွားပိုင်ရတနာကို ထုခွဲရောင်းချစရာမလိုပါဘူး"

"ဟော့တော် ခေါင်က အဲဒီလိုကြီး ဖြစ်သွားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



တအံ့တသြဟန်ဖြင့် မောင့်ကိုပြန်မေးလိုက်သော ခေါင့်အပြုံးက မချိုမချဉ်အပြုံး။

"ဘာပဲဖြစ်ဖြစ် ခေါင့်လက်စွပ်ကို မောင်အရောင်းမခံဘူး၊ အစ်မဆီက ပြန်တောင်းလိုက်မယ်၊ ခေါင့်ကိုအားနာပေမယ့် မင်္ဂလာကိစ္စကို မောင်တို့ အချိန်ယူပြီးငွေစုကြမယ်၊ ပြီးမှ ခေါင် စိတ်တိုင်းကျ မင်္ဂလာပွဲစီစဉ်ကြမယ်"

အစ်မကို လက်စွပ်ချွတ်ပေးလိုက်သည့်အပေါ် မောင် ဘဝင်မကျ ဖြစ်နေသလို မောင့်ရဲ့ယောကျ်ားမာနကို ရိုက်ချိုးလိုက်သလို ဖြစ်သွားမယ်ဆိုတာ ခေါင်မသိဘဲနေပါ့မလား။ ဒါပေမဲ့ ခေါင် ဒီလိုမှ မလုပ်ရင် ယောက္ခမနှင့်ယောက်မရဲ့ဖိအားပေးမှုတွေက ခေါင့်အပေါ်ကို စုပြုံကျလာတော့မည်။

"ကဲပါ မောင်ရယ်၊ လက်စွပ်ကလေးတစ်ကွင်းလောက်နဲ့ အဲလောက်ဒေါသတွေထွက်ပြမနေပါနဲ့၊ ခေါင့်အတွက်က လက်စွပ်ထက် မောင်က ပိုအရေးကြီးတယ်၊ မောင့်အသိုင်းအဝိုင်း မောင့်မိသားစု အလယ်မှာ ခေါင်ဟာ ခပ်ညံ့ညံ့မိန်းမမဟုတ်သလို မောင်ဟာလည်း ခပ်တုံးတုံးယောကျ်ားမဖြစ်ရဖို့ ခေါင် ဒီလောက်တော့ ရင်းနှီးသင့်တယ် မောင်"

ခေါင့်စကားကို ပြန်လည်တုံ့ပြန်ဖို့ မောင့်တွင် စကားလုံးအဆင်သင့်ရှိဟန် မပေါ်ပါ။ ခေါင့်ကို ခပ်ငူငူကြည့်၍သာနေသည်။





"အစ်မနဲ့ လက်စွပ်ရောင်းလိုက်သွားဖို့ ခေါင် ရေချိုးလိုက်ဦးမယ် မောင်"

မောင့်နဖူးကို အနမ်းခြွေပြီး ခေါင် မောင့်အရှေ့မှ ထွက်သွားသည်။ မောင်ထိုနေရာမှာပဲ ခပ်ငူငူရပ်ကျန်ခဲ့မှာကို ခေါင် လှည့်မကြည့်ပေမယ့် သိနေတာပဲလေ။

■ ■ ■

"ရှင် လက်စွပ်ရောင်းတာ ရှစ်သိန်းပဲရတယ် ဟုတ်လား အစ်မ"

စိန်အရည်အသွေးကောင်းလွန်း၍ ကာလပေါက်ဈေးသိန်းနှစ်ဆယ်လောက်တန်သော စိန်လက်စွပ်ကို ရှစ်သိန်းပဲတန်သည်ဟုပြောပြီး တစ်သိန်းတန်အုပ် ရှစ်အုပ်ချပေးလာသော ယောက်မဖြစ်သူကို ခေါင် တအံ့တသြ မေးလိုက်ခြင်းသာဖြစ်ပါသည်။

"ဟုတ်တယ် ဒါတောင် မိတ်ဆွေအရင်းတွေမို့လို့တဲ့၊ ရွှေက အခေါက်ရွှေဖြစ်နေလို့ ကျောက်က ဘာမှတန်ဖိုးရှိတာမဟုတ်ဘူးတဲ့"

မရိုးသားသော အရိပ်အယောင်တွေဖြင့် ပြောနေမှန်း ခေါင် သိလိုက်ပါသည်။

"အဲဒါ မဖြစ်နိုင်ဘူး အစ်မ၊ အဲဒီလက်စွပ်က သာမန်လက်စွပ်မဟုတ်ဘူး၊ အဲဒါ စိန်လက်စွပ်ပါ၊ နောက်ပြီး ခေါင်နဲ့အတူတူရောင်းမယ်လို့ အစ်မပြောထားပြီး ဘယ်အချိန်တစ်ယောက်ထဲ ထွက်သွားတာလဲ"

ခေါင့်လေသံက နူးညံ့မှုမရှိဘဲ အနည်းငယ် မာနေပုံယောင်ရှိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မောင်ကတော့ အခြေအနေကို ကြိုသိနေသည့်အလားမပြောတတ် မျက်စိမျက်နှာပျက်၍နေသည်။

"အဲဒါက ဘာစကားလဲ ရွှေခေါင်ခေါင်၊ ညည်းလက်စွပ်ကို ငါက ကလိန်ကကျစ်ကျပြီး ရောင်းလာတယ်လို့ ညည်းကစွပ်စွဲချင်တာလား။ ညည်းကို ခေါ်မသွားဘူးဆိုတာ ငါ့ယောက်မလေး သိက္ခာကျမှာစိုးလို့ ခေါ်မသွားတာ၊ စေတနာကိုစော်ကားဖို့မကြံနဲ့"

"ခေါင် စော်ကားတာမဟုတ်ဘူး အစ်မ၊ အဲဒီလက်စွပ်ရှစ်သိန်းပဲ ရတာဆိုရင် ခေါင့်ကို အဲဒီလက်စွပ် ပြန်ယူပေးပါ၊ ခေါင့်မိတ်ဆွေဆိုင်မှာ ခေါင်သွားရောင်းပေးပါ့မယ်၊ ရော့ ဒီရှစ်သိန်းပြန်ယူသွား"

ငွေမရှိ၍ရောင်းရပေမယ့် ခုလောက်ထိ ဈေးနှိမ်တာကရော တရား လွန်လွန်းသည်မို့ ခေါင် ငြိမ်ခံနေ၍မဖြစ်။

"ဟုတ်တယ် အစ်မ၊ ခေါင်ပြောတာမှန်တယ်၊ သိန်းနှစ်ဆယ် ကျော်တန်တဲ့စိန်လက်စွပ်ကို ရှစ်သိန်းနဲ့ဈေးဖြတ်လိုက်တာတော့ တော်တော် နှိမ်လွန်းတယ်"

မောင်ကပါ ကြားကဝင်ပြီးပြောနေသဖြင့် မောင့်အစ်မမျက်နှာ တစ်ပြင်လုံး ညိုမှောင်၍နေသည်။

"ရောင်းလာပြီးမှတော့ ငွေသွားပြန်သွင်းလို့ကောင်းပါ့မလား၊ ဒါ ကလေးကစားစရာမဟုတ်ဘူး။ နင်တို့မကျေနပ်ရင် ငါကပဲ ကြားထဲက နှစ်သိန်းထပ်ဖြည့်ပြီး နင်တို့မင်္ဂလာပွဲကို စီစဉ်ပေးမယ်၊ ငါ့လက်ဖွဲ့လို့





သဘော ထားလိုက်၊ ပြီးပြီးတဲ့ကိစ္စကို ဘာမှထပ်ပြောမနေနဲ့တော့"

"အစ်မကို ခေါင် မေးစရာရှိတယ်"

ပြောပြီးပြေးရန် ပြင်နေသော မမနိုင် ခေါင့်ကို ခပ်စွေစွေကြည့် ရင်း

"ဘာလဲ ဘာမေးမှာလဲ"

"ခေါင့်လက်စွပ်က စိန်လက်စွပ်ဆိုတာကို အစ်မတကယ်မသိ တာလား။ ခေါင်ကလည်း မေ့ပြီးမပြောလိုက်မိဘူး ဒါ ခေါင့်အမှားပဲ"

"အို မသိဘဲနေမလား ရွှေဆိုင်ကလည်း ပြောလိုက်ပြီးသား စိန်အရည်က သိပ်မကောင်းဘူး၊ ဒါကြောင့် ဈေးမပေးတာလို့တောင် ပြောလိုက်သေးတဲ့ဟာ"

ဒါဆို ခေါင် အဲဒီဆိုင်ကိုသွားပြီး ငွေပြန်ပေးလိုက်မယ်၊ ခေါင့် လက်စွပ်ပြန်ယူမယ်ဟုပြောလိုက်ချင်ပေမယ့် မရိုးမသား ကြံစည်ထားသော မမနိုင် လက်ခံမည်မထင်။ ပြဿနာဒီထက်ပို၍ကြီးသွားနိုင်တာကလွဲပြီး ဘာမှ ပို၍ထူးမလာတော့။

"ကောင်းပြီလေ ဒါဆို အဲဒီရှစ်သိန်းကို မောင် သိမ်းထားလိုက် တော့၊ မင်္ဂလာပွဲလည်း လုပ်မနေတော့ပါဘူး၊ ခေါင်က မိဘတစ်ကောင် ကြွက်မို့ မင်္ဂလာပွဲမလုပ်လို့လည်း တမလွန်က ခေါင့်မိဘတွေ အရှက်သိက္ခာ ကျစရာလည်း မလိုတော့ပါဘူး၊ မမနိုင်လည်း လိုတဲ့မင်္ဂလာစရိတ်ရိုက် မနေပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒီထက်ပိုပြီး ထပ်ပြောစရာစကားမရှိတော့၍ ခေါင် မမနိုင်နှင့် မောင့် အနားမှ ထလာလိုက်သည်။

မောင် မမနိုင်ကို ဘာတွေပြောပြီး ကျန်နေခဲ့သည်ဆိုတာလည်း ခေါင် စိတ်မဝင်စားတော့။

ရှေ့ဆက်ပြီး လောဘကြီးသော မောင့်ဆွေမျိုး မိဘတွေနှင့် ရင်ဆိုင်နိုင်ဖို့ အင်အားတွေ အရေးတကြီးလိုပါလားဟု ရင်မောစွာ တွေးလိုက်မိရုံမှအပ ခေါင် ဘာမှထပ်ပြီး မမျှော်လင့်ချင်တော့။

ချစ်သူသက်တမ်း တစ်နှစ်တာကာလအတွင်းမှာ မောင့်မိဘညီအစ်ကို မောင်နှမတွေ၏စိတ်နေသဘောထားစရိုက်ကို မလေ့လာခဲ့မိခြင်းပါ။ ခေါင့်ရဲ့အားနည်းချက်ပါပဲ။

ဒါတင်ဘယ်ကပါ့မလဲ မောင့်ရဲ့အတွင်းစိတ်ကိုပင် ခေါင်ဟာ သေချာဖတ်နိုင်စွမ်းမရှိသေးတာ ခေါင်သာလျှင် အသိဆုံးပါပဲ။

■ ■ ■



## အခန်း (၅)

ဒီညနေ ခေါင့်စိတ်တွေ မကြည်လင်ပေမယ့်လည်း မောင့်ညီမ ယုယ ထမင်းစားလာခေါ်၍ မကြည်လင်သောစိတ်တွေကို ဟန်ဆောင်ဖုံးဖိပြီး မိသားစုထမင်းဝိုင်းဆီသို့ ထွက်ခဲ့လိုက်သည်။

ထမင်းဝိုင်းတွင် ခေါင်နှင့်လူမမာ ယောက္ခထီးကြီးကလွဲ၍ မိသားစုအားလုံး စုံနေပြီ။ မောင်ပင်လျှင် ထမင်းဝိုင်းတွင် အဆင်သင့်ဝင်ထိုင်နှင့်နေပြီ။

''ခေါင် ရေချိုးနေလို့ မောင် လာမခေါ်သေးတာ ခေါင်ရဲ့လာ ထိုင် ဒီနေ့ ခေါင်ကိုယ်တိုင် ထမင်းဟင်းဝင်ချက်ထားတာလို့ အမေကပြောနေတာ''

ခေါင်မှ မီးဖိုချောင်ဝင်မကူလျှင် ယောက္ခမနှင့်ယောက်မတို့ ရေရှည်မှာကြည်ဖြူမတဲ့လား။ မောင့်စကားကို ဘာမှမတုန့်ပြန်ဘဲနှင့်



www.burmeseclassic.com

www.burmeseclassic.com



မောင့်ဘေးမှာ ခေါင့်အတွက် နေရာလွတ်တွင် ဝင်ထိုင်လိုက်သည်။

"ကိုကို ဒီည ဘယ်မှသွားစရာမရှိရင် ကိုကို့ဆိုင်ကယ်ကို ကျွန်တော် ခဏယူသွားမယ်နော်၊ ဘော်ဒါတွေနဲ့ချိန်းထားလို့"

"ငါဒီည ခေါင့်ကို မြို့ဦးဘုရားလိုက်ပို့မလို့ကွ"

ခေါင့်ပန်းကန်ထဲ ဟင်းခပ်ထည့်ပြီး ဆိုင်ကယ်မအားကြောင်း ပြောလိုက်သော မောင့်စကားကြောင့် မောင့်အမေမျက်စောင်းက မောင့်ဆီကို ဒိုင်းခနဲ ရောက်လာသည်။

"သူက သူငယ်ချင်းတွေနဲ့ချိန်းထားပြီးသားလေ၊ မင်းက ဘုရားကို ဒီအတိုင်းလမ်းလျှောက်သွားကြလည်း ရတာပဲ၊ ကိုယ့်ညီကို ဦးစားပေးလို့ငရဲကြီးမသွားဘူး"

အမေ့ဘက်လိုက်စကားကြောင့် မောင် မျက်နှာအနည်းငယ် ပျက်သွားပေမယ့် ဘာမှတော့မပြော၊ ထမင်းကိုသာ ဆက်စားနေ၏။

"အမေ သမီးထမင်းစားလို့ မကောင်းဘူး"

ယုယ ထမင်းကို စိတ်မပါတပါ စားရင်း ညည်းတွားသည်။

"စားမကောင်းရင်မစားနဲ့၊ အကုန်သက်သာတယ်၊ ကုန်ဈေးနှုန်းတွေကကြီးနေတာ၊ စားမယ့်သူတစ်ယောက်လျော့တော့ ပိုကောင်းတယ်"

မမခိုင် ကြက်သားအဖိုက်တုံးကြီးကို သူ့ပန်းကန်ထဲခပ်ထည့်ရင်း ဟိုမလွှတ်ဒီမလွှတ်စကား ဝင်ပြော၍ ခေါင် ထမင်းမျိုမကျချင်တော့။





"မေမေ သမီးကတော့ စားကောင်းတယ်၊ နောက်နေ့ ပုစွန်ထုပ်ဟင်းချက်ကျွေးပါလား"

မမခိုင်သမီး ခင်မေငြိမ်းလေးက ထမင်းကို ပလုပ်ပလောင်း စားရင်း သူစားချင်တာကို ထပ်၍ပူဆာသည်မို့ မမခိုင် လက်ကအငြိမ်မနေဘဲ ခင်မေငြိမ်းခေါင်းကို ဒေါက်ခနဲ ခေါက်လိုက်ပြီး

"စားဖို့တောင် အနိုင်နိုင်ရှာစားနေရတဲ့ဟာကို ညည်းက ပုစွန်ထုပ်စားချင်သေးတယ်၊ နယ်မှာအလုပ်သွားလုပ်နေတဲ့ ညည်းအဖေက ငါ့ကိုငွေတွေအပုံလိုက်ပို့နေတယ်ထင်လို့လား ဟမ်"

"ဟာ အမေကလည်း စားချင်တာကို ပူဆာတာပဲ၊ မကျွေးနိုင်ရင် မကျွေးနဲ့ပေါ့၊ လက်ကဘာဖြစ်လို့ပါရတာလဲ၊ သမီးကရော ဒီအတိုင်း အလွတ်မဲ့ပူဆာပါ့မလားလို့ အမေ့အခန်းထဲက ဗီရိုထဲမှာ ပိုက်ဆံသိန်းအုပ်တွေ ကြွပ်ကြွပ်အိတ်နဲ့တွေ့လို့ ပူဆာကြည့်တဲ့ဟာကို"

ခင်မေငြိမ်းစကားကြောင့် မမခိုင် မျက်စိမျက်နှာပျက်သွားသလို မောင်နှင့်ခေါင်လည်း တစ်ယောက်မျက်နှာတစ်ယောက် ပြိုင်တူကြည့်လိုက်မိကြသည်။

"သမီးကြီး နင် လက်စွပ်ရောင်းရတဲ့ငွေတွေမပေးရသေးဘူးလား"

"သမီး ယူပြီးသွားပြီ အမေ"

အမေ့အမေးကို မမခိုင်မဖြေခင်မှာပင် ခေါင် ဝင်ဖြေလိုက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ မမနိုင် မျက်စိမျက်နှာပျက်စွာဖြင့်

"အမေ့မြေးမြင်တာ ခေါင့်ကိုမပေးရသေးခင် ဗီရိုထဲခဏထည့်ထားတာကိုမြင်တာပါ"

"ဟာ မဟုတ်ပါဘူး ခုပဲမြင်ခဲ့တာ၊ အမေ ထမင်းစားဖို့လှမ်းအော်ခေါ်နေတာနဲ့ ဘယ်နှသိန်းအုပ်လဲဆိုတာ ရေမလို့ မရေရတော့ဘဲ ထွက်လာတာ အဘွား၊ အမေ နှစ်လုံးထီပေါက်တယ်ထင်တယ်၊ ဒါကြောင့် သမီးက ပုစွန်ထုပ်စားချင်တယ်လို့ ပူဆာလိုက်တာပါ"

"ဟဲ့ ကောင်မ ပိတ်စမ်း"

အရိပ်အကဲနားမလည်သူ ခင်မေငြိမ်း၏စကားက မမနိုင်အတွက် ပို၍ထွက်ပေါက်ပိတ်သွားစေပြန်သည်။

ဘယ်သူတွေ ဘယ်လိုပဲထင်ကြ ထင်ကြ ခေါင့်ရင်ထဲက သံသယကတော့ ပို၍ ပို၍ သေချာသွားသည်။ လက်စွပ်ရောင်းရသည့်ငွေကို ခေါင့်ကိုအကုန်မပေးဘဲ သူ ကြားထဲက ဖြတ်ယူထားသေးသည်ဆိုတာပင် ဖြစ်သည်။

ထမင်းဝိုင်းသည် တခဏချင်းမှာပင် တိတ်ဆိတ်သွားကာ ထမင်းကို ခပ်ငြိမ်ငြိမ်စားနေကြ၏။ ထမင်းစားခြင်းကို အရင်ဆုံး လက်စသတ်သူက ခေါင်ပင်ဖြစ်သည်။

"ဟင် တော်ပြီလား ခေါင်၊ ပန်းကန်ထဲမှာ ထမင်းတွေအများကြီး ကျန်သေးတယ်လေ"





"ခေါင် ဗိုက်သိပ်မဆာလို့ပါ မောင်ရဲ့"

အဆင်ပြေသလို ကြည့်ပြောခဲ့ပြီး ကိုယ့်ထမင်းပန်းကန်ကိုင်ပြီး နောက်ဖေးမီးဖိုခန်းရှိရာသို့ ထွက်လာခဲ့လိုက်သည်။

မောင့်မိသားစုရဲ့စရိုက်က ဒီလိုစရိုက်ကြီးပါလားဆိုပြီး ခေါင့်စိတ်ထဲ ယူကြုံမရဖြစ်မိတာတော့ အမှန်ပါ။

ငွေဟာ လူတွေရဲ့စရိုက်ကို ပျက်ပြားစေတယ်ဆိုတာ ခုတော့ ခေါင့်ရဲ့လက်တွေ့ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ခေါင်ရယ် မင်္ဂလာပွဲမလုပ်ဘူးဆိုရင် မေမေတို့က မောင့်ကို ဝိုင်းပြီး အပြစ်ပြောတော့မှာပေါ့"

"မင်္ဂလာပွဲလုပ်ရင်ရော ရတဲ့လက်ဖွဲ့ငွေတွေကို မောင့်အမေနဲ့ အစ်မက အပိုင်သိမ်းမယ်ဆိုတာ မောင်သိရဲ့လား"

ခေါင့်စကားကြောင့် မောင့်မျက်ခုံးနှစ်ဖက် အနည်းငယ်မြင့်တက်သွားပြီး

"ဟင် ခေါင့်ကို သူတို့က အဲဒီလိုလုပ်မယ်ပြောလို့လား"

မောင့်အမေးကြောင့် ခေါင် သက်ပြင်းမောကိုချပြီး ခေါင်းကို ခပ်ဖြည်းဖြည်းခါရင်း

"ခေါင့်ကိုတော့ အဲလိုပြောမလား မောင်ရယ်၊ အငယ်မ ယုယကို မောင့်အစ်မနဲ့မောင့်အမေ ပြောနေတာကို ခေါင် ကြားခဲ့တာ၊ မင်္ဂလာ





ပွဲကရတဲ့ငွေထဲက သုံးပုံတစ်ပုံကို မောင်နဲ့ခေါင်အတွက်ပေးပြီး ကျန်တဲ့နှစ်ပုံကိုတော့ မောင့်အဖေကျန်းမာရေးနဲ့ အိမ်မှာရှိတဲ့ကြွေးပုလေးတွေ ဆပ်ရမယ်တဲ့၊ ခေါင်က မောင့်အဖေရဲ့ရောဂါကိုကုပေးရမှာစိုးလို့ ဒီစကားပြောတာမဟုတ်ပါဘူး မောင်၊ ဒီနေ့ မောင့်အစ်မ ငွေတွေတာတ်ထားတယ်ဆိုတာ မောင်လည်းအသိပဲလေ၊ အဲဒီငွေကိုကျတော့ အသုံးမချဘဲ ခေါင့်ရဲ့အမွေလက်စွပ်ကိုရောင်းပြီး မင်္ဂလာပွဲလုပ် အမြတ်ထုတ်မယ့်ငွေတွေကိုပါ သူတို့မျှော်မြင်နေကြပြီဆိုတော့ ဒါဟာ တရားသလား"

မထူးတော့ပြီမို့ ခေါင်လည်း စိတ်ထဲရှိသည့်အတိုင်းသာ ပွင့်ပွင့်လင်းလင်း ပြောချလိုက်သည်။ မောင့်ကိုတော့ အားနာရဲ့။ သို့သော် ခေါင်က ကိုယ့်စိတ်ခံစားမှုမှန်သမျှကို ရင်ထဲမှာ တစ်ယောက်ထဲခံစားပြီး မျိုသိပ်မထားတတ်။

ပွင့်ပွင့်လင်းလင်းပြောလိုက်ရမှ နေသာထိုင်သာရှိသူဖြစ်သည်။

မောင့်ထံမှ သက်ပြင်းခပ်ဖွဖွချသံ ကြားရသည်။ မျက်နှာပေါ်မှာ မကျေနပ်ရိပ်နှင့် ဒေါသရိပ်တို့ကိုတော့ ရေးရေးလေးတောင် မမြင်မိ။ မိဘညီအစ်ကိုမောင်နှမမို့ မောင် စိတ်မဆိုးရက်တာလား။

"မောင်လည်း စိတ်ညစ်တယ်ကွာ"

"ဘာကိုစိတ်ညစ်တာလဲမောင်၊ အိမ်ထောင်သက် တစ်လ တောင်မပြည့်သေးဘူး၊ ပါစိပါစပ်များပြီး စိတ်ထင်တိုင်းလျှောက်ပြောနေတဲ့ ခေါင့်ကြောင့် စိတ်ညစ်တာလား"



www.burmeseclassic.com

www.burmeseclassic.com



ခပ်ရွှတ်ရွှတ်မေးလိုက်သော ခေါင့်အမေးကြောင့် မောင် ပျာပျာသလဲ ခေါင်းခါပြီး

"မောင့်ကို အဲလိုမထင်ပါနဲ့ ခေါင်ရာ၊ မောင် စိတ်ညစ်တယ်ဆိုတာ မိန်းမတစ်ယောက်ကို ယူတုန်းကယူပြီး အပြည့်အဝတာဝန်မယူနိုင်တဲ့ မောင့်ရဲ့အားနည်းချက်တွေကြောင့် မောင့်ကိုယ်မောင် အပြစ်တင်ပြီး စိတ်ညစ်တယ်လို့ပြောတာပါ၊ တကယ်ဆို မောင်က ခုချိန်မှာ အိမ်ထောင်ဦးစီးတစ်ယောက်အနေနဲ့ အိမ်တစ်ဆောင် မီးတစ်ပြောင်နဲ့ ခေါင့်ကိုတင့်တင့်တယ်တယ် ထားရမှာလေ၊ ခုတော့ မောင့်ရဲ့အားနည်းချက်တွေကြောင့် မောင်ရော ခေါင်ရော အတူတူစိတ်ဆင်းရဲကြပြီ မဟုတ်လား"

"ခေါင့်မှာ အကြံတစ်ခုရှိတယ် မောင်"

"ဘာများလဲ မောင် ပြောကြည့်လေ"

"ခေါင်တို့မင်္ဂလာဆောင်ခံပွဲတွေ ဘာတွေလုပ်မနေတော့ဘဲနဲ့ အဲဒီငွေနဲ့ အိမ်သပ်သပ်ငှားနေလိုက်ကြရင် မကောင်းဘူးလား၊ အဲလိုသာဆို ခေါင် အရမ်းပျော်မိမှာပဲ"

စိတ်ကူးဖြင့် တွေးမြင်ကြည့်လိုက်တာနှင့်တောင် ခေါင်ရင်တွေခုန်နေသည်။

"အမေက လက်ခံမယ်မထင်ဘူး ခေါင်ရဲ့"

အားလျော့သော မောင့်စကားကြောင့် ခေါင် အပျော်တွေ နုံးခွေရှုံ့သွားသည်။





"ခေါင်တို့အိမ်ထောင်ရေးကို မောင့်ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ တည်ဆောက်ခွင့်မရှိဘူးလား မောင်"

"အဲလိုလည်း မဟုတ်ပါဘူး ခေါင်ရယ်၊ မောင်က သားအကြီးဆုံးဖြစ်နေတဲ့အတွက် အိမ်ထောင်ကျတာနဲ့ အိမ်ခွဲဆင်းသွားမယ်ဆိုရင် အိမ်ရဲ့စီးပွားရေးကို ဘယ်လိုလုပ်မလဲ၊ ဖေဖေ အိပ်ရာထဲလဲသွားကတည်းက အိမ်ရဲ့စားဝတ်နေရေးကို မောင်က တစ်ပိုင်တစ်နိုင် ဝင်ထမ်းနေတာမို့ပါကွာ၊ ကိုယ့်ရဲ့မိန်းမနဲ့နှစ်ယောက်ထဲ ကြည်ကြည်နူးနူးနေချင်တဲ့ဆန္ဒ ခေါင့်မှာတင်မဟုတ်ဘူး မောင့်မှာလည်းရှိပါတယ် အဲဒါကိုယုံပေးပါ"

ခေါင့်အတွက် အားရကျေနပ်စရာကောင်းသော အဖြေမဟုတ်ပေမယ့် မောင့်မိဘတွေအတွက်တော့ မောင်ဟာ သားလိမ္မာတစ်ယောက်ဆိုတာကို ခေါင် ခုမှသေချာသိလိုက်ရပါသည်။

ရှိစေတော့ ဒါဟာ ခေါင်ရဲ့ကံကြမ္မာပဲလို့ ခေါင်ဘာသာခေါင် တစ်ဖက်သတ်ဖြည့်တွေးပေးလိုက်ပါသည်။

"မောင့်ကိုစိတ်ဆိုးသွားပြီလား ခေါင်"

ခပ်ငူငူတွေးနေသော ခေါင့်ပခုံးကို မောင်ဟာ ခပ်ဖွဖွဖက်ရင်း ခပ်တိုးတိုးမေးလာသည်။

"ဟင့်အင်း ခေါင်က မောင့်ကိုဘာကြောင့် စိတ်ဆိုးရမှာလဲ၊ ခေါင်တွေးနေတာက ခေါင်တို့သားသမီးရတဲ့အခါ မောင့်လိုသားလိမ္မာလေး ရရင် ဘယ်လောက်ကောင်းလိုက်မလဲလို့ တွေးနေတာပါ"

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချပါ မောင် ရွှေခေါင်ခေါင်ဆိုတဲ့ မောင့်မိန်းမက ၅၂၈ နဲ့ ၁၅၀၀ အချစ်ကို ဘယ်တော့မှ တန်းမညှိဘူး မောင်ရဲ့။

■ ■ ■



## အခန်း (၇)

"မမခေါင် ကိုကို ရုံးက ပြန်မလာသေးဘူးလား"

ခန်းဆီးလိုက်ကာစကို ဆွဲဖယ်ပြီး မေးလာသော သုခအမေးကြောင့် ရေချိုးပြီး သနပ်ခါးလိမ်းနေသော ရွှေခေါင်ခေါင် မလုံမလဲဖြင့် လှည့်ကြည့်ပြီး

"မရောက်သေးဘူး သုခ"

"ဒါဆို ကျွန်တော့်ကို တစ်သောင်းလောက် ခဏပေးပါ မမ၊ မေမေ့ဆီက မုန့်ဖိုးရတော့ ပြန်ပေးမယ်"

ကိုယ့်မရီးဖြစ်သူ လုံချည်ရင်လျားဖြင့် သနပ်ခါးထိုင်လိမ်းနေပါလား၊ ငါ ဒီနေရာမှာ ရှိမနေသင့်ဘူးဆိုသော အသိစိတ်မဝင်သည့်အပြင် သနပ်ခါးလိမ်းနေသော ခေါင့်နားသို့ ရောက်လာပြီး ခပ်တိုးတိုးလေး ပိုက်ဆံလာချေးနေသော သုခကို ခေါင် စိတ်ပျက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတင်မကသေး ရီဝေဝေဖြစ်နေသော မျက်လုံးအကြည့်နှင့် ဘီယာနှံ့ ခပ်သင်းသင်းက ရှိုးသားပါတယ်ဟု ဘယ်လိုပင်ပြောပြော မရိုးသားကြောင်း ပေါ်လွင်နေသည်။ ခုတစ်ကြိမ်ဆိုလျှင်တောင် ခေါင် သည်းခံခွင့်လွှတ်၍ ရသည်။ ခုဟာက တစ်ကြိမ်မကတော့ ခေါင် ရေချိုးသနပ်ခါးလိမ်းတိုင်း သုခ အခန်းထဲတွင် ရစ်သီရစ်သီ လုပ်နေတတ်သည် လိုက်ကာစခြားထားပေမယ့်လည်း ခေါင့်စိတ်က လုံခြုံမှုမရှိသလို အမြဲ ခံစားနေရသည်။

အိပ်ခန်းတစ်ခန်းကို လူပျိုတစ်ယောက်နှင့် အိမ်ထောင်သည် လင်မယား အတူမျှသုံးနေရသည့်အခြေအနေမို့ မောင့်ကို နားပူနားဆာ မလုပ်ဘဲ ငြိမ်နေခြင်းသာဖြစ်သည်။

"အစ်မ အဝတ်အစားလဲဦးမှာမို့ ပြီးရင်ပေးမယ်၊ သုခ ခုလောလောဆယ် အပြင်မှာသွားစောင့်နေလိုက်လေ"

အရယ်အပြုံးမရှိသော မျက်နှာဖြင့် ခပ်မှန်မှန်ပြောလိုက်သည်။ သုခ ခေါင်းကို အသာကုတ်ကာ အခန်းထဲမှ ထွက်သွားသည်။

သုခ ထွက်သွားတော့မှ ခေါင် အခန်းတံခါးကို ဂျက်ပိတ်လိုက်သည်။ ဒါမှ စိတ်အေးလက်အေး အင်္ကျီဝတ်၍ရမှာ။

ဒီပုံအတိုင်းသာ ရှေ့ဆက်သွားလျှင် ခေါင့်အဖို့ အသေကျပ် အနေကျပ်ဖြစ်ရမည့်ဘဝနှင့် ရင်ဆိုင်ရတော့မည်။ စရိုက်တစ်ဘာသာစီ ကွဲထွက်နေသော မောင့်မိသားစုနှင့်အမြန်ခွဲထွက်နိုင်ဖို့ ခေါင် ဒီအတိုင်း





နေ၍မဖြစ်တော့ဟု ကိုယ့်ကိုယ်ကိုယ် တွန်းအားပေးလိုက်သည်။

■ ■ ■

သူငယ်ချင်းတွေဆီသွားပြီး ကိုယ့်ဒုက္ခကို ရင်ဖွင့်ကြည့်သည်။

"ဟယ် သုတ အသိုင်းအဝိုင်းက အဲလိုကြီးလား၊ သုတပုံစံကြည့်တော့ အဆင့်အတန်းမြင့်မြင့်ထဲက ပေါက်ဖွားလာတဲ့သူလိုပဲနော်၊ ပြောပုံဆိုပုံ နေပုံထိုင်ပုံကအစ တကယ့် သူဌေးသားပဲ"

သူငယ်ချင်းအားလုံး ခေါင့်အတွက် ဝိုင်းဝန်းပြီး စိတ်မကောင်းဖြစ်ပေးရှာသည်။

"ဒါဆို သိန်းနှစ်ဆယ်ကျော်တန်တဲ့ နင့်ရဲ့စိန်လက်စွပ်က ရှစ်သိန်းနဲ့ ဈေးဖြတ်ခံလိုက်ရတယ်ပေါ့"

ဆွေဆွေ့အမေးကို ခေါင် စိတ်မသက်မသာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"သူတို့စိတ်ထဲမှာ နင့်ကို အချဉ်လုံးကြီးအိမ်ထဲ လိမ့်လာတယ်လို့ထင်ပြီး နင့်မှာပါသမျှတွေကို ဝိုင်းဖဲ့မယ့်အနေအထားမျိုးကြီးနော်၊ သတိလည်းထားဦး မိန်းမ၊ တော်ကြာ ယောကျ်ားယူပြီးမှ အမွေရထားတဲ့ ရှိစုမဲ့စုလေးတွေ ပဲ့ကုန်မယ်"

နှမြောတွန့်တိုခြင်းအလျဉ်းမရှိဘဲ လူတိုင်းအပေါ် ပေးကမ်းနေကြတတ်သော ခေါင့်အကြောင်းကို သူတို့သိ၍ ပြောနေကြခြင်းဖြစ်သည်။

ခေါင်ကလည်း ခေါင်ပါပဲ စိန်လက်စွပ်ကို အရင်းပြပြီး သူတို့



www.burmeseclassic.com

www.burmeseclassic.com



လောဘကို သိခဲ့သည့်တိုင် မောင့်ကိုချစ်တဲ့စိတ်နှင့် စိတ်ထဲမှာ အာဃာတ မထားခဲ့။ အမှတ်သည်းခြေမရှိဘူးဟု ပြောရမလိုပင်။

"ငါလည်း မောင့်ကိုအိမ်ခွဲနေကြဖို့ ပြောပါတယ်"

"ဟင် အဲဒီတော့ သူကဘာပြောလဲ၊ ခေါင့်သဘောပဲလို့ မပြောဘူးလား"

ယဉ်နုက အားမလိုအားမရဖြင့် သူ့ထင်ကြေးကို ပြောသည်။ ခေါင် မသိမသာမဲ့လိုက်ပြီး

"အမလေး ပြောပါလိမ့်မယ်၊ သူက သားအကြီးဆုံးမို့ သူ့အဖေ အိပ်ရာထဲလဲနေတဲ့အချိန်မှာ ရှောင်လွှဲသွားလို့မရလို့ပါတဲ့"

"ဟွန်း"

ဆွေဆွေ ဟွန်းခနဲ မဲ့သည်။

"နင်က အလျှော့ပေးလွန်းပါတယ်ဟာ၊ ယောကျ်ားတစ်ယောက်ကို ညားခါစမှာချစ်လို့ဆိုပြီး၊ သူတို့အလိုကို စွတ်လိုက်မိပြီဆိုရင် သေချာတယ် အဲဒီမိန်းမ တစ်သက်လုံးဦးကျိုးပြီသာမှတ်"

"ဆွေဆွေပြောတာ ဟုတ်တယ် ခေါင်ရဲ့၊ သူက သူ့မိသားစုကို သိတတ်တာကို ငါတို့အပြစ်မပြောပါဘူး။ ဒါပေမဲ့ သူ့အစ်မကလိမ်ကကျစ်ကျတဲ့ကိစ္စမှာတော့ ဘာမှဝင်မပါတဲ့ အရှုးကွက်နင်းပြတာတော့ နင့်အတွက် မကောင်းဘူး၊ တကယ်ဆို သူက နင့်အိမ်ထောင်ဦးစီးဖြစ်သွားပြီလေ၊ နင့်ပြဿနာက သူ့ပြဿနာပဲမို့ သူ့အစ်မနဲ့သူ ထိပ်တိုက်ရှင်းသင့်





ရင် ရှင်းရမှာပဲမဟုတ်လား"

ယဉ်နု ပြောမှပင် ခေါင်လည်း သတိထားမိသွားသည်။ မောင့်အစ်မ စိန်လက်စွပ်ရောင်းရသည့်ငွေကို ခေါင့်အားအကုန်မပေးဘဲ ဖြော်ထားသည့်ကိစ္စမှာ မောင်ဟာ သူ့အစ်မကို ဘာမှပြန်မပြောဘဲ ခေါင့်ကိုသာ ဖြေသိမ့်ခဲ့သည်။ နောက်ဆုံးတော့ မောင့်မျက်နှာနဲ့ ခေါင်ကပဲ အဆုံးရှုံးခံလိုက်ရသည်။

မောင်ဟာ ခေါင်နဲ့ပတ်သက်ရင် ဘယ်လိုစိတ်မျိုးမွေးနေတာလဲ။ ခုအခြေအနေအရဆို ခေါင့်ကိုတော့ လင်မယားအဖြစ်ပေါင်းသင်းပြီး သူ့မိသားစုကိုတော့ ကာကွယ်ပေးနေသည့်အနေအထားမျိုးဖြစ်နေသည်။

"ဒီမှာ ခေါင် နင်မှတ်ထားဖို့က သားလိမ္မာတွေက မိန်းမတစ်ယောက်အတွက် ဘယ်တော့မှ အိမ်ထောင်ဦးစီးကောင်းမဖြစ်သလို အိမ်ထောင်ဦးစီးကောင်းတွေကလည်း ဘယ်တော့မှ သားလိမ္မာမဖြစ်ဘူးဆိုတာပဲ"

ထိုစကားက ခေါင့်ရင်ဘတ်ကို အဆိပ်ရည်နှင့်လှမ်းပက်လိုက်သလို ခံရခက်လှသည်။

"ဒါဆို ငါ့ယောကျ်ားက ငါ့အတွက် ယောကျ်ားကောင်းတစ်ယောက် မဖြစ်နိုင်ဘူးဆိုတဲ့သဘောပေါ့"

သူတို့ပြောကာမှ မောင်နှင့်ပတ်သက်ပြီး အားလျော့နေသည့် စိတ်ဓာတ်ခွန်အားတွေ မြေပြင်ပေါ် ဘုတ်ခနဲပြုတ်ကျလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ငါတို့အမေတွေ အဒေါ်တွေ ပြောပြောနေတဲ့ဒဿနတစ်ခု ပါဟာ၊ စိတ်ထဲမှာ စွဲနေဖို့မလိုပါဘူး။ ခေတ်ကြီးကိုက ထင်ထားတာတွေ ဖြစ်မလာ မထင်ထားတာတွေဖြစ်နေတဲ့ခေတ်လေ"

"သူတက အဲလိုယောက်ျားဖြစ် မဖြစ်ဆိုတာ ခုချိန်မှာ ဝေဖန်ဖို့ မလုံလောက်သေးဘူး ခေါင်ရဲ့၊ နင် သူ့ကိုစောင့်ကြည့်ရဦးမှာ၊ ဒါပေမဲ့ ငါတစ်ခုတော့ နင့်ကိုသတိပေးချင်တယ်"

"ဘာများလဲ ယဉ်နု"

"သူ့မိသားစု အသိုင်းအဝိုင်းအလယ်မှာ သုတကို လိုတာထက် ပိုပြီး အလျှော့မပေးနဲ့၊ နင်တစ်သက်လုံး အလျှော့ပေးသွားရလိမ့်မယ်"

"အဲဒါတော့ ငါလည်း ထောက်ခံတယ် ခေါင်၊ နင့်ရဲ့အမြဲတမ်း အလျှော့ပေးတဲ့စိတ်ကို ခေါက်ရိုးအကျိုးမခံနဲ့"

ခေါက်ရိုးအကျိုးမခံနဲ့တဲ့လား။ ထိုသတိပေးစကားက မောင်နှင့် ခေါင်ကြားမှာ တကယ်လိုအပ်လို့လား။ ဘာပဲဖြစ်ဖြစ် သူငယ်ချင်းတွေရဲ့ စေတနာနှင့် သတိပေးစကားတွေကိုတော့ ခေါင့်ရင်ထဲမှာ တိတ်တဆိတ် ဝှက်ထားရမှာပင်။

■ ■ ■



## အခန်း (၈)

"ဒါက ဘယ်ကပြန်လာတာလဲ ရွှေခေါင်ခေါင်"

အိမ်ပေါ်တက်တက်ချင်း မာဆတ်ဆတ်လေသံဖြင့် လှမ်းမေး လာသော ယောက္ခမကို အပြုံးဖြင့် လှည့်ကြည့်ကာ

"စာမူသွားပို့တာလေ အမေ"

"ဘာစာမူလဲ"

ရော် ခက်တော့နေပါပြီ။ စာမူသွားပို့ပါတယ်ဆိုကာမှ ဘာစာမူ လဲဆိုတော့ ခေါင် ဘယ်ကစပြောပြရမှန်းပင် မသိတော့။ သူ့သားယူထား တဲ့မိန်းမက စာရေးဆရာမဆိုတာကို မသိသေးတာလား။ အသိအမှတ် မပြုချင်တာလား။

"ဝတ္ထုတိုစာမူလေ အမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အို့အေ အဲဒီအရည်မရ အဖတ်မရတဲ့အလုပ်တွေနဲ့ အချိန်တွေကို လျှောက်ဖြုန်းမနေစမ်းပါနဲ့၊ စာရေးဆရာတွေ ငါတို့ရပ်ကွက်ထဲမှာ သုံးလေးယောက်ရှိတယ် အားလုံး ငမွဲချည်းပဲ"

မျက်နှာသွေးသပ် မညှာမတာပြောလိုက်သော စကားကြောင့် စိတ်ထဲ ဖျဉ်းခနဲဖြစ်သွားပေမယ့် ဒေါသအလျောက် တုန့်ပြန်ဖို့တော့ စိတ်ကူးမရှိ။

ခေါင် ယောက္ခမနား ဝင်ထိုင်လိုက်ပြီး

"စာရေးဆရာတွေက ငွေကြေးမချမ်းသာပေမယ့် အသိတရားကတော့ သာမန်အိပ်စားကာမကျူးနေတဲ့သူတွေထက်စာရင်တော့ အသိတရားချမ်းသာတယ် အမေ၊ နောက်ပြီး လူတွေရဲ့ယုံကြည်မှုတစ်ဝက်ကို ပိုင်ဆိုင်ထားတဲ့ပညာရှင်တွေပဲမို့ ဒီအခွင့်အရေးကို လူတိုင်းမရနိုင်ဘူးလေ၊ အိမ်လည်အတင်းတုတ်ပြီး ထမင်းချက် ဟင်းချက်မိန်းမတွေထက်စာရင်တော့ ခေါင့်ဘဝက တော်သေးတယ် အမေ"

ယောက္ခမမျက်နှာ အိုးမည်းနှင့်အသုတ်ခံရသလို မည်းတက်သွားသည်။

"ရှေ့ခေါင်ခေါင် ဒါဆိုရင် တို့တွေက အလကားမိန်းမတွေပေါ့ ဟုတ်လား"

"ဘာကိုလဲ အမေ"

"အိမ်လည်အတင်းတုတ် ထမင်းချက်ဟင်းချက် မိန်းမတွေဆို





တာလေ"

"ဟော့တော့ ဘုရားရေ အဲဒါ အမေ့ကိုရည်ရွယ်ပြောနေတာမှ မဟုတ်တာ၊ စာရေးတဲ့အလုပ်က အရည်မရ အဖတ်မရဘူးလို့ အမေက ပြောလို့ ခေါင်က ယှဉ်ပြတာပါ၊ ဘယ်သူ့ကိုမှ မရည်ရွယ်ပါဘူး"

"ရည်ရွယ်ပြီး ပြောခွင့်လည်း မရှိပါဘူး၊ ငါကလည်း ဒီစကားကို ပြောချင်လို့ ပြောနေရတာမဟုတ်ဘူး၊ ငါ့သားရဲ့ရုံးတက်တဲ့ ယူနီဖောင်းတွေကို ညည်းမလျှော်ဘဲထားလို့ ငါပြောချင်နေတာ၊ ကိုယ်က မိန်းမပဲအေ ဒီအလုပ်ကတော့ တာဝန်ကျေလုပ်ပေးပေါ့၊ မနက်က ငါ့သား အလုပ်ဝတ်သွားတဲ့ ယူနီဖောင်းဆိုရင် တွန့်ကြေနေတာပဲ၊ မီးပူကိုသေသေချာချာ ပြန်နှအောင်တိုက်မထားဘူး"

ခေါင် မီးပူသိပ်မတိုက်တတ်တာကိုတော့ ကိုယ့်အားနည်းချက်အဖြစ် ခေါင် ဝန်ခံပါသည်။ ယူနီဖောင်း မလျှော်ဘူးဆိုတာကတော့ ခေါင့်အပြစ်မဟုတ်။

"ယူနီဖောင်းလျှော်မလို့ မနက်က အဝတ်တွေထုတ်လာသေးတယ် အမေ၊ မမခိုင် သူ့ခြင်ထောင်တွေလျှော်နေတာနဲ့ ရေချိုးခန်းမအားဘူးဆိုပြီး ခေါင် မလျှော်ဖြစ်လိုက်တာပါ၊ ဒီညနေ ခေါင် ရေချိုးရင်း လျှော်မှာပါ"

ယောက္ခမနှင့်ချွေးမကြားက အဆင်မပြေမှုဆိုတာ ကမ္ဘာဦးကတည်းက ရှိခဲ့တာမို့ ခေါင့်အဖို့တူးပြီး စိတ်မလှုပ်ရှားတော့။



www.burmeseclassic.com

www.burmeseclassic.com



"ခုလျှော်ဖို့မလိုတော့ပါဘူး။ အဝတ်လျှော်တဲ့မအေးကို ငါးလျှော် ခိုင်းလိုက်တယ်၊ သုံးထောင်ကျလို့ ငါ ခဏစိုက်ပေးထားတယ် နောက်မှ ပြန်ပေး"

ခြောက် ငါးနှယ် အဝတ်လျှော်ခ သုံးထောင်ပြန်ရဖို့ အခြေအတင် ပွဲလေးကို ဖန်တီးနေရသေးလားဟု စိတ်ထဲကပဲ တအံ့တဩ ရေရွတ် လိုက်ပါသည်။

"ဟုတ်ကဲ့ ပြန်ပေးပါ့မယ် အမေ"

ခေါင် စလင်းဘတ်အိတ်ထဲမှ တစ်ထောင်တန်သုံးရွက်ကို ထုတ် ပေးလိုက်သည်။ ခေါင် ဒီအိမ်ကိုရောက်ကတည်းက အရာရာကို ငွေ ငွေနဲ့ ငွေလမ်းခင်းနေရတာ ဒီတစ်ကြိမ်ဟာ ပထမဆုံးအကြိမ်မှမဟုတ် တော့တာပဲ။

"ဒါနဲ့ နေပါဦး"

ယောက္ခမရှေ့မှ ထရန်ဟန်ပြင်စဉ် မေးစရာရှိဟန်တူသော ယောက္ခမကိုကြည့်လိုက်သည်။

"ညည်းက မင်္ဂလာဆွမ်းကျွေးကို မလုပ်တော့ဘူးဆို"

"ဟုတ်တယ် အမေ၊ လူချင်းတောင် ပေါင်းသင်းပြီးနေပြီပဲ၊ မင်္ဂလာပွဲထက် ရုံးတက်လက်မှတ်ထိုးတာလောက်နဲ့ပဲ အကျဉ်းရုံးလိုက် ချင်တာပါ၊ ပိုထွက်လာတဲ့ငွေကို ဘဏ်မှာအပ်ထားလိုက်တော့မယ်လေ၊ ခေါင် ကိုယ့်ငွေနဲ့ကိုယ် လုံးချင်းဝတ္ထုထုတ်ဖို့ ရည်ရွယ်ထားလို့ပါ၊ နောက်





ပြီး ဘိုးဘွားအမွေနဲ့ပတ်သက်ပြီး ရောင်းထားတဲ့ငွေနဲ့ မလိုအပ်တဲ့နေရာမှာ အသုံးမချချင်တော့ဘူး"

အေးဆေးတည်ငြိမ်စွာဖြင့် တစ်လုံးချင်းရှင်းပြနေသော ခေါင့် ကိုကြည့်ပြီး ယောက္ခမကြီး နည်းနည်းလေးမျှ ကျေနပ်ပုံမပေါ်။

"ငါက ရပ်ကွက်ထဲဆွေမျိုးထဲ မင်္ဂလာဆွမ်းကျွေးမယ်လို့ စကား ကျွံပြီးနေပြီ၊ ကြမ်းကျွံတာနုတ်လို့ရတယ်၊ စကားကျွံတာ နုတ်လို့မလွယ်ဘူး အဲဒါကို ညည်းသိရဲ့လား"

"သိပေမယ့်လည်း ခေါင်ဘာမှ မတတ်နိုင်ဘူး အမေ၊ ခေါင့် အတွက်ကတော့ မင်္ဂလာစရိတ်ကုန်မယ့်အစား ခေါင့်ဘဝအတွက် အခြေခံ စီးပွားရေးလုပ်ဖို့ အရင်းအနှီးက ပိုပြီးအရေးကြီးတာပါ"

မောင့်မိသားစုနှင့်ပတ်သက်လာလျှင် ခေါင် မပြတ်သား၍မရ တော့။ သူတို့အကျိုးအမြတ်ထွက်ဖို့ မင်္ဂလာပွဲကို ဖွတ်အတင်းစီစဉ်ချင် ကြပေမယ့် ခေါင့်ဆန္ဒမပါဘဲနှင့် သူတို့ဘာမှလုပ်လို့မရ။

ခေါင့်ရှေ့က မောင် ကာကွယ်မပေးမှတော့ ခေါင့်ကိုယ်ခေါင်ပဲ ကာကွယ်ရတော့မှာပေါ့ မောင်ရယ်။

ခေါင် ယောက္ခမရှေ့မှာ ကြာကြာမနေလိုတော့၍ အခန်းထဲသို့ ဝင်ခဲ့လိုက်သည်။ အခန်းထဲတွင် သုခရှိနေသည်မို့ လှမ်းနေသော ခြေလှမ်း အချို့ တွန့်ဆုတ်၍သွားသည်။

ခေါင့်ခြေလှမ်းတွေ ဘာကြောင့်တွန့်ဆုတ်သွားရသလဲဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်င်အခန်းထဲဝင်လာသည်ကို မသိရလောက်အောင် သုခ၏အာရုံတွေသည် blue movie ဟုခေါ်သော မဖွယ်မရာ အချစ်ဇာတ်လမ်းတွေကို ထိုင်ကြည့်နေသောကြောင့်ဖြစ်သည်။

စိတ်ပျက်သော ခြေလှမ်းတွေဖြင့် ခေါ်င် အခန်းထဲမဝင်တော့ဘဲ အိမ်ရှေ့သို့ ပြန်ထွက်ခဲ့လိုက်တော့သည်။

အိမ်ရှေ့ခန်းတွင် ယောက္ခမ၏မှုန်သုန်နေသောမျက်နှာကို ပြန်လည်ရင်ဆိုင်ရပြန်သည်။

ကဲ ဒီအိမ်မှာ ခေါ်င့်အတွက် လုံခြုံမှုပေးနိုင်သောနေရာ ဘယ်နေရာရှိလဲ။

■ ■ ■



## အခန်း (၉)

"ဘယ်လိုလဲ မောင်၊ ခေါ်င်တို့ ဒီအခန်းကျဉ်းကျဉ်းလေးထဲမှာ မောင့်ညီနဲ့မျှပြီး နေရတော့မှာလား။ မောင် တစ်ခုခု မကြံတော့ဘူးလား"

ရုံးကပြန်လာသော မောင့်ကို ဒီအကြောင်းတွေ မပြောပြချင်ပေမယ့် ဒီကိစ္စက မပြောပြ၍မဖြစ်။ ဒါမှ မောင် သူ့ညီကို သတိပေးသင့်တာပေးမှာဖြစ်သည်။

"ဝူး ဒီနေ့ အလုပ်မှာ မောင် အရမ်းပင်ပန်းလာတယ် ခေါ်င်ရယ်၊ အိမ်ပြန်ရောက်တော့လည်း ခေါ်င်က မောင့်ကို နားပူနားဆာတွေလုပ်နေတော့ မောင်လည်း ဘယ်ကစပြီး ပြေလည်အောင်လုပ်ပေးရမှန်း မသိတော့ဘူး"

မောင့်ရဲ့စိတ်မရှည်သော လေယူလေသိမ်းတွေကြောင့် ခေါ်င် မောင့်ကို တအံ့တသြ ကြည့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်က နားပူနားဆာလုပ်နေတာတဲ့လား မောင်၊ အင်းလေ ဟုတ်မှာပါ၊ ခေါင်က မောင့်အတွက် အလိုက်ကန်းဆိုးမသိတဲ့မိန်းမတစ်ယောက်ပါ၊ စိတ်ချ မောင် နောက်ဆိုရင် ခေါင် ခံစားရတာ မှန်သမျှ မောင့်ကို ဘာမှပြောမပြတော့ပါဘူး၊ ခေါင်တစ်ယောက်ထဲ ကြိတ်ပြီး ခံစားပါတော့မယ်"

မောင့်ရှေ့မှာ မျက်ရည်မကျမိအောင်ထိန်းပြီး ခေါင် အခန်းပြင် ထွက်ခဲ့လိုက်သည်။

ခေါင့်ရဲ့ အရင်းနှီးဆုံးယောကျ်ားဖြစ်တဲ့ မောင့်ကိုတောင် ရင်ဖွင့်ခွင့်မရတော့လောက်အောင် ခေါင့်ကံကြမ္မာက ဆိုးဝါးနေပြီလား။ မောင့်ကို အားကိုးယုံကြည်နေတဲ့ ခေါင့်ရဲ့စိတ်တွေဟာ ခါးလယ်ကနေ ရိုက်ချိုးခံလိုက်ရသလို အတုံးအရုံး လဲကျကုန်သည့်နှယ်။ ခံစားချက်တွေက ကုန်းမြင့်ပေါ်ရောက်နေသည့် ငါးတွေနှယ် ဖျတ်ဖျတ်လူး၍နေသည်။

မောင်နှင့်မျက်နှာချင်းမဆိုင်ချင်၍ ရှောင်ထွက်လာရပေမယ့် ကျဉ်းမြောင်းသော မောင်တို့အိမ်ကလေးသည် ခေါင့်အတွက် စိတ်လွတ်ကိုယ်လွတ် ငိုကြွေးဖို့ လုံခြုံမှုပေးနိုင်မယ့်နေရာမရှိ။

အိမ်ရှေ့ဧည့်ခန်း၊ မီးဖိုခန်း၊ ထမင်းစားခန်း၊ အိမ်ရှေ့ဝရန်တာစသည့်နေရာတွေအားလုံးမှာ မောင့်မိသားစုတွေ တစ်ယောက်တစ်နေရာစီမှာ ရှိနေကြသည်။

ဒီတော့ ခေါင် ဘယ်နေရာမှာ စိတ်လွတ်ကိုယ်လွတ် ငိုကြွေးရ





မလဲ။

ဒီတော့ ရင်ထဲမှာပဲ ဟီးချင်းချ ငိုကြွေးလိုက်ရုံပေါ့။

■ ■ ■

ဒီညနေ ခေါင် ထမင်းစားချင်စိတ်မရှိ၍ ထမင်းထွက်မစားဖို့ ဆုံးဖြတ်ထားသည်။

"ခေါင်ရေ ထမင်းစားမယ်လေ ထကွာ"

ရင်ထဲက ခံစားချက်တွေကို ဇာတ်လမ်းတစ်ပုဒ်အဖြစ် **အစပျိုးဖို့အတွက်** စကားလုံးတွေကို စာရွက်ပေါ်မှာ ပုံဖော်ကြည့်နေသော ခေါင့်နားသို့ မောင် ရောက်လာသည်။

မောင့်လေသံက ခေါင်နှင့်မောင် ဘာမှမဖြစ်ထားသလို ကြည်လင်လန်းဆန်းနေသည်။

"ခေါင် နေသိပ်မကောင်းလို့ မစားချင်တော့ဘူး မောင်၊ ကိုယ့်ဘာသာပဲကိုယ် သွားစားလိုက်တော့"

"ကျွတ် ခေါင်ကလည်းကွာ"

ခပ်တိုးတိုး ညည်းတွားပြီး မောင် ခေါင့်အနားမှာ ဝင်ထိုင်လိုက်သည်။

"ခေါင် တကယ် ဗိုက်မဆာလို့ပါ မောင်ရယ်"

"ခုမဆာပေမယ့် ညသန်းခေါင်ကျော်မှာ ဆာနေမှာပေါ့"

"ရတယ် ခေါင် သန်းခေါင်ကျော် ဆာရင်စားဖို့ မုန့်သယ်ထား



www.burmeseclassic.com

www.burmeseclassic.com



တယ်''

စားပွဲပေါ်ရှိ မုန့်ဘူးကို မေးဆတ်ပြရင်း စာမှုတွေကို ဟိုလှန် ဒီလှန်လှပ်ပြီး မောင့်ရှေ့မှာ အလုပ်ရှုပ်ဟန်ဆောင်ပြလိုက်သည်။

''ခေါင် မောင့်ကို စိတ်ဆိုးနေတာလား''

''ဘာကိုလဲ''

''စောစောက မောင် ပြောလိုက်လို့လေ''

''ဟင့်အင်း စိတ်ဆိုးစရာလား မောင့်ဘက်က ကြည့်ရင် မောင် မှန်တယ်လေ၊ ကဲပါ မောင့်အမေတွေ ထမင်းစားစောင့်ရလို့ စိတ်မရှည် ဖြစ်နေကြဦးမယ် သွားစားလိုက်တော့''

ဘာမှမဖြစ်သလို ပြုံးရွှင်သောအမူအရာဖြင့် မောင့်ကို တွန်း လွှတ်လိုက်သည်။ မောင်က ဒီတော့မှ ပြုံးရွှင်သောအမူအရာဖြင့် ခေါင့် နဖူးကိုနမ်းပြီး အခန်းထဲမှ ထွက်သွား၏။

မောင့်ကျောပြင်ကို ငေးကြည့်ပြီး ခေါင့်ရင်ထဲမှာ အမည်မဖော် နိုင်သော ဝေဒနာတစ်ခုက တိုးဝင်၍လာသည်။ မောင့်ရင်ထဲမှာ ခေါင်နဲ့ ပတ်သက်ပြီး အလေးအနက်စဉ်းစားပေးရမယ့် အစီအစဉ်အသစ်တွေ လုံးဝရှိပုံမပေါ်တာ သေချာနေပြီဆိုတာ ခေါင် သိလိုက်ပါသည်။

■ ■ ■



## အခန်း (၁၀)

''ဟင် ခေါင် ဒါဘာလုပ်တာလဲ''

မောင့်အဖေ၏မစင်အိုးကြီးကို အော်ဂလီဆန်စွာ သယ်ထုတ် လာသော မြင်ကွင်းကိုမြင်ပြီး တအံ့တသြ မေးခြင်းဖြစ်သည်။

''အိမ်သာထဲ သွားသွန်ပြီး ဆေးရမယ်လေ မောင်ရဲ့ မမြင်ဘူး လား''

ပြောလည်းပြော အိမ်သာရှိရာ နောက်ဖေးသို့ ခပ်သုတ်သုတ် သွားလည်းသွားနှင့် ခေါင့်နောက်ကို မောင် လိုက်လာသည်။

''ပေး ပေး မောင်သွန်ပေးမယ်''

ခေါင် နလုံးမကောင်းတာ မောင် သိထားသူမို့ အားနာစိတ် ဖြင့် ခေါင့်လက်ထဲမှ သူ့အဖေ၏မစင်အိုးကို လှမ်းယူဖို့ လက်ရွယ်သည်။

''နေတော့ မောင် ခေါင်ပဲလုပ်လိုက်ပါမယ်၊ ဒီအိမ်ကိုရောက်



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ယောက္ခမရဲ့မစင်အိုးကို သွန်နေကျမို့ ကျင့်သားရနေပါပြီ''

ထိုကိစ္စကို မောင် ဘာမှမသိဟန်ဖြင့် ခေါင့်ကို တအံ့တသြ ကြည့်ပြီး

''ဘာ ခေါင်ပဲ ဒါတွေသွန်နေရတာလား၊ ယုယတို့က မသွန် ဘူးလား၊ ဒါကို ဘယ်သူလုပ်နိုင်းတာလဲ အစ်မလား အမေလား''

မောင့်အမေးက ဒေါသသံအနည်းငယ် စွက်၍နေသည်မို့ အမှန် အတိုင်းပြောပြန်လျှင် ခေါင်က ချွေးမပီပီ သားအမိတွေကို ရန်တိုက်ပေး တယ်ဟု ပြောဦးမည်။

''ခေါင် ပြောလေ''

''မောင် တော်တော် အလိုက်ကန်းဆိုးမသိတာပဲ၊ ဒီမေးခွန်းကို ခေါင့်ကိုမေးမယ့်အစား ကိုယ့်မိသားစုကိုပြန်မေးပါလား''

ခေါင့်စကားကြောင့် မောင့်မျက်နှာ အနည်းငယ်တင်းသွားပြီး ခေါင်းအနားမှ လှည့်ထွက်သွားသည်။ ခေါင် မဲ့ပြုံးတစ်ချက်ပြုံးပြီး သန့်စင် ခန်းတံခါးဂျက်ကို ဖွင့်လိုက်သည်။

ရင်ထဲမှာ ဆို့ခနဲ ပျို့တက်သွားသည်။

■ ■ ■

''အမေ ခေါင့်ကို ဘာတွေလျှောက်နိုင်းနေတာလဲ အမေ''

မမခိုင်နှင့် ညှော်ခန်းထဲတွင် စကားတွတ်ထိုးနေသော အမေ ဘာလဲဆိုသည့်အမူအရာဖြင့် မော့ကြည့်ပြီး





''ဘာလဲ မင်းမိန်းမကို အမေက ဘာနိုင်းနေလို့လဲ''

''အဖေ့ရဲ့အိမ်သာအိုးကို သွန်ခိုင်းတာလေ''

''အေး အဲဒါဘာဖြစ်လို့လဲ၊ သူလည်း မိသားစုဝင်ဖြစ်နေပြီပဲ၊ လုပ်သင့်လုပ်ထိုက်တာတော့ လုပ်ပေးရမှာပဲ၊ ဘာလဲ မင်းကို သူက မကျေနပ်တဲ့အကြောင်း ပြောလို့လား''

မမခိုင်က ကြားဖြတ်၍ ရန်လိုစွာ ဝင်မေးသည်။

''ခေါင်က ဘာမှမပြောဘူး၊ သူ့ကိုမေးတော့လည်း ဘာမှမဖြေ ဘူး၊ ဘာပဲဖြစ်ဖြစ် ဒီလိုတော့ မနှိပ်ကွပ်သင့်ပါဘူး၊ ခေါင်က ကျွန်တော့် မျက်နှာနဲ့ ဒီအိမ်မှာလိုက်နေရတာပါ''

သုတမျက်နှာပေါ်မှာ ခေါင့်အတွက် အားနာခြင်းတွေ၊ စိတ် မကောင်းခြင်းတွေနှင့်အတူ မိဘနှင့်အစ်မကိုကြည့်သောအကြည့်နှင့် တုန့် ပြန်သော စကားလုံးတွေက မာဆတ်နေသည်။

''ဟဲ့ သား မင်းဘာတွေဖြစ်နေတာလဲ၊ ဒီကိစ္စက ဘာများ အရေးကြီးလို့လဲ''

''ကြီးတယ် အမေ၊ သားက ခေါင်ကိုချစ်လို့ လက်ထပ်ထားတာ၊ အမေတို့အိမ်မှာ အောက်ခြေသိမ်းလုပ်ဖို့ခေါ်လာတဲ့ အိမ်ဖော်မတစ် ယောက်မဟုတ်ဘူး၊ နောက်ပြီး ခေါင်က စာရေးဆရာမတစ်ယောက်၊ သာမန်မိန်းကလေးတစ်ယောက် မဟုတ်ဘူး''

အမေနှင့်မမခိုင် တအံ့တသြဖြစ်နေကြပြီး မိန်းမယိလို့ နာရ



www.burmeseclassic.com

www.burmeseclassic.com



သလားဆိုသည့်အပြစ်တင်သောအကြည့်တွေဖြင့် မဲ့ကာရွဲကာ ကြည့်လိုက်ကြပြီး

"သုတ မင်းရဲ့မိန်းမ လုပ်ပေးနေတဲ့လူမမာက မင်းရဲ့အဖေနော်၊ မင်းပထွေးမဟုတ်ဘူး၊ မင်းမိန်းမကသိုလ်တောင် ရသေးတယ်"

"ဒါဆိုရင် မမခိုင်ကလည်း ကုသိုလ်ရအောင် ချီးအိုးသေးအိုး သွန်တဲ့အလုပ်ကို ခေါင့်အစားလုပ်ပေးရမှာပေါ့၊ မမခိုင်က သမီးအရင်းပဲ"

သုတ စကားကြောင့် မမခိုင် ဆွေ့ဆွေ့ခုန်၍သွားပြီး

"အမေ အမေ့သား ရန်လာစနေပြီတွေ့လား၊ အစ်မကို ဒီလို တစ်ခါမှ ခံမပြောဖူးဘူး၊ ခုတော့ သူစိမ်းဖက်လို့ ပြန်ခံပြောတဲ့အဆင့်ကို ရောက်နေပြီ၊ နင့်မိန်းမကို အဖေ့ချီးအိုးသွန်ခိုင်းမိတာနဲ့ နင်က မကျေနပ်ဘူးဆိုရင် အိမ်ပေါ်က ဆင်းလိုက်လေ"

ထိုစကားကို အိမ်ထဲမှ ကပျာကယာ ပြန်ထွက်လာသော ခေါင် ကြားလိုက်မိသည်မို့ ထခုန်မတတ် ဝမ်းသာသွားသည်။ ထို့နောက် မောင် နှမကြား သားအမိကြား ဝင်ပါ၍မကောင်းသဖြင့် အခန်းကွယ်မှာ အသာ ရပ်၍ နားစွင့်လိုက်သည်။

မောင့် တက်ခေါက်သံ ခပ်ကျယ်ကျယ်ထွက်လာပြီး ကြမ်းပြင်ကို တဒုန်းဒုန်းနင်းပြီး အိမ်ထဲပြန်ဝင်လာသည့်ခြေသံကိုပါ တစ်ဆက်ထဲ ကြား လိုက်ရသည်။

အခန်းဝတွင် ရပ်နားထောင်နေသော ခေါင့်ကိုမြင်တော့ မောင့်





ခြေလှမ်းတွေ နှေးသွားပြီး

"လာ ခေါင် ဒီမှာ ရပ်နားထောင်နေလို့ စိတ်ချမ်းမြေ့စရာ စကားတွေ ကြားရမှာမဟုတ်ဘူး"

ခေါင့်လက်ကို ဆတ်ခနဲဆွဲပြီး အခန်းဆီသို့ ခြေသံတဒုန်းဒုန်း နင်းပြီး လျှောက်သွားသည့်နောက်ကို ခေါင် ဒရောသောပါး လိုက်ခဲ့ရ သည်။

အိမ်ရှေ့ခန်းမှ မမခိုင်၏ အော်ဟစ်ပြောဆိုသံတွေကို အတိုင်း သားကြားနေရပေမယ့် ခေါင့်ရင်ထဲမှာ ဒေါသတွေထွက်ခွင့်မရှိ၊ ခုတစ်ကြိမ် တော့ မောင်က ခေါင့်ဘက်က မားမားရပ်ပေးသားပဲဆိုသောအသိနဲ့တင် ခေါင် ပျော်လိုက်သည့်ဖြစ်ခြင်း။

ကျေးဇူးတင်ပါတယ် မောင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ရွှေခေါင်ခေါင်"

"ရှင် အမေ"

"လာဦး"

မောင် ရုံးကိုထွက်သွားသည်နှင့် ယောက္ခမဖြစ်သူ၏ မကျေမနပ်ခေါ်သံက အခန်းဝမှ စီခနဲ ထွက်ပေါ်လာသည်။ အတွေးတွေကို စာရွက်ပေါ်မှာချရေးနေသော ခေါင့်အာရုံတွေ ပြန်လည်စုစည်း၍မရတော့မယ့်အတူတူ လက်ထဲမှ ဘောပင်ကို ဒေါက်ခနဲချပြီး အခန်းအပြင်ကို ထွက်ခဲ့လိုက်သည်။

အခန်းဝနှင့် မနီးမဝေး ကုလားထိုင်ပေါ်တွင် ယောက္ခမဖြစ်သူခပ်တင်းတင်းဟန်အမူအရာဖြင့်ထိုင်နေပြီး မလှုပ်တလှုပ်လျှောက်လာသော ခေါင့်ကို သံသယအကြည့်တွေဖြင့် စွေကြည့်သည်။





"ညည်းက ယောကျ်ားကို သိမ်းသွင်းတဲ့ပညာကိုလည်း တတ်တာပဲလား"

ယောက္ခမ ဘာကိုရည်ရွယ်ပြီးပြောသည်ဆိုတာ သိပေမယ့် တစ်ခါတလေ မသိဟန်ဆောင်တာ အကောင်းဆုံးမို့ ဘာမှမသိသလိုဟန်ဖြင့်

"ခေါင်က ဘာကိုသိမ်းသွင်းမိလို့လဲ အမေ"

"ညည်းယောကျ်ားက ညည်းအိမ်သာအိုးသွန်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျုပ်တို့ကို ရန်တွေ့သွားလိုက်တာ"

"အဲဒါ ခေါင်နဲ့ ဘာဆိုင်လို့လဲ အမေ၊ ခေါင်ကို ဘာလို့လာပြောနေတာလဲ"

ခေါင်းငုံ့ငြိမ်ခံနေလျှင် ပိုဆိုးတော့မည်မို့ ပြန်ပြောသင့်ပြောထိုက်တာကိုတော့ ပြောရတော့မည်။

"ညည်း မပြောပြဘဲနဲ့ သူသိမလား"

"သူသိအောင် ခေါင်ပြောတာမှမဟုတ်တာ၊ ခေါင်လုပ်နေတာကို သူ မြင်သွားတာတော့ ခေါင်လည်းမတတ်နိုင်ဘူး အမေ၊ ဒီအိမ်ကို ခေါင်စရောက်ကတည်းက အစစအရာရာ သည်းခံစိတ်မွေးပြီး နေလာတာ အမေတို့အသိပါ"

မထူးတော့ပြီမို့ ပြောချင်တာကို တစ်လက်စတည်း ပြောလိုက်တော့သည်။

"မမခေါင်က ဘာတွေသည်းခံနေရလို့လဲ၊ ယုယတို့ကရော



www.burmeseclassic.com

www.burmeseclassic.com



မမခေါင်ကို ဘာတွေများအနိုင်ကျင့်နေလို့လဲ''

သင်တန်းသွားဖို့ လှတပတပြင်ဆင်ပြီး ထွက်လာသော ယုယ ကပါ ကြားထဲက ဝင်ပြောသဖြင့် ပြဿနာက ပြီးတော့မည်မထင်။

''ဒီအချိန်မှာ ဒါတွေကိုတစ်ခုချင်း ထုတ်ပြောပြနေလို့ရော ခေါင့်ကို အားလုံးကအမြင်ကြည်မှာမို့လား၊ စိတ်ချပါ ခေါင် အားလုံးနဲ့ တည့်အောင်ပေါင်းပေးပါ့မယ်''

ယုယ မျက်နှာမှာ လိုတာထက်ပိုကာ မဲ့ရွဲ့သွားပြီး

''အောင်မလေး စကားပြောပုံကိုက အထက်စီးနင်းဆန်လိုက်တာ၊ ဟွန်း သူများအိမ်မှာလည်း လာကပ်နေသေးတယ်၊ မာနကလည်း တစ်ပြားမှကိုမလျှော့ဘူး၊ ကိုကိုတို့များ ဘယ်လိုမိန်းမမျိုးကို ရှာယူလာသလဲမသိဘူး''

ယုယ စကားက မာနတွေကို ထိခိုက်စေရုံမက ပေါက်ကွဲချင်သော ဒေါသတရားတွေပါ တငွေ့ငွေ့တောက်လောင်လာသည်။

လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်ပြီး ရင်ထဲကဒေါသကို အပြင်ထုတ်မသုံးမိအောင် စိတ်ကိုသတိကပ်လိုက်သည်။

ရွှေခေါင်ခေါင်ဆိုတဲ့မိန်းမဟာ ယောက္ခမတွေ ယောက်မတွေနဲ့ ရန်ဖက်ဖြစ်မယ့်အတန်းအစားမျိုး မဟုတ်ဘူး။

■ ■ ■

''ခေါင် မအိပ်သေးဘူးလား''





စားပွဲတွင် စာထိုင်ရေးနေသော ခေါင့်ကို အိပ်ရာထဲတွင် ဖော့စ်ဘုတ်သုံးနေရင်းမှ မောင်လှမ်းမေးသည်။

''ဟင့်အင်း မအိပ်သေးဘူး မောင်၊ အိပ်နှင့်လေ''

''ည တစ်နာရီကျော်ပြီ ခေါင်ရ''

''အိပ်နှင့်ပါတော့ ခေါင် ဒီအခန်းပြီးမှ အိပ်လို့ရမှာမို့ပါ''

တကယ်ဆိုလျှင် မောင်နှင့်အတူတူ အိပ်ရာကိုမဝင်ချင်၍ ခေါင် တမင်အချိန်ဆွဲနေခြင်းဖြစ်သည်။ ကန့်လကာတစ်ခုသာခြားသော တခြားတစ်ဖက်ရှိ ခုတင်ပေါ်တွင် မောင့်ညီရှိနေသည့်ဆိုသည့်အသိက မောင့်ရင်ခွင်မှာ ခေါင်းတိုးဝင်ပြီး မောင့်ရဲ့အပြုစုအယုအယ အနမ်းတွေကို ရဲဝံ့စွာ မခံယူရဲတာ ခေါင့်ရဲ့မဝံ့မရဲစိတ်ကြောင့်ဖြစ်သည်။

အခြေအနေက ဒီလိုဖန်တီးထားပြီး မောင်နှင့်ခေါင်တို့ရဲ့ချစ်ခင်နှစ်လိုဖွယ် သံယောဇဉ်အချိန်ဖယားတွေကို တအိအိဖြတ်တောက်နေသလို ရင်ထဲမှာ စိတ်မသက်မသာ ခံစားရသည်။

ညစဉ်ညတိုင်း မောင်နှင့်ခေါင်ဟာ ကျောခိုင်းအိပ်ကြရသည့် အချိန်တိုင်း ခေါင် မျက်ရည်ကျမိတာ မောင်သိမည်မဟုတ်။ ခေါင့်မှာလည်း မောင့်ရင်ခွင်ထဲ ခေါင်းတိုးခွေ့ဝင်ပြီး အိပ်ချင်တဲ့ဆန္ဒတွေရှိပါတယ် မောင်ရယ်ဆိုတဲ့ စကားလုံးတွေကို တစ်ယောက်ထဲ ထပ်ခါထပ်ခါ ပြောပြီး ငိုမိတဲ့ညတွေဟာ ခေါင့်အတွက် အင်မတန် ခါးသီးတဲ့ညတွေပါ။ အဲဒီအချိန်တွေမှာ မောင်ကတော့ နှစ်နှစ်ခြိုက်ခြိုက်ကို အိပ်မောကျနေပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



ခံစားမှုတွေက ထပ်ခါထပ်ခါ အသက်ဝင်နေသည်မို့ မျက်လုံးအိမ်မှ မျက်ရည်တို့က စာရွက်ဖြူဖြူပေါ်သို့ သုတ်ခနဲ ကြွေကျလာသည်။

ဒီတော့မှ ကိုယ် ငိုနေမှန်း သတိထားမိတော့သည်။

"ခေါင် ဘာတွေဖြစ်နေတာလဲ"

ဘယ်အချိန်ကတည်းက မောင်ဟာ ခေါင့်အနားကို ရောက်နေသလဲဆိုတာ မသိရလောက်အောင် ခေါင်ဟာ အတွေးတွေနဲ့ နစ်မြောနေမိပါလိမ့်။

"ဘာမှမဖြစ်ပါဘူး မောင်"

"ဒါဆို ဘာလို့ မျက်ရည်ကျနေတာလဲ၊ ခုတစ်လော ခေါင်ကောင်းကောင်းလည်းမအိပ်၊ ကောင်းကောင်းလည်းမစားနဲ့ မောင် သတိထားမိနေတာ ကြာပြီ၊ အိမ်သားတွေနဲ့ ဘာပြဿနာဖြစ်ထားလဲ"

ပါးပေါ်မှ မျက်ရည်စတွေကို သုပ်ပေးပြီး ခပ်တိုးတိုးမေးလာသော မောင့်ကို မငိုမိအောင်ထိန်းပြီး ကြည့်လိုက်သည်။

"ခေါင် ဘယ်သူနဲ့မှ ပြဿနာမဖြစ်ပါဘူး မောင်၊ မဖြစ်အောင်လည်း နေနေပါတယ်၊ စိတ်ချပါ မောင်"

မိုးလင်းကာနေ မိုးချုပ် အိမ်မှုကိစ္စတွေကို ဝိုင်းကူလုပ်ပေးကာ ညဘက်ရောက်မှ စာရေးခွင့်ရသော ခေါင့်အခက်အခဲကိုရော မောင် မသိဘဲနေပါ့မလား။

"မောင့်မိသားစုအပေါ် ခေါင် သည်းခံပြီးနေပေးနေတယ်ဆိုတာ





မောင် မသိဘဲနေမလား ခေါင်ရယ်၊ အဲဒီအတွက်လည်း မောင်က ခေါင့်ကိုကျေးဇူးတင်တယ်၊ နောက်ပြီး ခေါင့်ဆန္ဒကို လိုက်လျောဖို့ကိုလည်း မောင် စဉ်းစားနေပြီ ခေါင်"

ခေါင် မောင့်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ ခေါင် နောက်ကျောမှ မောင်ဟာ သိုင်းဖက်လိုက်ပြီး ခေါင့်နားထင်စပ်မှ ဆံနွယ်စတွေကို မောင် နမ်းရှိုက်သည်။

"ကဲပါ မောင်တို့ အိပ်ကြရအောင်နော် မောင် ခေါင့်ကိုအရမ်းချစ်တယ်၊ မောင်နဲ့ ခေါင်ရဲ့မင်္ဂလာဦးညကို မောင်လိုချင်တယ်၊ ခွင့်ပြုပါကွာ မောင့်ကိုမရက်စက်ပါနဲ့"

"ရက်စက်တာမဟုတ်ပါဘူး မောင်ရယ်၊ ဒီအခန်းကျဉ်းထဲမှာ မောင်နဲ့ခေါင်အပြင် တခြားတစ်ယောက်ပါ အတူရှိနေတဲ့အခြေအနေထဲမှာ ခေါင့်ဘက်က မောင်လိုချင်တာကို မပေးရဲသေးတဲ့အတွက် ခေါင့်မှာ အပြစ်ရှိပါတယ် ဒါပေမဲ့ မောင်ရယ် ခေါင် ရှက်လွန်းလို့ သေသွားနိုင်တယ် မောင်ရဲ့၊ ဒါကြောင့် ခေါင့်ကိုခွင့်လွှတ်ပါ"

မောင့်နောက်ကို လိုက်ခဲ့သည့်နေ့မှစ၍ ယခုအချိန်ထိ ခေါင်ဟာ အပျိုစင်ဘဝလေးကို အရှက်တရားနဲ့ အခြေအနေတစ်ခုကြောင့် ကျားကုတ်ကျားခဲ ဖက်တွယ်နေမိတာ မောင့်ကိုမချစ်လို့မှမဟုတ်တာ။

"ခေါင်လည်း မောင့်ဆန္ဒကို လိုက်လျောချင်စိတ်ဖြစ်မိတာ ရှားမတတ်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်နားလည်ပါတယ် ခေါင်ရယ်၊ ဒါကြောင့် မောင်ကလည်း ခေါင့်ကိုဖွင့်အတင်း မတောင်းဆိုပါဘူး။ ခေါင့်ကို မောင် သနားတယ်၊ ဒါပေမဲ့ ဒီညတော့ မောင်တို့ချစ်ကြရအောင်ကွာ နော် သုခလည်း အိပ်မောကျနေလောက်ပါပြီ"

ထိုင်နေသော ခေါင့်ခန္ဓာကိုယ်ကို မောင်ဆွဲထူဖေးမသည်။ ခေါင် မငြင်းရက်ပေမယ့် ခေါင်းကို တွင်တွင်ခါလိုက်မိပြန်ပါသည်။

"ကျွတ် ခေါင်ကလည်းကွာ"

မောင့်ရဲ့အားမလိုအားမရ ညည်းညူသံထဲမှာ အပြစ်တင်စိတ်တွေ ပါကောင်းပါနေမယ်ဆိုတာ ခေါင်သိပေမယ့် ခေါင်လည်းဘာမှ မတတ်နိုင်ဘူး မောင်။

■ ■ ■



## အခန်း (၁၂)

"ဟင်းအိုးထဲမှာ ငါးဖယ်ဟင်းတွေ တစ်စက်မှမရှိတော့ပါလား"

မီးဖိုခန်းထဲမှ မမခိုင်၏အသံကို အုတ်ကန်ဘေးတွင် အဝတ်ထိုင်လျှော်နေသော ခေါင် ကြားလိုက်ရသည်မို့ လက်တွင်ပေးနေသော ဆပ်ပြာတွေကို ရေဖြင့်ခပ်မြန်မြန်ဆေးပြီး မီးဖိုခန်းရှိရာဘက်သို့ ထွက်ခဲ့လိုက်သည်။

မီးဖိုခန်းထဲဝင်လာသော ခေါင့်ကို မမခိုင် လှည့်ကြည့်ပြီး

"ရွှေခေါင်ခေါင် ဟင်းက ကုန်ပြီလား။ ငါက ဘာနဲ့စားရမှာလဲ"

"ခေါင် မမခိုင်စားဖို့ အိုးထဲမှာ ချန်ထားပါတယ်"

"ချန်ထားရင် ရှိရမှာပေါ့၊ ဒီမှာကြည့် တစ်တုံးတစ်ဖဲ့တောင် မရှိတော့ဘူး"

အိုးကိုစောင်းပြနေသောကြောင့် ခေါင် အံ့သြသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဟော့တော် ဒါဆိုရင် ယုယ သူ့ထမင်းချိုင့်ထဲ အကုန်များ ထည့်လိုက်လားမသိဘူး"

ကျောင်းယူသွားရန်ပြင်ဆင်နေသော ယုယ ထမင်းချိုင့်ကို ခေါင် ကမန်းကတန်း ဖွင့်ကြည့်လိုက်သည်။ ထင်သည့်အတိုင်းပင် ယုယ ချိုင့်ထဲမှာ မမနိုင်အတွက် ချန်ထားသော ဟင်းတွေရောက်နေသည်။

"ဟုတ်တယ် မမနိုင်၊ ယုယ သူ့ဟင်းနည်းလို့ဆိုပြီး ထပ်ထည့်ထားတာဖြစ်မယ်၊ နေပါစေတော့ ခေါင်တို့လင်မယားအတွက် ဖယ်ထားတဲ့ ကိုယ်တာရှိတာပဲ၊ အဲဒါပဲ ယူစားလိုက်တော့လေ"

ခေါင် ဟင်းနှင့်မစားရတာ ဘာအရေးလဲ။ အဖရေးကြီးတာက ကျန်တဲ့အိမ်သားတွေ လောက်လောက်ငငစားရဖို့က အဓိကဖြစ်သည်။

ခေါင့် စေတနာကိုအသိအမှတ်မပြုသောအမူအရာဖြင့် မဲ့လိုက်ပြီး ယုယအခန်းဘက်သို့ လှမ်းအော်သည်။

"ဟဲ့ ယုယ ယုယရေ"

"ရှင်"

ယုယ ကျောပိုးအိတ်လွယ်ပြီး မီးဖိုခန်းထဲမှ ထမင်းချိုင့်လာယူရင်း လှမ်းထူးသည်။

"နင် ဟင်းတွေအကုန်ထည့်သွားတယ်ဆို"

မမနိုင် အမေးကြောင့် ယုယအကြည့်တွေက ခေါင်ထံသို့ ဒိုင်းခနဲရောက်လာသည်။





"မထည့်လို့ရမလား၊ ယုယက လူကြားထဲမှာ ထမင်းစားရမှာ ငါးဖယ်သုံးတုံးနဲ့ ဘယ်လိုစားမလဲ ဒုက္ခပါပဲ ဒီအိမ်မှာ အရင်လို ဟင်းတောင် ဝဝလင်လင် မစားရတော့ပါလား"

ထမင်းချိုင့်ကို ဆောင့်ခနဲ ဆွဲယူပြီး ခပ်ဆောင့်ဆောင့်ထွက်သွားသော ယုယကျောပြင်ကို စိတ်မောစွာကြည့်ရင်း ကျန်ခဲ့သူက ခေါင်ပဲဖြစ်သည်။ ထိုအခြေအနေကို မမနိုင်ကလည်း အလွတ်မပေး။

"အေးဟေ့ အရင်လို ဝဝလင်လင် မစားရတော့ဘူးဆိုတော့ အရင်တုန်းကလို ကိုယ့်မိသားစုတွေချည်းပဲနေတော့တာမှမဟုတ်တာ၊ သူစိမ်းကဖက်လာပြီပဲ၊ ဒီတော့ မရှိရှိတာ မျှတစားရမှာပဲ မစားနိုင်ရင် ကိုယ့်မှာရှိတဲ့ငွေကို ကျစ်မထားနဲ့၊ အိမ်စရိတ်ထဲထည့်သုံး"

ယုယကိုပြောသလိုလိုနှင့် ခေါင့်ကိုပြောနေမှန်း ခေါင်သိပါသည်။ မင်္ဂလာမဆောင်ဘဲ သိမ်းထားသည့်ငွေရှစ်သိန်းကို သူတို့မျှော်လင့်နေပုံရသည်။

ထိုငွေကိုတော့ ဘယ်နည်းနှင့်မျှ ခေါင် ထုတ်မသုံးနိုင်ပါ။ ထို့အတွက်ကြောင့် မောင် ရသမျှလစာကို ခေါင် အပိုင်မစီးပဲ မောင့်အမေကိုသာ အကုန်ပေးခိုင်းသည်။

တကယ်ဆို ခေါင်လည်း ယောကျ်ားတစ်ယောက်၏ဝင်ငွေကို ကာမပိုင်ဇနီးမယားတစ်ယောက်အနေနှင့် ပိုင်ဆိုင်သင့်သည်ပဲ။ သို့သော် ထိုလောဘကို ခေါင် ပယ်သတ်နိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အရာရာကို ရှောင်ရဲတင်းတိမ်နိုင်ခဲ့သည်။ ဒါတောင် သူတို့ ခေါင့်အပေါ်မှာ အမြင်မကြည်နိုင်ကြသေးသည့်အရိပ်တွေ သိသာထင်ရှား နေ၍ ခေါင် ဘယ်လိုနေရမှန်းပင် မသိတော့။ ဒီတော့ တိတ်ဆိတ်စွာဖြင့် ပင် အဝတ်လျှော်ဖို့ ပြန်ထွက်လာလိုက်သည်။

မောင့်အိမ်တွင် နေနေသမျှ ကာလပတ်လုံး မည်သူနှင့်မျှ ပြဿနာမဖြစ်လိုပါ။ ကတောက်ကဆ မဖြစ်လိုပါ။ မောင့်ကိုလည်း မိသားစု နှင့်မိန်းမကြားတွင် ဗျာများရသူတစ်ယောက်အဖြစ်မျိုး မကြုံစေချင်တာ ခေါင်ရဲ့ဆန္ဒအမှန်ပါ။

ပြဿနာကိုရှောင်တိမ်းနေသည့်ကြားက ပြဿနာတွေက ခေါင် နှင့်အမြဲထိပ်တိုက် ရင်ဆိုင်တိုးရသည်။ သို့သော်လည်း ခေါင် ရအောင် ရှောင်ပါမည်။

မရှောင်နိုင်သည့်အဆုံးမှာတော့ ခေါင် ဒီအိမ်ကနေ တိတ်တ ဆိတ် ထွက်သွားဖို့ ဆုံးဖြတ်မှာပါ။

■ ■ ■

အဝတ်လျှော် ရေမိုးချိုးပြီးတာနှင့် ခေါင် အခန်းထဲမှ မထွက် တော့။ ထမင်းထွက်စားချင်စိတ်လည်းမရှိ၍ မောင် ရုံးကပြန်မလာမချင်း အခန်းထဲမှာ စာထိုင်ရေးနေတော့မည်ဟု ဆုံးဖြတ်ကာ စာရေးစားပွဲ စထိုင်လိုက်သည်။

ရေမိုးချိုးပြီးစမို့ ခန္ဓာကိုယ်က လန်းဆန်းနေပေမယ့် စိတ်က





မလန်းဆန်း။ ခံစားမှုတွေက ချောင်ပိတ်မိနေသလို ထွက်ပေါက်မရှိသလို ဖြစ်နေသည်။

ခေါင်းထဲမှ စကားလုံးတွေကို အတင်းထုတ်ကြည့်သည်။ စိတ် ကူးတည့်ရာ ထွက်လာသမျှ စကားလုံးတွေ စာရွက်ပေါ်မှာ ချရေးသည်။ အသက်မဝင်လှ။

ဘောပင်ကို ဒေါက်ခနဲချကာ စားပွဲပေါ် ခေါင်းအပ်ပြီး မှောက် အိပ်လိုက်သည်။

အတွေးထဲမှာ ခေါင်းထဲမှာ အာရုံထဲမှာ အမည်မဖော်နိုင်သော သောကစုတွေက မထွေးနိုင်မအန်နိုင်။

မျက်လုံးတွေကို ဖွတ်မှိတ်ပြီး အိပ်ပျော်အောင်အိပ်ကြည့်သည်။ အိပ်၍မရ။ ဒီတော့ အွန်လိုင်းသုံးကြည့်မယ်ဟူသောအတွေးက လှစ်ခနဲ ပေါ်လာသည်။ ဒီရက်ပိုင်းတွေမှာ ခေါင်အလုပ်တွေမအား၍ အွန်လိုင်း မသုံးဖြစ်။ သူငယ်ချင်းတွေနှင့်လည်း စာအပြန်အလှန် မပို့ဖြစ်။

သူငယ်ချင်းတွေ ဘာတွေလုပ်နေကြသလဲဆိုတာ သိရလျှင် ခေါင့်အတွက် စိတ်ပြေလက်ပျောက်ဖြစ်တန်ကောင်းပါရဲ့။ ထိုအတွေးနှင့် အတူ အင်တာနက်ဖွင့်ပြီး ဖေ့(စ်)ဘွတ်သုံးရန် ဖွင့်လိုက်သည်။

အင်တာနက်ဖွင့်လိုက်သည်နှင့် ဘယ်အချိန်ကတည်းက ပို့ထား မှန်းမသိသော စာတွေက တန်းစီ၍ တက်နေသည်။ စုစုပေါင်း မက်ဆေ့ချ် သုံးစောင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်စောင်က အွန်လိုင်းပေါ်က သူငယ်ချင်းနှစ်ယောက်ဖြစ်ပြီး ကျန်သည့်တစ်စောင်ကိုပို့သောသူကိုတော့ ခေါင် မသိ။ ဒါ့အပြင် မြန်မာနာမည်နှင့်မဟုတ်ဘဲ Paul Charles ဟူသော အမည်နှင့်အနောက်တိုင်းအမျိုးသားတစ်ယောက်ဖြစ်နေသည်။

ခေါင့်စိတ်ထဲ အထူးအဆန်းဖြစ်နေ၍ Paul Charles ၏ မက်ဆေ့ကို အရင်ဖွင့်ဖတ်လိုက်သည်။ အင်္ဂလိပ်လိုရေးထားသော စာတွေဖြစ်ပေမယ့် ခေါင် ကောင်းကောင်းဖတ်နိုင်သည်မို့ စိတ်ဝင်တစား ဖတ်လိုက်သည်။

သူ့စာထဲတွင် ခေါင့်ကိုတွေ့ရတာ ဝမ်းသာသည့်အကြောင်း၊ ယဉ်ကျေးသော မြန်မာအမျိုးသမီးနှင့် မိတ်ဆွေဖြစ်လိုကြောင်းနှင့် သူ့ကို ခင်မင်ခွင့်ပြုပါဆိုသည့်အကြောင်းအရာကို ရေးထားခြင်းဖြစ်သည်။

ရွှေရောင်ဆံပင်နှင့် အသက်လေးဆယ်ခန့်ရှိပြီဟု ထင်ရပြီး လူရည်သန့် ခန့်ညားသော ရုပ်ရည်ပိုင်ရှင်မို့ ခေါင်ကလည်း မိတ်ဖြစ်ဆွေဖြစ် အနေဖြင့် Mr.Paul ၏ ခင်မင်မှုကို လက်ခံကြောင်း စာပြန်ပို့လိုက်မိပါသည်။

ခေါင် ပို့လိုက်သော စာတိုကလေး Mr.Paul ဆီရောက်သွားပြီး သိပ်မကြာလိုက် နောက်ထပ် သူ့ထံမှ ပြန်ပို့သည့်စာတစ်စောင် ခေါင့် မက်ဆေ့ဘောက်ထဲသို့ ကလုံဟူသောအသံလေးဖြင့် တက်လာသည်။

ခင်မင်မှုကို လက်ခံပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း သူ





အထီးကျန်နေတဲ့အချိန်မှာ မိတ်ဆွေသစ်တစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရတာဟာ ဘုရားသခင်က သူ့ကိုကောင်းချီးပေးတာဖြစ်ကြောင်း စာပြန်ပို့သည်။

ခေါင် သူ့ရေးပို့လိုက်သော အင်္ဂလိပ်စကားလုံးတွေ အစီအရီဖြင့် တင့်တယ်နေသော စာကိုဖတ်ပြီး ပြုံးလိုက်မိပါသည်။

"ရှင်က အထီးကျန်နေတာ ခေါင်က သောကတွေနဲ့ အကျည်းတန်နေတာပါ"

စိတ်ထဲက ခပ်တိုးတိုးပြောပြီး ကျွန်မကလည်း သောကတွေနဲ့ ခံစားမှုတွေ အကျည်းတန်နေတာပါဟူသော စာကြောင်းကိုရိုက်ပြီး ပြန်ပို့ကာ တခြားသူငယ်ချင်းတွေ၏စာတွေကို ဖွင့်ဖတ်လိုက်သည်။

အားလုံးသိစေချင်နေတာက ခေါင်တစ်ယောက် သုတတို့အိမ်မှာ နေရတာအဆင်ပြေရဲ့လားဟူသော မေးခွန်းမျိုးတွေပဲဖြစ်သည်။

သူငယ်ချင်းတွေကို အမြဲ ရင်ဖွင့်တိုင်ပင်နေကြမို့ ယခု ခေါင် ကြုံတွေ့နေရသော ပြဿနာကို အကျဉ်းချုံးပြီး စာရေးပို့လိုက်သည်။

ဖုန်းဆက်ပြောနေလျှင် ဒီအိမ်ကလူတွေ ကြားနိုင်သည်မို့ ယခုလို စာတိုတွေပို့ပြီး ပြောရတာ ပို၍လုံခြုံမှုရှိသည်ဟု ခေါင်ထင်ပါသည်။

သူငယ်ချင်းတွေဆီ စာပြန်ရိုက်ပို့နေစဉ် Mr.Paul ဆီမှ မက်ဆေ့ဝင်၍လာပြန်သည်။

ခေါင် စာရိုက်နေရ၍ ဖွင့်မဖတ်အားသေး။

■ ■ ■

www.burmeseclassic.com

## အခန်း (၁၃)

မောင့်ကို ထမင်းစားစောင့်ရင်းနှင့် ခေါင် စာရေးနေတာ ညဆယ်နာရီပင် ထိုးနေပြီ မောင် မရောက်သေး။ တစ်ခါမှ နောက်မကျဘူး၍ ခေါင် စိတ်ပူစပြုနေသည်။

ထို့ကြောင့် ဖုန်းခေါ်ကြည့်သည်။ ဖုန်းက စက်ပိတ်ထားသည်နှင့် တိုးနေသည်မို့ ဖုန်းခဏချပြီး ထမင်းစားရန် အခန်းအပြင်သို့ထွက်ခဲ့လိုက်သည်။

"ရွှေခေါင်ခေါင် သုတ ပြန်မရောက်သေးဘူးလား"

"မရောက်သေးဘူး အမေ"

လှူမမာ အခန်းထဲမှ ထွက်လာသော ယောက္ခမကို လှမ်းဖြေပြီး ထမင်းစားခန်းထဲဝင်ပြီး ထမင်းစားရန်ပြင်လိုက်သည်။

သုခပါ ထမင်းစားခန်းထဲ ဝင်လာသည်။





"မမခေါင် ကျွန်တော်လည်း ထမင်းစားမယ်"

အပြင်က ခုမှပြန်လာပုံပေါက်သော သုခ ထမင်းဝိုင်းမှာဝင်ထိုင်ပြီး ထမင်းစားဖို့ပြောသဖြင့် တစ်လက်စထဲ ထမင်းပြင်ပေးလိုက်သည်။

"မမခေါင် ဒီနေ့ ထမင်းစားနောက်ကျတယ်နော်၊ ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား"

"ကောင်းပါတယ် သုခရဲ့၊ မောင့်ကို စောင့်နေလို့ ထမင်းစားနောက်ကျနေတာ၊ ခုချိန်လောက်ဆို သူလည်း စားပြီးမှပြန်လာလောက်တော့မှာမို့ ခေါင်လည်း စားလိုက်တော့တာ"

"မမခေါင်က ကိုကို့ကိုအရမ်းချစ်တယ်နော်၊ မိုက်တယ်၊ ကျွန်တော်လည်း မမခေါင်လိုရုပ်ချောပြီး လင်ယောကျ်ားအပေါ် ဂရုစိုက်တဲ့ ဇနီးကောင်းမျိုးရရင် သိပ်ကောင်းမှာ"

ဒီညမှာ ထူးထူးခြားခြား စကားတွေ ဖောင်ဖွဲ့အောင်ပြောနေသော သုခကို ထမင်းစားရင်း အလိုက်အထိုက် စကားပြန်ပြောနေရသည်။

"ဖူးစာပါရင် ရမှာပေါ့၊ အမိကက တစ်ယောက်အပေါ်တစ်ယောက် စာနာနားလည်ပေးနိုင်ဖို့ပါပဲ၊ အိမ်ထောင်တစ်ခုမှာ တစ်ဖက်သတ်မဆန်ဘဲ နှစ်ဦးနှစ်ဖက်မျှမျှတတနဲ့ တစ်ယောက်လိုအပ်ချက်တစ်ယောက်ဖြည့်ဆည်းပေးမယ်ဆိုရင် မသာယာတဲ့အိမ်ထောင်ရေးမရှိပါဘူး"

"ဟား ဂွတ် သိပ်ကောင်းတာပေါ့ မမရဲ့၊ ဒါကြောင့် မမက စာရေးဆရာမဖြစ်နေတာလား မသိဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



သုခ ထမင်းကို ဟုတ်တိပတ်တိမစားဘဲ ခေါင့်ကို စကားတွေဖောင်ဖွဲ့အောင်ပြောနေသည်။ ခေါင့်မှာသာ အဆာလွန်နေရသည့်အထဲ စကားပြောရင်း ထမင်းစားနေရ၍ စားမကောင်း။

''ဘာဆိုင်လဲ သုခရဲ့''

''ဆိုင်တာပေါ့ မမက တော်ကီလည်း ညက်တယ်၊ ဒါကြောင့်ကိုကိုက နိုက်သွားတာနေမှာ''

ထိုစကားကိုတော့ ခေါင် အလိုက်အထိုက် လိုက်၍ပြောမနေတော့။

ပန်းကန်ထဲမှ ထမင်းကိုခပ်မြန်မြန်စားပြီး မီးဖိုချောင်ထဲမှ သိမ်းစရာရှိတာကို သိမ်းဆည်းဆေးကြော၍ ဘေစင်ရှိရာသို့ ဆေးမည့်ပန်းကန်အချို့ကို သယ်လာလိုက်သည်။

''မမ ပေး ပေး ကျွန်တော် ဆေးပါ့မယ်''

ခေါင့်လက်ထဲမှ ဆေးဖို့ပန်းကန်အချို့ကို သုခ အလိုက်တသိဖြင့် လှမ်းယူသည်။ ခေါင်က လက်မခံ ပြန်ဆွဲယူသည်။

''နေပါစေ ခေါင်ပဲ ဆေးလိုက်ပါမယ်''

''ဟာ မဟုတ်တာ ပေးပါ ကျွန်တော်က အငယ်ပဲ ကျွန်တော်ဆေးပါ့မယ်''

ခေါင့်လက်ကို ဖွတ်အတင်းဖယ်ပြီး သူ ဆေးမယ်ချည်းလုပ်နေသော သုခထံမှ ဘီယာနံ့က တစ်ချက်ဝေ့လာသည်။ ခေါင် ဒီထက်ပိုပြီး





ငြင်းမနေချင်တော့၍ သုခလက်ထဲသို့ ဆေးမည့်ပန်းကန်တွေ ပေးလိုက်သည်။

သုခ ဘေစင်မှာပန်းကန်တွေဆေးနေတုန်း ထမင်းစားပွဲပေါ်မှာ ရှင်းစရာရှိတာ ခပ်မြန်မြန်ရှင်းပြီး အခန်းထဲ ပြန်ဝင်လာလိုက်သည်။

ထိုအချိန်ထိ မောင် ရောက်မလာသေး။ အခန်းနံရံမှာ နာရီကိုကြည့်လိုက်တော့ ညဆယ့်တစ်နာရီပင် ထိုးတော့မည်။ ခေါင် စိတ်ပူစပြုနေပြီ။ ထို့ကြောင့် မောင့်ဖုန်းကို အလီလီခေါ်ကြည့်တော့လည်း စက်ပိတ်ထားသည်ကလွဲ၍ ဘာမှပိုမထူးခြား။

ဒီည မောင်ပြန်မလာမချင်း ခေါင် အိပ်ရဖွယ်မရှိတော့ အိပ်လည်းအိပ်ချင်စိတ်မရှိ။

မောင့်အကြောင်းတွေးပြီး စားပွဲတွင် စိတ်ဂနာမငြိမ်စွာ ထိုင်နေတုန်း ဖုန်းမှ မက်ဆေ့ဝင်လာ၏။ ခေါင် အင်တာနက်မပိတ်မိ၍ မက်ဆေ့သံ ထွက်ပေါ်လာခြင်းဖြစ်သည်မို့ ဘယ်ကများ မက်ဆေ့ပို့သလဲဟူသော သိချင်စိတ်ဖြင့် ဖွင့်ကြည့်လိုက်သည်။

''မင်္ဂလာပါ ရွှေခေါင်ခေါင်''

Mr.Paul ဆီမှ မြန်မာလို နှုတ်ဆက်လာသော စာကြောင့် ခေါင် အံ့ဩသွားသည်။ ထို့ကြောင့် ခေါင်လည်း ဝမ်းသာအားရဖြင့် မြန်မာလို ပြန်၍ပို့လိုက်သည်။

''မင်္ဂလာပါ Mr.Paul ''



www.burmeseclassic.com

www.burmeseclassic.com



"မအိပ်သေးဘူးလား ဒီအချိန်ဆို မြန်မာပြည်မှာ သာယာလှပတဲ့ ညချမ်းနှင့်အတူ မြန်မာတွေအိပ်စက်နေကြပြီလေ"

"ခေါင် စာရေးနေလို့ မအိပ်သေးပါဘူး၊ ရှင်က မြန်မာစာကိုလည်း ကျွမ်းကျွမ်းကျင်ကျင် ရေးတတ်သားပဲ"

"ကျွန်တော် မြန်မာစာ သင်ဖူးပါတယ်၊ မြန်မာစကားကိုလည်း အရမ်းပြောချင်ပါတယ်၊ ဒါကြောင့် မြန်မာမလေး ရွှေခေါင်ခေါင်နဲ့ သူငယ်ချင်းဖြစ်ခွင့်တောင်းမိတာပါ၊ ဒါနဲ့ ရွှေခေါင်ခေါင်က စာရေးဆရာမလား"

"ဟုတ်ပါတယ်"

"အရမ်းကို ဂုဏ်ယူပါတယ်၊ ကျွန်တော့်အဘိုးက မြန်မာစာရေးဆရာတစ်ယောက်ပါ၊ ဒါကြောင့် ကျွန်တော့်ခန္ဓာကိုယ်ထဲမှာ မြန်မာသွေးတွေစီးဆင်းနေတာပါ၊ ဒါကြောင့် ကျွန်တော် မြန်မာတွေကို ချစ်တယ်"

"ရှင်ဟာ မြန်မာသွေးရောတဲ့ မြန်မာကပြားတစ်ယောက်ဖြစ်နေတဲ့အတွက် ကျွန်မလည်း လှိုက်လှိုက်လှဲလှဲကို ဝမ်းသာပါတယ်"

Mr.Paul နှင့် အပြန်အလှန် စာပို့နေသည့်အတွက် ခေါင့်စိတ်တွေ အနည်းငယ် လွတ်လပ်ပေါ့ပါးနေသည်။

"ကျွန်တော် မြန်မာပြည်ကို ငယ်ငယ်ကရောက်ဖူးပါတယ်၊ အရမ်းသာယာပြီး မြန်မာတွေ ဖော်ရွေပါတယ်၊ ဒါနဲ့ ရွှေခေါင်ခေါင်ဘဝဖြတ်သန်းပုံကို ပြောပြလို့ရမလား၊ Please ကျွန်တော်ကတော့ လက်ရှိအမေရိကန် အာဖဂန်နစ်စတန်မှာရောက်နေပါတယ်၊ ကျွန်တော်ဟာ





စစ်တပ်က အရာရှိငယ်တစ်ယောက်ပါ၊ ကျွန်တော့်အမျိုးသမီး စတယ်လာရိုဖိုက်ကတော့ လွန်ခဲ့တဲ့ငါးနှစ်ခန့်က ကားအက်ဆီးဒင့်နဲ့ ဆုံးသွားပါပြီ စတယ်လာရဲ့ဗိုက်ထဲမှာ ကိုယ်ဝန်ငါးလရှိသွားတဲ့အတွက် ချစ်စရာကောင်းမယ့် ကျွန်တော့်ရင်သွေးလေးကိုပါ စတယ်လာနဲ့အတူ ဆုံးရှုံးလိုက်ရပါတယ်၊ ကျွန်တော့်ဘဝကို စစ်ပွဲတွေနဲ့ပဲ အချိန်ကုန်လွန်နေစေခဲ့တဲ့အတွက် ကျွန်တော်ဟာ စစ်ပွဲတွေကိုရွံရှာမုန်းတီးနေသူတစ်ယောက်ပါ၊ ကျွန်တော်ဟာ ပန်းကလေးတွေကိုချစ်တယ်၊ လေပြည်တွေနဲ့အတူ လွင့်မျောလာတဲ့ ဂီတာသံစဉ်တွေကိုမက်မောတယ်၊ နေခြည်တွေနဲ့ တောက်ပနေတဲ့ တောင်ကုန်းပေါ်ပြေးတက်ပြီး သီချင်းတွေ အော်ဟစ်သီဆိုရတာကို အရမ်းနှစ်သက်ပါတယ်၊ နောက်ပြီး ကျွန်တော့်ကို လူ့လောကထဲရောက်အောင် မွေးဖွားပေးခဲ့တဲ့ ဒယ်ဒီနဲ့မာမီကို ကျွန်တော် အမြဲသတိရပြီး သူတို့ပြုံးသံတွေနဲ့ အိပ်မက်ထဲမှာ အမြဲတမ်း တွေ့ဖြစ်ပါတယ်"

ခေါင့်အကြောင်းကိုမေးပြီး သူ့အကြောင်းတွေကို စီကာပတ်ကုံးရေးပြနေသော Mr.Paul ၏စာကိုဖတ်ပြီး ခေါင်လည်း စိတ်မကောင်းသလိုလို ကြည်နူးသလိုလိုနှင့် ရိုမန့်ဆန်သော တောင်တန်းတွေ ပန်းခင်းတွေ အလယ်မှာ အထီးကျန်စွာ ဆွေးမြေ့နေသော Mr.Paul ၏ပုံရိပ်တို့ကို မျက်ဝန်းထဲမှာ အလိုလိုပုံဖော်မိနေသည်။

ထို့ကြောင့် ခေါင်ကလည်း ခေါင့်ဘဝကို ငယ်စဉ်ကတည်းက ဖြတ်သန်းလာခဲ့ပုံကို အစပြုပြီး ယခု မောင်နဲ့လက်ထပ်တဲ့အချိန်ထိ



www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းချုံ့ပြီး စာပြန်ရေးလိုက်ပါသည်။

ကျွန်မက No Single ပါဆိုတာကို Paul ကို သိစေချင်ပါသည်။ ပြီးတော့ မောင့်ကို ကျွန်မ ဘယ်လောက်ချစ်သလဲဆိုတာကိုပါ Paul သိအောင်ပေါ့။

■ ■ ■

"မမ မအိပ်သေးဘူးလား"

စားပွဲတွင်ထိုင်နေသော Paul ထံ စာပို့နေသော ခေါင့်အနားသို့ သုခ ရောက်လာသည်။

"ဪ မအိပ်သေးဘူး သုခ၊ မင်းအစ်ကိုမှ မလာသေးတာ၊ ခေါင် သူ့ကိုစောင့်ရဦးမယ်လေ"

သုခ အနားမှာလာရပ်နေတာကို ခေါင့်စိတ်ထဲ သိပ်မနှစ်မြို့မိပေမယ့် ဘာမှမဖြစ်သလိုပင် ဟန်ဆောင်စကားဆိုလိုက်သည်။

"ကိုကိုက ဒီအချိန်ဆို ပြန်မလာလောက်တော့ဘူး အိပ်ပါတော့"

အနားတိုးကပ်ပြီး အိပ်ခိုင်းနေသော သုခ၏မျက်ဝန်းထဲမှ အာသီသအရိပ်များကို ခေါင် ဖျတ်ခနဲ သတိထားမိလိုက်သည်။

"ခေါင် ဒီည အိပ်ဖြစ်တော့မယ် မထင်ဘူး သုခ၊ မင်းပဲသွားအိပ်ပါတော့ ခေါင် သူငယ်ချင်းဆီစာပို့ပြီးရင် စာရေးရဦးမှာမို့ပါ"

"အရမ်းညဥ့်နက်နေပြီ မမရ၊ ကိုကိုက ခုချိန်ပြန်မလာလောက်တော့ပါဘူး ထ အိပ်တော့"





ခေါင့်လက်မောင်းကို ဆွဲထူပေးနေသော သုခ၏အပြုအမူတွေ အနည်းငယ်ရဲတင်း၍လာပါသည်။ ခေါင် မသိကျိုးကျွံပြု ထိုင်ရာမှထလိုက်ပြီး

"ခေါင် အိမ်ရှေ့မှာ စာသွားဖတ်လိုက်ဦးမယ်၊ နို့မို့ဆို သုခ မီးလင်းနေလို့ အိပ်တတ်မှာမဟုတ်ဘူး"

မတ်နှင့်မရီး အိပ်ခန်းတစ်ခန်းထဲမှာ တစ်ညလုံးအတူရှိမနေသင့်ဘူးဆိုတဲ့အသိက ခေါင့်ခေါင်းထဲသို့ ဖျတ်ခနဲ တိုးဝင်လာသည်။

"နေပါဦး မမရ ဒီအချိန်ကြီး အိမ်ရှေ့ခန်း ဘာသွားလုပ်မလို့လဲ"

သုခ ခေါင်လက်ကို လှမ်းဆွဲသည်။ ခေါင့်စိတ်ထဲတွင်းခနဲဖြစ်သွားပြီး မျက်နှာခပ်တည်တည်ဖြင့် ကြည့်လိုက်ပြီး

"ဘာလဲ သုခ တို့ မောင်ပြန်မလာမချင်း အိပ်မှာမဟုတ်ဘူး။ ဒါကြောင့် မင်းဘာသာအိပ်ပါ"

လေသံခပ်ဆတ်ဆတ်ဖြင့် ပြောလိုက်သည်။

"ဒီအခန်းထဲမှာ မမနဲ့ကျွန်တော် နှစ်ယောက်ထဲလေ၊ မမက အဲလိုထွက်သွားမယ်ဆိုရင် ကျွန်တော်နဲ့မမကို အိမ်သားတွေက တစ်မျိုးထင်မှာပေါ့၊ ဒါကြောင့် မမ စာဖတ်လည်း ဒီမှာပဲဖတ်ပါ၊ ကျွန်တော်လည်း မအိပ်ဘူး။ မမကိုအဖော်လုပ်ပေးမယ်"

ရီဝေနေသော သုခ မျက်လုံးတွေကို ခေါင် မနှစ်မြို့ပါ။ ဒီ



www.burmeseclassic.com

www.burmeseclassic.com



အတွက် ခေါင် ဒီအခန်းထဲမှ ခပ်မြန်မြန်ထွက်မှဖြစ်မည်။

"ခေါင့်မှာ စာအုပ်ရှိတယ် အဖော်မလိုဘူး၊ သုခသာ အိပ်စရာရှိတာအိပ်ပါ၊ အရမ်းညဥ့်နက်နေပြီ"

ဖုန်းနှင့်ဖတ်ဖို့ စာအုပ်တစ်အုပ်ကို ယူပြီး ခေါင် အခန်းအပြင်သို့ ခပ်သွက်သွက် ထွက်ခဲ့လိုက်သည်။ အခန်းထဲမှာ ဒီထက်အချိန်ကြာကြာ ဆက်နေမည်ဆိုလျှင် သုခ၏ရမ္မက်လှိုင်းတွေ ပို၍အုံကြွလာပေတော့မည်။

ခေါင် အိမ်ရှေ့ခန်းထဲရှိ ဆက်တီခုံပေါ်မှာ စာအုပ်ထိုင်ဖတ်နေလိုက်သည်။

ညဥ့်သည် တဖြည်းဖြည်း နက်၍လာသည်နှင့်အမျှ ခေါင့်ရင်ထဲက ဝမ်းနည်းလှိုက်ဖိုခြင်းတွေကလည်း ရင်ဘတ်တစ်ခုလုံးကို တိုးဆောင့်၍လာသည်။

ခေါင် ကြုံတွေ့ရင်ဆိုင်နေရတဲ့အခြေအနေက ခေါင့်ဘဝရဲ့ ရည်ရွယ်ချက်မဟုတ်ဘူး မောင်ရယ်။ ဒါကြောင့် ခေါင် ရုန်းထွက်ဖို့ ကြိုးစားရတော့မယ်ထင်ပါရဲ့။

မောင်ရော ခေါင့်နောက်ကို လိုက်ခဲ့မှာလား။ ခေါင်ကတော့ ဆုံးဖြတ်ပြီးသွားပြီ မောင်။ မရိုးသားခြင်းတွေ စုစည်းနေတဲ့ မောင့်ရဲ့အိမ်ထဲမှာ ခေါင် ကြာကြာမနေနိုင်တော့ဘူး။

■ ■ ■



## အခန်း (၁၄)

"နင်တကယ် အိမ်ငှားနေတော့မှာလား ခေါင်၊ အကယ်၍ သုတက ကန့်ကွက်ရင်ရော နင် ဘယ်လိုလုပ်မလဲ၊ ငါ့အထင်တော့ အခန်းငှားခငွေ မချေခင်မှာ သုတကိုတိုင်ပင်သင့်တယ်"

ခေါင့်အခက်အခဲကို သူတို့အားလုံး သိနေကြပေမယ့် တကယ်တမ်းကျတော့ ခေါင့်ကို အိမ်ခန်းငှားဖို့ သိပ်ပြီးမထောက်ခံရဲကြ။

"တိုင်ပင်ရင် သူက ကန့်ကွက်ဦးမှာပဲလေ၊ မနေ့ညက သူပြန်မလာဘူး၊ တစ်ညလုံး ငါ အခန်းအပြင်မှာ ငုတ်တုတ်နေရတယ်၊ သူ့ညီရဲ့ရိုသုံ့သုံ့အပြုအမူတွေကို ငါ ရင်ဆိုင်ရတယ်၊ ဒါအစပဲရှိသေးတာနော်၊ နောက်ဆိုရင် သုခဘက်က ငါ့ကိုတစ်ဆင့်တိုးပြီး ဆက်ဆံလာနိုင်တယ်၊ အဲဒီအခါမျိုးမှာ မောင်က ငါ့ကိုသူ့ညီနဲ့အထင်မလွဲရင် ကံကောင်း၊ သူ့မိသားစုနဲ့ဘယ်လိုပြဿနာတွေဖြစ်ဖြစ် မောင်က ငါ့ဘက်ကရပ်တည်



www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့ဆိုတာ ရာနှုန်းပြည့်မရှိဘူး၊ သူ့အမေတွေ အစ်မတွေက ငါက အနေအထိုင်မတတ်လို့ သူ့သားကိုဖြုန်းတွယ်လို့ပါဆိုပြီး အစွပ်စွဲခံရလိမ့်မယ်၊ ဒါကြောင့် ငါ ဒီလိုစီစဉ်ရတာပါဟာ''

ရွှေခေါင်ခေါင်ဆိုတဲ့ မိန်းကလေးမှာရှိနေသည့် အပူသောကတွေကို ဆွေဆွေနှင့်ယဉ်နု မျှဝေခံစားပေး၍ရလျှင် ခွဲဝေမျှယူခံစားပေးပါသည်။

''အေးလေ နင်ပြောတာတွေကလည်း တစ်ချိန်မှာ မလွဲမသွေ ဖြစ်လာနိုင်တာပဲလေ၊ ကောင်းပါတယ် နင် ဒီလိုဖွတ်လုပ်မှ သုတလည်း နင့်နောက်ကိုပါလာမှာ နို့မို့ဆို မိသားစုကိုငဲ့နေတာနဲ့ နင့်အပေါ် သူ တာဝန်မကျေသလို ဖြစ်နေတယ်''

ယဉ်နုနှင့်ဆွေဆွေ ထပ်ပြီး ကန့်ကွက်စကားမဆိုတော့။

''အခု ငါ့မှာရှစ်သိန်းရှိတယ်ဟာ၊ အဲဒီငွေနဲ့ပဲ သင့်တင့်တဲ့အိမ်သေးတစ်လုံးလောက် ငှားပေးစမ်းပါ၊ နင်တို့နားမှာ ငှားလို့ရရင် ပိုကောင်းမယ်၊ ဒါမှ ငါ့သူငယ်ချင်းတွေနဲ့ အမြဲတွေ့ရမှာ''

''ငါ့အိမ်နားမှာတော့ တိုက်ခန်းငှားဖို့ရှိတယ်ဟ ဒါပေမဲ့ အိမ်လခက တစ်လတစ်သိန်းဆိုတော့ နင့်မှာရှိတဲ့ငွေနဲ့ဆို ခြောက်လလောက်ပဲ ချုပ်လို့ရမယ်''

''တစ်လတစ်သိန်းတန်တော့ ငှားဖို့မဖြစ်နိုင်ဘူး၊ ကိုယ့်အိမ်နဲ့ကိုယ် ခွဲနေပြီဆိုရင် လိုအပ်တဲ့အိမ်ထောင်ပစ္စည်း အနည်းအကျဉ်းတော့ ဝယ်ရဦးမယ်လေ၊ အဲဒီပစ္စည်းပစ္စယဝယ်ဖို့ လက်ကျန်ငွေနှစ်သိန်းလောက်





နဲ့ အလုပ်မဖြစ်ဘူး၊ ငါတို့က နှစ်ယောက်ထဲနေမှာဆိုတော့ အိမ်ခပ်သေးသေးနဲ့ အိမ်လခသက်သာတဲ့အိမ်မျိုးဆိုရင် မဆိုးဘူး၊ ငါးသောင်းခြောက်သောင်းတန်တဲ့ အိမ်မျိုးပေါ့''

''အေးပါ ငါတို့ရှာထားလိုက်ပါ့မယ်၊ နင့်ဘက်က အရာရာကို ရင်ဆိုင်ဖို့ အသင့်ပြင်ဆင်ထား''

ဆွေဆွေ့စကားကို ခေါင် အပြုံးယဲ့ယဲ့ဖြင့် ခေါင်းဆတ်ပြလိုက်သည်။

■ ■ ■

''ခေါင် ကိုယ့်ကိုစိတ်ဆိုးပြေပါတော့''

မနက်ကတည်းက မျက်နှာချင်းမဆုံဖြစ်အောင် မောင်ပြန်လာတာနှင့် ခေါင်က ဆွေဆွေနှင့်ယဉ်နုဆီသို့ ထွက်သွားပြီး အိမ်ငှားဖို့ကိစ္စကို သွားတိုင်ပင်သည်။

ယခု အိမ်ကိုပြန်ရောက်တော့လည်း အိမ်ရှေ့မှာ မျက်နှာငယ်ဖြင့် ခေါင် ပြန်အလာကို ထိုင်မျှော်နေသော မောင့်ကို တစ်ချက်ငဲ့မကြည့်ဘဲ အခန်းထဲ တန်းဝင်ခဲ့လိုက်သည်။

မောင် ခေါင့်အနောက်မှ လိုက်လာပြီး အခန်းထဲရောက်သည်နှင့် ခေါင့်အား အနောက်မှသိုင်းဖက်ကာ စိတ်ဆိုးပြေဖို့ ချော့သည်။

ညက ဘာကြောင့်ပြန်မလာတာလဲဟူသော မေးခွန်းကိုလည်း မိန်းမဆန်စွာ မေးချင်စိတ်မရှိ၊ မေးဖို့လည်း စိတ်မကူးခဲ့။



www.burmeseclassic.com

www.burmeseclassic.com



"မောင် ညက ဖြိုးသူရရဲ့မွေးနေ့ပွဲကို ပါသွားတယ်ကွာ၊ အဲဒီမှာ မောင် နည်းနည်းသောက်ပြီး ပြန်မယ်အလုပ်မှာ သူတို့က မောင့်ကို မပြန်နိုင်သေးဘဲ အတင်းဆွဲထားပြီး မောင့်ဖုန်းကိုပါ စက်ပိတ်ထားလိုက်ကြတယ်လေ၊ မောင် သောက်တာ တော်တော်များသွားတော့ အိမ်ပြန်ဖို့ ကိုယ့်ခြေထောက်တောင် ကိုယ်မသယ်နိုင်တော့လို့ ဖြိုးသူရတို့က မောင့်ကို သူတို့အိမ်ကို ခေါ်သွားကြတယ်"

အရက်သောက်တတ်တာကို အပြစ်ကြီးတစ်ခုလို စာမဖွဲ့ချင်ပေမယ့် ရောက်တဲ့အရပ်မှာ ပျော်အောင်နေတတ်သော မောင့်အကျင့်ကိုတော့ ခေါင် စိတ်ပျက်မိတာအမှန်ပင်။ ဉာဏ်နည်းတာလား၊ မတွေးမိကြတာလား မသိရလောက်အောင် မောင်ဟာ ခေါင်နှင့် ငါ့ညီ ငါ့သားမြန်မအိပ်လျှင် အခန်းတစ်ခန်းထဲမှာ ဘယ်လိုသင့်တော်မလဲဆိုသည့် အတွေးမျိုး မဝင်တာကိုတော့ ခေါင် အံ့ဩသည်။

ညက သူ့ညီ၏ရိုသဲ့သဲ့အပြုအမူကို ခေါင်သာဖွင့်ပြောပြီး ပြဿနာရှာလျှင် မောင်အပါအဝင် မောင့်မိသားစုတွေကပါ ခေါင့်ကို လိုရာစွဲပြောတယ်ဟုသာ အပြစ်တင်ကြပေဦးတော့မည်။ ဒီတော့ ကိုယ့်ဘာသာကိုယ် ကာကွယ်မှုဖြစ်တော့မည်ဟု စိတ်ဉ်ပြီးမှတော့ မောင့်ကိုလည်း ပြောပြမနေတော့။

ယခု မောင့်ကိုပြောရမည့်စကားက ခေါင်တို့ဇိအိမ်ကနေပြောင်းဖို့ကိုပဲ ပြောရတော့မည်။





"ခေါင်က မောင့်ကို အပြစ်ပြောနေလို့လား မောင်"

ရုပ်တည်ဖြင့် မေးခွန်းပြန်၍ ထုတ်လိုက်သည်။

"ခေါင်က အပြစ်မပြောပေမယ့် မောင်က ရှင်းပြရမှာပဲလေ၊ အမှန်တကယ်ဆို ခေါင်က မောင့်ကိုစိတ်ဆိုးသင့်တာပါ၊ ခေါင် ခုချိန်မှာ ဘာပြောပြော မောင် လက်ခံမယ် မောင်များသွားတယ်ကွာ၊ နောက်တစ်ခါ မောင် မသောက်တော့ပါဘူး"

ခေါင် စိတ်ဆိုးမည်စိုး၍ အကြိမ်ကြိမ်တောင်းပန်နေသော မောင့်ကို ခေါင် ဆွဲထားသည့်အစီအစဉ် ဘယ်ကစပြောရမှန်းပင် မသိတော့။

"ပြီးပြီးသားကိစ္စတွေကို ပြဿနာတစ်ခုအဖြစ် ဖန်တီးဖို့ ခေါင် မလိုလားဘူး မောင်၊ ခေါင်တို့အခုတိုင်ပင်ရမှာက ရွှေ့ရေးအတွက်ပဲ"

အလေးအနက်ပြောလာသော ခေါင့်စကားကြောင့် မောင် ခေါင်ကို အသေအချာကြည့်သည်။

"ရွှေ့ရေး ဟုတ်လား"

"ဟုတ်တယ် မောင်၊ ခေါင်တို့အိမ်ခွဲနေသင့်ပြီလို့ ထင်တယ်"

မောင့်မျက်နှာ ချက်ချင်းညှိုးကျသွားတာ တော်တော်လေး သိသာ၏။

"အဲဒါက ဘာဖြစ်သွားတာလဲ မောင်၊ ခေါင် တောင်းဆိုတာ အရမ်းလွန်နေလို့လား"

ခပ်ထွေ့ထွေ့ မေးလိုက်သော ခေါင့်အမေးကြောင့် မောင် ခပ်ဖြည်းဖြည်း ခေါင်းခါပြီး



www.burmeseclassic.com

www.burmeseclassic.com



"ခေါင် မလွန်ပါဘူး ခေါင်တောင်းဆိုတာ မှန်ပါတယ်၊ ခေါင့်ဆန္ဒတွေကို မောင်က ခုချက်ချင်းကို အကောင်အထည်ဖော်ပေးချင်တာပါ၊ အခြေအနေတစ်ခုကြောင့် မောင်တို့နှစ်ယောက် မနီးစပ်နိုင်တဲ့အနေအထားမှာ ခေါင့်အစီအစဉ်က အရမ်းကောင်းပါတယ်"

"ဒါဖြင့် ဘာဖြစ်လို့ တွေဝေနေရတာလဲ မောင်ရယ်၊ ခေါင့်မှာ လက်စွပ်ရောင်းထားတဲ့ငွေရှစ်သိန်းရှိတယ်၊ အဲဒီငွေနဲ့ အိမ်လေးတစ်လုံးငှားနေကြမယ်၊ အဲလိုသာနေရရင် ဘယ်လောက်ပျော်စရာကောင်းလိမ့်မလဲ၊ အဲဒါ ခေါင်ရဲ့အဖြစ်ချင်ဆုံးဆန္ဒတစ်ခုပဲ မောင်ရဲ့"

ခေါင့်လက်ကို မောင် ခပ်ဖွဖွဆွဲယူပြီး နမ်းသည်။ ပြီးနောက် ခေါင့်ပါးပြင်ကို ပွတ်သပ်သည်။ ခေါင်လိုချင်တာ အဲဒီအချော့အမြူတွေ မဟုတ်။ မျက်နှာကို အသာအယာ ငုံ့စောင်းရှောင်တိမ်းလိုက်ပြီး

"အင်းလေ မောင့်ကိုအတင်းတော့ မတိုက်တွန်းပါဘူး၊ မောင့်သဘောပါ"

"မောင် တစ်ခုရှင်းပြချင်တယ် ခေါင်"

"ပြောကြည့်လေ"

"မောင့်အိမ်က စီးပွားရေးအခြေအနေကို ခေါင်လည်းသိတယ်နော်၊ မောင့်ရဲ့လစာက ဒီအိမ်မှာ အရမ်းအရေးပါတယ်ဆိုတာကို ခေါင်လည်းသိမှာပါ၊ နောက်ပြီး အဖေ့ရောဂါအခြေအနေ မမနိုင်တို့ ယုယတို့ သုခတို့တာဝန်ကို မောင်ရှောင်လွှဲလို့ရပေမယ့် အဖေ့တာဝန်ကိုတော့





မောင် ရှောင်လွှဲလို့မရဘူး ခေါင်"

ခေါင့်ဆန္ဒတွေကို လိုက်လျောဖို့ အခွင့်အလမ်းမရှိနိုင်သော မောင့် ဖြေရှင်းချက်တွေကို ခေါင် ဓာတ်ပြားဟောင်းကြီးကို ပြန်နားထောင်နေရသလို ငြီးငွေ့ပါသည်။

"ပွင့်ပွင့်လင်းလင်းသာ ပြောပါ မောင်၊ ဘယ်လိုရလဒ်မျိုးပဲဖြစ်ဖြစ် ခေါင် လက်ခံပြီးနားထောင်ပေးမှာပါ"

"အကယ်၍ မောင်တို့အိမ်ခွဲပြီးနေပါပြီတဲ့၊ မောင့်လစာကို နှစ်အိမ်ခွဲသုံးရမယ့်အခြေအနေမျိုး ဖြစ်သွားလိမ့်မယ်"

ခေါင့်အကြည့်တွေ မောင့်ထံသို့ ဖျတ်ခနဲ ရောက်သွားသည်။ သားလိမ္မာဟာ ဘယ်တော့မှ အိမ်ထောင်ဦးစီးကောင်း မဖြစ်နိုင်ဘူးဟု ပြောသော ယဉ်နုတို့စကားက နားထဲပြန်၍ တိုးဝင်လာသည်။

"အဲဒီအခါမျိုးမှာ မောင်ဟာ ခေါင့်အပေါ်မှာ တာဝန်မကျေသလို ဖြစ်သွားမှာကို စိုးတယ်၊ ခုလိုပေါင်းနေတာက တစ်လုံးထဲတစ်စည်းထဲ အိုးပေါင်းစားတော့ သိပ်မသိသာဘူး၊ မောင်က သားအကြီးဆုံးဖြစ်နေတော့ အိမ်စရိတ်လုံးဝမထောက်လို့မဖြစ်ဘူး ခေါင်ရဲ့"

ခေါင် ပြုံးပြီး ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။ မျက်ဝန်းမှ ထွက်ကျချင်နေသော မျက်ရည်တို့ကို မာနတရားက ဟန့်တားပိတ်ဆို့ထားသည်။

"ကောင်းပြီ မောင်၊ ခုလည်း ခေါင်က မောင့်လစာကို အစွန်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်လောက်ပဲ ကိုင်ခွင့်ရနေတာပဲ၊ အရှင်းဆုံးပြောရရင် မောင် ရှုံးက ထုတ်လာတဲ့လစာ စာအိတ်ကို ခေါင် တစ်ခါမှမကိုင်ဖူးတာ မောင်လည်း အသိပါ။ ခု ခေါင်သုံးနေတာ ခေါင့်ဝင်ငွေနဲ့ခေါင် သုံးစွဲနေတာပါ။ တကယ်ဆို ခေါင်က မောင့်ရဲ့အခကြေးငွေမရတဲ့ ညအိပ်ဖော်သက်သက်အဆင့်ပဲ ရှိတာပါ။ ဒါပေမဲ့ ခေါင်တို့စည်းတစ်ခုကို မကျော်ဖြတ်ရသေးပါဘူး မောင်၊ ခုချိန်မှာ မောင်က ခေါင်နဲ့ မောင့်မိသားစုကို ယှဉ်ပြီးရွေးချယ်တဲ့အခြေအနေမှာ ခေါင် အပြတ်အသတ်ရှုံးပါတယ် မောင်''

နောက်ဆုံးထိုးနှက်လိုက်သော စကားက မောင့်ရင်ကို ထိသွားပုံရသည်။ မောင် အရုပ်ကြိုးပြတ်ထိုင်ချလိုက်သည်။

ပြီးတော့ မောင့်ပါးပေါ်မှာ မျက်ရည်စီးကြောင်းတွေကို ခေါင်တွေ့လိုက်ရတယ်။ ငိုပေါ့ ဒီမျက်ရည်တွေဟာ မောင် မပြတ်သားလို့ကျရတဲ့မျက်ရည်တွေပဲ။ ခေါင်နဲ့ ဘာမှမပတ်သက်ဘူး။

ဒါကြောင့် ကြိုက်သလောက်ငိုလိုက်စမ်းပါ မောင်။ မောင်ငိုတာကို ခေါင် ကျေကျေနပ်နပ်ကြီး ထိုင်ကြည့်ချင်လို့ပါ။

မောင့်မျက်နှာချင်းဆိုင်မှာထိုင်ပြီး မောင့်မျက်နှာပေါ်မှ တရိပ်ပြီးတရိပ် ပြောင်းလဲလာသော ခံစားချက်အရိပ်တွေကို ခေါင် တစိမ့်စိမ့် ထိုင်ကြည့်ပေးလိုက်သည်။

ခုချိန်မှာ ခေါင်ဟာ ဘယ်လိုမိန်းမမျိုးလဲဆိုတာ ကိုယ့်ကိုယ်ကိုယ်တောင် မဝေခွဲချင်တော့ပါဘူး။

■ ■ ■



## အခန်း (၁၅)

''ဒါ ဘာလဲမောင်''

ခေါင့်စားပွဲပေါ် တစ်သောင်းတန်အသစ်စက်စက် သုံးရွက်လာတင်ပေးသဖြင့် မောင့်ကိုမော့ကြည့်လိုက်ပြီး မေးလိုက်ခြင်းဖြစ်သည်။

''ခေါင်းသုံးဖို့ မုန့်ဖိုးလေ''

''သြော် မောင်တောင် လစာထုတ်လာပြီပဲ၊ ခေါင်လည်း ပြက္ခဒိန်တွေကို မကြည့်ဖြစ်ဘူး၊ ဒါကို ပြန်ယူထားလိုက်ပါ မောင်၊ ခေါင် ဘာမှသုံးစရာမရှိဘူး၊ ဒီအိမ်မှာ မောင့်မိန်းမအဖြစ်နေပြီး အိမ်မှုကိစ္စလုပ်ပေးရုံနဲ့ ထမင်းနှစ်နပ်စားရတာ နည်းတဲ့ကုသိုလ်လား၊ တကယ်ဆို မိဘမဲ့သွားတဲ့ခေါင့်ကို မောင်တို့မိသားစုက ကယ်တင်ပေးထားတဲ့သဘောပဲ၊ ခေါင်ကတောင် ကျေးဇူးတင်ရမှာပါ''

ခေါင့်စကားတွေက မောင့်ကိုထိုးနှက်သလိုဖြစ်မှန်းမသိ ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပဲ ခေါင်ရယ် ခုချိန်မှာ မောင့်ကိုမကျေနပ်လို့ ခေါင့်လက်ဝါးနဲ့ မောင့်ပါးကိုရိုက်လည်း မောင် ကျေကျေနပ်နပ်ကြီး ခံရမယ့်အချိန်ပါ၊ ဘာဖြစ်လို့လဲဆိုတော့ ခေါင့်အပေါ် မောင်တာဝန်ကျေတာဘာမှမရှိသေးဘူးလေ"

"အဲဒါ မောင့်အပြစ်မဟုတ်ပါဘူး၊ ခေါင်ရဲ့အတိတ်ကံအကျိုးပေးကြောင့်ပါ"

"ဘာပဲဖြစ်ဖြစ် ဒါကိုတော့ ယူပါ ခေါင်ရယ်၊ ခေါင်သာမယူရင် မောင် ခေါင့်ကိုမျက်နှာဘယ်လိုပြရမလဲ၊ တကယ်ဆို မောင်က ခေါင့်အတွက် တာဝန်မကျေတဲ့ အိမ်ထောင်ရှင်တစ်ယောက်ပါ"

"အင်းလေ ယူထားလိုက်ပါမယ် တစ်ခါတလေ ခေါင်မအားလို့ မောင့်အဝတ်တွေမလျှော်နိုင်တဲ့အခါ ဒီငွေသုံးသောင်းက အဝတ်လျှော်သမားကို ပေးလျှော်ဖို့ လျှော်ခအဖြစ် အသုံးချလို့တော့ ရတာပဲ"

မောင့်အဝတ်သုံးလေးစုံလောက် ငှားလျှော်လျှင် တစ်ထောင်ထောင့်ငါးရာပဲ ပေးရလောက်ပေမယ့် ထိုနေ့လိုနေ့မျိုးဆိုလျှင် မောင့်အမေက သူတို့မိသားစုအဝတ်တွေ တောင်းတစ်တောင်းပင်မကသော အဝတ်ပုံကြီးထုတ်ယူပြီး လျှော်ခိုင်းတတ်သည်။ ထိုသို့ ကြုံထိုးဝင်လျှော်ခိုင်းတိုင်း ခေါင်သာလျှင် အဝတ်လျှော်ခ လေးငါးထောင်ခန့်ကို စိုက်ရှင်းပေးလိုက်ရသည်သာများသည်။ ဒါကို မောင်ဘယ်သိပါ့မလဲ။ သိအောင်ပြောလည်း မပြချင်တော့။ မောင့်မိသားစုအကြောင်းကို ခေါင့်ထက် မောင်ကပိုသိနေမှာပါ။





"ဩော် ဒါနဲ့ မနက်ဖြန် မောင်ရုံးပိတ်တယ်ဆိုတော့ မောင်တို့လင်မယား ရုပ်ရှင်သွားကြည့်ကြမလား 'ဖေ့စ်ဘွတ်ခ်ရွာ' ရယ်ရတယ်လို့ပြောတယ်"

ခေါင် စိတ်ဆိုးပြေစေရန် လိုက်ချော့နေမှန်း ခေါင်မသိဘဲနေပါ့မလား။

"ဟင့်အင်း ခေါင် စာမူတွေအရမ်းအရေးကြီးနေတယ် မောင်၊ မောင်ရုံးပိတ်တုန်း ခေါင့်ကိုယ်စား မောင်က အိမ်အလုပ်တွေ ဝိုင်းကူ ခေါင်က စာရေးမှဖြစ်မယ် မောင်"

"အင်းလေ ဒါဆိုလည်း ခေါင် စာကိုဖြောင့်အောင်ရေး၊ ခေါင့်ကို ဘယ်သူမှလာမနှောင့်ယှက်အောင် မောင် ကာကွယ်ပေးမယ် ဟုတ်ပြီလား"

ပြောရင်း မောင့်ပါးပြင်နှင့် ခေါင့်မျက်နှာကို လာအပ်ပြီး နမ်းခိုင်းသည်။ ခေါင်ဟာ မောင်စိတ်ချမ်းသာဖို့ မောင့်ပါးပြင်ကို နမ်းလိုက်ပါသည်။

ဒီလိုအချိန်ကာလတွေဟာ ခေါင့်အနားမှာ အကြာကြီးကြည်နူးမှုမပေးနိုင်ဘူးဆိုတာ ခေါင်သိပေမယ့်လည်း တစ်ခါတလေ မလွှတ်တမ်းဖမ်းဆုပ်ထားချင်တယ် မောင်။

အဲဒီအချိန်ကို ခေါင် ဘယ်တော့လောက် ပိုင်ဆိုင်ရမလဲ မောင်သိလား။ ပြောစမ်းပါ မောင်ရယ်။

"အမလေး ဒါ ဘယ်လိုဖြစ်တာလဲ သုတ၊ မင်းကိုဘယ်သူက



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေလုပ်နိုင်းတာလဲ''

ရေချိုးခန်းအုတ်ကန်ဘေးတွင် အဝတ်ထိုင်လျှော်နေသော သုတကို အမေမြင်သွားပြီး ဆတ်ဆတ်ခါသွားသည်။

''ဘယ်သူက လုပ်ခိုင်းရမှာလဲ အမေရ ကိုယ့်အိမ်အလုပ်ပဲ ကိုယ်လုပ်ရမှာပေါ့''

''ဟဲ့ မင်းမိန်းမကရော''

''သူ စာရေးနေတယ်၊ သားရှိတဲ့ရက်လေး သူ့အလုပ်ကို အေးအေးဆေးဆေးလုပ်ပါစေ''

ခေါင့်ဘက်က ကာကွယ်ပြီး ပြောပေးနေသော မောင့်စကားသံတွေကို အခန်းထဲမှ စာရေးနေသော ခေါင် အတိုင်းသားကြားနေရပါသည်။ သို့သော် ခေါင် အခန်းအပြင်ကို ထွက်ဖို့စိတ်ကူးမရှိ။ အသံတွေကတော့ ဆက်ကြားနေရဆဲ။

''ဪ သားရှိတဲ့ရက်လေး သူ့အလုပ်ကိုလုပ်ပါစေဆိုတော့ မင်းမရှိတဲ့ရက်တွေမှာတော့ ငါတို့က မတရားခိုင်းနေလို့ အလုပ်မလုပ်ရဘူးဆိုတဲ့သဘောလား သုတ၊ ဟမ် ပြောစမ်းပါဦး''

စကားအထအနကောက်ပြီး လိုရာဆွဲတွေးပြီး ပြောတတ်သော မောင့်မိသားစု၏စိတ်ခါတ်ညံ့ဖျင်းမှုများကို မောင် လက်တွေ့သိမြင်ပါစေတော့ဆိုသည့်စိတ်ဖြင့် အခန်းထဲမှသာ နားစွင့်နေလိုက်သည်။

''ကျွတ် အမေရာ တိုးတိုးပြောပါ၊ ခေါင် ကြားသွားပါ့မယ်ဗျာ၊ သား တောင်းပန်ပါတယ်''





''ကြားပစေလေ မင်းက မိန်းမကြားမှာတော့ ကြောက်တယ် အိမ်ထောင်ရှင်ယောကျ်ားဖြစ်ပြီး မလုပ်သင့်တာတွေတော့ လုပ်နေတယ် မို့လား။ ဒီအလုပ်က မိန်းမတွေ လုပ်ရမယ့်အလုပ် မင်းကဝင်ပြီး မယောင်ရာဆီမလူးစမ်းပါနဲ့ သွားထားခဲ့၊ မင်းမိန်းမကိုလာလျှော်ခိုင်းလှည့်''

''သူ မအားဘူး အမေ၊ စာရေးနေတယ်၊ နောက်ပြီး ဒါတွေကို သူလျှော်ခိုင်းတာမဟုတ်ဘူး၊ သားဘာသာယူလျှော်တာ၊ သူနဲ့သားနဲ့က လင်မယားလေ၊ ဘယ်အလုပ်မဆို ယောကျ်ားအလုပ် မိန်းမအလုပ် တွက်ကပ်နေလို့ရမလား၊ တစ်ယောက်တစ်လှည့်လုပ်ရမှာပေါ့''

''အမလေး ဘုရား ဘုရား ခုမှ တာဝန်ယူချင်တဲ့စိတ်တွေက မိုးထိနေပါလား၊ နင် မိန်းမမယူခင်တုန်းက ဒီအလုပ်တွေကို ဘယ်နှခါ လုပ်ပေးဖူးလို့လဲ''

ပြောလေ ကဲလေဆိုသလို အမေ့အသံက ပို၍ပို၍ ကျယ်လာသဖြင့် သုတ ခြေမကိုင်မိလက်မကိုင်မိဖြစ်နေသည်။ ခေါင့်အပေါ် အိမ်ထောင်ရှင်ယောကျ်ားတစ်ယောက်တာဝန် မကျေပွန်သူဟု ကိုယ့်ကိုကိုယ် ထင်မှတ်ထားမိ၍ ခေါင် ကျေနပ်အောင် အသေးအဖွဲကိစ္စလေးတွေကအစ ဂရုတစိုက်လိုက်လုပ်ပေးနေတာပါ။

''အမေ အမေ့သားက နွားပဲ၊ ဟိုတစ်ယောက်က အိမ်ဦးခန်း တက်ပြီး အီးပါနေတာတောင် ဒင်းက နာရကောင်းမှန်းမသိ၊ နောက်ဆို အတွင်းခံဘောင်းဘီပါ လျှော်ချင်လျှော်ပေးနေမှာ''



www.burmeseclassic.com

www.burmeseclassic.com



မမခိုင် အမေနှင့် သုတအနားသို့ ရောက်လာပြီး အမေ့ဒေါသကို လာဆွသည်။ ကြမ်းတမ်းသော မမခိုင်စကားအဆုံး ခေါင် အိမ်ထဲမှ ထွက်ခဲ့လိုက်ပြီး

"အမေရော မမခိုင်ရော ကိုယ်လိုရာကိုဆွဲပြောကြတာပဲ၊ ခေါင်က ကိုယ့်အတွင်းခံဘောင်းဘီကိုတောင် ကိုယ့်ယောကျ်ားကိုလျှော်ခိုင်းရလောက်တဲ့အထိ မယုတ်မာပါဘူး၊ ကဲ မောင် ခေါင်မပြောဘူးလား မောင်နဲ့ခေါင်ကြားက အပေးအယူမျှတဲ့မေတ္တာတရားတွေကို မောင့်မိသားစုက မရှုစိမ့်နိုင်ပါဘူးလို့ ခု မောင်မြင်တဲ့အတိုင်းပဲ"

ဒီတစ်ခါတော့ ခေါင် ပြောမှဖြစ်တော့မည်။ အဘယ်ကြောင့် ပြောသလဲဆိုလျှင် ခေါင် ဒီအိမ်ပေါ်ကဆင်းဖို့အတွက် ခိုင်မာတဲ့အကြောင်းပြချက်တစ်ခုလိုအပ်လာ၍ ဖြစ်သည်။

တကယ်ဆို မောင့်ကို ခေါင် ဘယ်တုန်းကမှ မိသားစုနှင့် ရန်တိုက်ပေးသောစကားမျိုးကို မဆိုခဲ့ဖူးတာ မောင်အသိဆုံးပါ။ ထို့ကြောင့် ထင်သည့် မောင့်မျက်နှာပေါ်မှာ အံ့သြရိပ်တွေနှင့် ခေါင့်ကိုအလောတကြီး ကြည့်ပြီး

"ခေါင် ဘာတွေပြောနေတာလဲ၊ ခေါင် ပြောသလိုမျိုး မောင့်ကို ဘယ်တုန်းကမှ မပြောဖူးပါဘူး"

မောင့်ဘက်က အငမ်းမရ ဖြေရှင်းပေးသည့်တိုင်အောင် မောင့်အမေနှင့်အစ်မ၏အကြည့်တွေကတော့ ခေါင့်ခန္ဓာကိုယ်တစ်ခုလုံး ပြာကျ





သွားနိုင်လောက်သည်။

"ညည်း တကယ်တတ်နိုင်တာပဲနော် ရွှေခေါင်ခေါင်၊ ဒီအိမ်ပေါ်ကို စရောက်ကတည်းက ငါတို့ကို အမျိုးမျိုးတိုက်ခိုက်တယ်၊ ယုတ်ဆွအဆုံး မင်္ဂလာပွဲစီစဉ်ပေးခဲ့တာတောင် ညည်းက ကိုယ့်သဘောနဲ့ကိုယ်ဖျက်တယ်၊ ငါတို့ကို မယုံဘူးဆိုတဲ့သဘောနဲ့ ဆန့်ကျင်တယ်၊ အခု တို့သားအမိတွေ ခုလိုကတောက်ကဆ ဖြစ်အောင် ညည်းရန်တိုက်ပေးတယ်"

"ဟာ အမေ ဘာတွေလျှောက်ပြောနေတာလဲ"

မောင် ကြားထဲက အားနာလွန်း၍ အမေ အစ်မနှင့်ခေါင်ကြားထဲမှာ ဗျာများနေရသည်။

"ဒါဆိုရင်လည်း အဲဒီလို ရန်ပွဲတွေမဖြစ်ရအောင် ခေါင် ဒီအိမ်ပေါ်ကဆင်းပေးပါ့မယ် အမေ"

ခေါင့်ဘက်က တုန့်ပြန်သည့်စကားမှာ ထိုစကားကလွဲပြီး တခြားမဖြစ်နိုင်။

မောင်နှင့်အတူ မောင့်အမေနှင့်အမ ဘာစကားမှပြန်မပြောနိုင်အောင် ပါးစပ်အဟောင်းသားဖြစ်သွားကြသည်။

"ကဲ ဘယ်လိုလဲ မောင်၊ ခေါင်နဲ့အတူ လိုက်မှာလား"

လိုက်တာ မလိုက်တာ မောင့်အပိုင်း ခေါ်ရမှာက ခေါင့်အပိုင်းမို့ ခေါ်လိုက်ခြင်းဖြစ်သည်။

"အို အိမ်ပေါ်ကဆင်းတာ ငါ့သားခေါ်စရာလား၊ ညည်းဟာ



www.burmeseclassic.com

www.burmeseclassic.com



ညည်းတစ်ယောက်ထဲဆင်း၊ အေး ဆင်းပြီးရင်တော့ ပြန်တက်မလာနဲ့နော်''

လူကြီးမဆန်စွာပြောသောစကားမို့ ခေါင်ဘက်ကလည်း အလျှော့ပေးတော့မည်မဟုတ်။

''စိတ်ချပါ အမေ၊ ခေါင်က ကျောခိုင်းပြီးသွားရင် နောက်ပြန်လှည့်ကြည့်တတ်တဲ့သူမဟုတ်ဘူး၊ မောင်နဲ့ပတ်သက်ပြီး ယောက္ခမတော်လိုက်ရပေမယ့် အမေတို့က ချွေးမအဖြစ် အလိုမရှိမှတော့ ခေါင် ဒီမှာဆက်နေလို့ ဘာထူးမှာလဲ''

တစ်ဆက်တည်းမှာပင် ဖီးရှက်ခန့်သာရှိတော့သော မောင့်ကိုလှည့်ကြည့်ပြီး

''ကဲ မောင် ခေါင်ကတော့ သွားတော့မယ်၊ မောင်ဆန္ဒရှိရင် လိုက်ခဲ့လို့ရတယ်၊ ဆန္ဒမရှိရင် နေခဲ့လို့ရတယ်''

ပြတ်သားရဲရင့်သောစကားကိုပဲပြောပြီး ခေါင် အခန်းရှိရာသို့ နိုင်မာသောဆုံးဖြတ်ချက်ဖြင့် လျှောက်လာလိုက်သည်။

ယောက္ခမတွေ ယောက်မတွေထံမှ မောင့်အား မင်းလိုက်သွားစရာမလိုဘူးဟု ပြောနေသောစကားသံတွေကို ခေါင် ကြားနေရပေမယ့် မောင် ခေါင့်နောက်ကို လိုက်ဖို့မလိုက်ဖို့ကို သိပ်ပြီးမမျှော်လင့်တော့ပါ။

မောင့်ဆန္ဒပါပဲ။

■ ■ ■



## အခန်း (၁၆)

''ဟယ် နင်တကယ်ကြီးဆင်းလာတယ်''

စာအုပ်သေတ္တာနှင့် အဝတ်သေတ္တာသယ်ပြီး ဆင်းလာတာဟု ပြောသော ခေါင့်စကားကို ဆွေဆွေနှင့်ယဉ်နု မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် မေးကြသည်။

''သြော် ခက်ပါရဲ့၊ အထုပ်အပိုးတွေနဲ့ဆင်းလာပါတယ်ဆိုမှ မြင်ရုံနဲ့မသိကြဘူးလား၊ ဘယ့်နှယ် ကြောင်ကြည့်နေတာလဲ၊ လာ ဝိုင်းသယ်ကြဦးလေ''

တက္ကစီကားပေါ်မှ တက္ကစီဆရာ ချပေးသွားသော လက်ဆွဲသေတ္တာကို ဆွေဆွေနှင့်ယဉ်နု ဆင်းသယ်ပေးကြသည်။

''အမလေး သေတ္တာထဲ ကျောက်ခဲတွေထည့်သယ်လာသလား မသိဘူး လေးလိုက်တာ''

ယဉ်နု စာအုပ်သေတ္တာကို ဒရွတ်ဆွဲပြီး မတင်ပေးသည်။ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ရောက်သည်နှင့် ဆွေဆွေက အလောတကြီးမေးတော့သည်။

''နင် သူတနဲ့ စကားများလာတာလား''

''မဟုတ်ဘူး သူ့အမေတွေ အစ်မတွေနဲ့''

''ဒါဆို သူက နင် ခုလိုဆင်းလာတာကို မဆွဲဘူးလား''

''ဆွဲတာပေါ့ ဒူးထောက်မတတ်ပဲ၊ နင်တို့လည်း ငါ့အကြောင်း သိပါတယ်၊ ငါက ဆုံးဖြတ်ပြီးရင် ဘယ်တော့မှ ပြန်မပြင်တတ်ဘူး၊ သူ ငါ့ကို မပြတ်နိုင်ရင် ငါနဲ့လိုက်နေပေါ့၊ ဒါပဲရှိတယ်လေ''

ခံစားချက်တွေကို လူမမြင်အောင် ဖုံးဖိကာ မာနဖြင့် တင်းခံနေသော ခေါင့်ကို ဆွေဆွေနှင့်ယဉ်နု စိတ်မကောင်းဖြစ်နေပုံရသည်။

''ခုလောလောဆယ်တော့ ငါ နင်တို့နဲ့ခဏနေဦးမယ်၊ ဩော် ဒါနဲ့ ယဉ်နု နင်ပြောတဲ့ လုံးချင်းပျဉ်ထောင်အိမ်ကလေးကရော လူဆင်း သွားပြီလား''

''ဒီလကုန်မှဆင်းမှာလေ၊ နင်နေဖို့သေချာရင်တော့ အိမ်ရှင်ဆီ သွားပြီး စရံသပ်ထားကြမယ်၊ အဲဒီလူတွေဆင်းတာနဲ့ နင်တန်းပြီးတက်လို့ ရတာပေါ့''

''အေးလေ အဲဒီအစီအစဉ်ကောင်းတယ်၊ ငါလည်း အိမ်ငှားဖို့ အရေးတကြီးလိုနေတာနဲ့ဆိုတော့ တခြားမှာရှာမနေတော့ဘူး၊ လကုန်ဖို့ ရက်ကလည်း သိပ်မှမလိုတော့တာ''

လုပ်သလိုမဖြစ်၍ ဖြစ်သလို လုပ်တတ်တာ ခေါင့်ရဲ့ဇီဝပေါ့။





မောင်ကတော့ ဘယ်လိုခံစားချက်တွေနဲ့ ကျန်ရစ်ခဲ့သည်မသိ။

အိမ်ထဲမှ ထွက်လာသည်အထိ မောင့်ရဲ့တောင်းပန်သံတွေက နားထဲမှာလှိုံထွက်နေဆဲ။

ခေါင်နဲ့မောင့်မိဘတွေ ဘယ်သူ့ကိုပဲရွေးရွေး မောင့်အပေါ် နားလည်တတ်အောင် ကြိုးစားကြည့်မှာပါ။

■ ■ ■

''ခုကိစ္စမှာ ခေါင် ဘာလွန်လို့လဲ အမေ၊ ခေါင်လိုချွေးမမျိုးမို့ လို့သာ အမေတို့အိမ်ပေါ်ကနေ ခုလိုအေးအေးဆေးဆေး ဆင်းသွားတာ ပါ''

ခေါင့်ရှေ့မှာ မားမားမရပ်ပေးနိုင်ခဲ့သည့် သူတ၏ဒေါသတွေက အမေနှင့်အစ်မဆီမှာ စုပုံ၍သွားသည်။

''သား မင်းခေါင့်နောက်ကို လိုက်သွားပြီး ပြန်ခေါ်''

အဖေ ခုတင်ထက်မှာ လှဲနေရင်းမှ ပလုံးပထွေးအသံဖြင့် ခေါင့် ကိုသွားပြန်ခေါ်ဖို့ လှမ်းပြောသည်၊ အဖေ့စကားကို အမေ လက်မခံသော ဟန်ဖြင့်

''အို သူ့ဟာသူဆင်းသွားတာပဲ ကျွန်မသားက ဘာလို့လိုက် ခေါ်ရမှာလဲ၊ ရှင်မကြားဘူးလား ရှင့်ချွေးမပြောသွားတာ''

''မင်းစိတ်တွေ ခုထိနိမ့်ကျနေတုန်းလား၊ မင်းတို့သားအမိတွေ တူညဲ၊ လူတစ်ဖက်သားအပေါ် ဘယ်တော့မှ အကောင်းမြင်တဲ့စိတ် မမွေး ကြဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက သူ့အပေါ် ဘာများယုတ်မာနေခဲ့လို့လဲ"

"စိန်လက်စွပ် ရောင်းတဲ့ငွေတွေကို နင်တို့ဖြတ်ခုတ်ထားတယ် ဆိုတာ ငါမသိဘူးမျိုး မှတ်နေလား"

အဖေ့စကားကြောင့် သုတ အကြည့်တွေ အမေနှင့်အစ်မဆီသို့ ဒိုင်းခနဲ ရောက်သွားသည်။ သားအမိနှစ်ယောက် ဘာမှမပြောနိုင်တော့။

"လုပ်ရက်လိုက်ကြတာဗျာ သားကတော့ ခေါင် အထင်လွဲနေ တယ်လို့ပဲ ထင်ခဲ့တာ"

ခေါင့်အပေါ် အကာကွယ်မပေးနိုင်ခဲ့မှုတွေက တစ်ခုထဲမကတော့ ပါလား။ ဒါတောင် ကိုယ်မသိခဲ့တာတွေအများကြီးရှိဦးမှာ။

"သား မင်း ဘာလုပ်နေတာလဲ သွားခေါ်လေ"

"ကျွန်တော်ခေါ်လည်း သူလာမှာမဟုတ်တော့ဘူး အဖေ၊ သူ့ကို မဖြတ်နိုင်တဲ့ကျွန်တော်က သူ့နောက်ကိုလိုက်သွားရတော့မှာပေါ့"

သုတ စကားကြောင့် အမေ ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး

"ဩော် မင်းက မိဘကိုလုပ်ကျွေးလာရတာ စေတနာမရှိတော့ လို့ မယားနောက်လိုက်သွားတော့မယ်ပေါ့ ဟုတ်လား"

"သူ့လုပ်စာကို အဖေနဲ့အမေ စားနေရတာပဲဆိုပြီး အနိုင်ကျင့် ထွက်သွားမှာကို တားမနေနဲ့ အမေ၊ ကိုသက်အောင်ပို့တဲ့ငွေနဲ့ သမီးက အဖေနဲ့အမေကိုကျွေးမှာပေါ့"

မမခိုင်က နယ်မှာအလုပ်သွားလုပ်နေသော သူ့ယောက်ျား အား





ကိုးနှင့်ပြော၏။

"လိုရာကိုဆွဲမပြောပါနဲ့ မမခိုင်ရာ၊ မိဘကိုကျွေးတာများ ကျွန် တော်ထွက်သွားမှကျွေးရမှာမဟုတ်ပါဘူး၊ တကယ် စေတနာရှိရင် ကျွန်တော်လုပ်စရာရှိရှိ မရှိရှိ ကျွေးလို့ရပါတယ်၊ ကျွန်တော့်အမြင်တော့ မမခိုင်က မိဘကိုကျွေးတာမတွေ့ဘူး၊ မိဘဆီက ကပ်စားနေတာပဲ မြင် တယ်"

အစ်မအကြီးပဲဆိုပြီး အမြဲတမ်း ညှာတာသော သူက ဒီတစ်ခါ တော့ စိတ်ထဲရှိသည့်အတိုင်း ပြောပစ်လိုက်၏။

"အမေ အမေ့သားပြောတာ ကြားလား၊ အဲဒီလို ဘယ်နှခါ ပြောဖူးလို့လဲ၊ ခုတော့ မိန်းမနောက်ကို ကောက်ကောက်ပါအောင်လိုက် တာနဲ့ပဲ အပြစ်ရှာပြီလေ"

ထင်ကြေးဖြင့် လိုရာဆွဲတွေးပြီး တစ်ဖက်သတ်ပြောနေသော အစ်မကို ဘာဖြေရှင်းချက်မှ မပေးချင်တော့။ ထို့ကြောင့် အိမ်မှထွက်ခဲ့ လိုက်သည်။

ဒီနေ့နဲ့ဆို ခေါင် ဆင်းသွားတာ ငါးရက်မြောက်ရှိသွားပြီ။ ခေါင့် ဆီဖုန်းဆက်သော်လည်း အချိန်ပြည့်ဖုန်းပိတ်ထားသည်။ ခေါင် သူ့ကို တော်တော်စိတ်ဆိုးသွားပြီလားဆိုသည့် စိုးရိမ်စိတ်က အရာရာကို အသက် မပါစွာ လှုပ်ရှားလုပ်ကိုင်နေရသလို စိတ်ဝင်စားမှုမရှိတော့။

ခေါင့်အပေါ်မှာ သူမကောင်းခဲ့ပါဘူး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ဟယ်လို ဟန်နီ၊ နေကောင်းရဲ့လား၊ ကိုယ့်ဆီကို စာ ဘာကြောင့်မပြန်တာလဲ၊ အလုပ်တွေရှုပ်နေလို့လို့ ကိုယ်ထင်ပါတယ်၊ ဒါကြောင့် ကိုယ့်ကိုအနှောင့်အယှက်ပေးတဲ့သူလို့တော့ မမြင်လိုက်ပါနဲ့၊ ကိုယ် ဟန်နီ့ကိုမြင်မြင်ချင်း ခင်မင်မိလို့ပါ"

"ဟန်နီရေ ဒီနေ့ ကိုယ်အရမ်းပျော်တယ်၊ ကုမ္ပဏီမှာ ကိုယ် ရာထူးတိုးတယ်ကွာ"

"ဟိုင်း ဟန်နီ မ ကိုယ့်ဆီကို စာပြန်ပါကွာ"

"ဟေး ဟန်နီ please တကယ်နေနိုင်တယ်ကွာ ကိုယ် နေ့တိုင်း မင်းရဲ့မက်ဆေ့ကိုမျှော်နေတာပါ"

ခေါင် အွန်လိုင်းဖွင့်ကြည့်လိုက်တာနှင့် မစွတာပေါလ်ချာလီထံမှ မက်ဆေ့တွေ တန်းစီ၍ဝင်လာသည်။ ရင်ထဲမှာ အားနာစိတ်နှင့်အတူ စာတွေကို တစ်စောင်ပြီးတစ်စောင် ဖတ်လိုက်သည်။





ဒီရက်တွေမှာ ပြောင်းရွှေ့သည့်ကိစ္စတွေဖြင့် ခေါင်ချာဆိုင်းနေသော ခေါင်မှာ အွန်လိုင်းပေါ်မတက်ဖြစ်၍ ပေါလ် ပို့ထားသည့်စာတွေကိုလည်း မဖတ်မိ။

ထို့ကြောင့် အားနာစိတ်နှင့်အတူ စာပြန်ပို့ရန် ဆုံးဖြတ်လိုက်သည်။

"ပေါလ် ခေါင် ဒီရက်ပိုင်း အလုပ်တွေရှုပ်နေသလို စိတ်ဖိစီးမှုတွေကြောင့် လိုင်းပေါ်ကို မတက်ဖြစ်ခဲ့ပါဘူး၊ ဒါကြောင့် ပေါလ်ရဲ့စာတွေကို မတွေ့တာပါ၊ တောင်းပန်ပါတယ်ပါတယ်"

သူ လိုင်းပေါ်မှာမရှိလည်း ရှိတဲ့အချိန်မှာ ဖတ်၍ရနိုင်သည်မို့ စာပို့ထားတာမများ။ သို့သော် မက်ဆေ့က ချက်ချင်းဝင်လာသည်။

"ဟော့တော် ကိုယ်တော်ချောက လိုင်းပေါ်မှာရှိနေတာပဲ"

"ကိုယ့်ရဲ့ဟန်နီလေးရေ ဒီနေ့တော့ ကိုယ့်ဆုတောင်းပြည့်ပြီပေါ့၊ အလုပ်တွေရှုပ်ပြီး ပင်ပန်းနေတဲ့အတွက် စိတ်မကောင်းပါဘူး၊ ကျန်းမာရေးကို ဂရုစိုက်ပါ"

"ဂရုစိုက်ပေးတာ ကျေးဇူးပါ"

ခေါင် ကျေးဇူးတင်ကြောင်း စာပြန်ရိုက်ပို့လိုက်သည်။

"ဟန်နီ ခုရော အလုပ်တွေရှုပ်နေလား၊ ကိုယ်တို့စကားခဏပြောလို့ရတယ်မို့လား"

"ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟူသောစာကိုရိုက်နေရင်းမှ ခေါင် နာရီကိုလှမ်းကြည့်လိုက်သည်။ ည ဆယ့်တစ်နာရီပင်ကျော်ပြီ။ အိမ်ပြောင်းခါစမို့ ဆွေဆွေနှင့် ယဉ်နုက ခေါင်နှင့်အဖော်ခဏလာနေပေးပေမယ့် သူတို့က အစောကြီး အိပ်တတ်ကြသူမို့ ဆယ်နာရီကတည်းက အိပ်ရာအလျှိုလျှိုဝင်ကြသည်။

ခေါင့်မှာသာ အလုပ်တာဝန်တွေက မပြီးပြတ်သေးဘဲ စာရေးစားပွဲဆက်ထိုင်ရသည်။ ခေါင့်ဘဝအတွက် ခေါင်ဟာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နေရသည့် အနေအထားမို့ ခေါင် ရင်ထဲက သောကအပူတွေကို စာဖွဲ့နေ၍မရ။ မောင့်ကို သတိရနေပေမယ့် နာကျင်စိတ်ဖြင့် အတွေးထဲကို အဝင်မခံမိ။

ခေါင်က မောင့်မိသားစုနဲ့ယှဉ်ရင် သူတို့အိမ်က စောင်စုတ်တစ်ထည်လောက်ပင် အသုံးမတည့်မှန်း သိလိုက်ရပြီးကတည်းက ရင်ထဲမှာ တဆစ်ဆစ် နာကျင်ရသည်။

တကယ်ဆို ခေါင့်နောက်ကို မောင် လိုက်လာခဲ့ဖို့ကောင်းပါသည်။ မသွားပါနဲ့ဟု အကြိမ်ကြိမ်တားနေသော မောင့်နှုတ်က ဒါဆို ကိုယ်လည်း ခေါင်နဲ့အတူတူ လိုက်ခဲ့မယ်ဆိုသည့်စကားတစ်ခွန်း ထွက်ခဲ့မယ်ဆိုရင် ခေါင်လောက်ပျော်မယ့်သူ ဒီကမ္ဘာမှာရှိပါဦးမလား။

ပေါလ်ဆီသို့ စာပို့နေရင်းမှ ခေါင်စိတ်တွေက မောင့်ဆီသို့ ရောက်သွားသေးသည်။

ထိုစဉ် ကလုံဟူသော အသံတွေ ဆက်တိုက်တက်လာပြန်သည်





မို့ ဝေ့တော့မည့်မျက်ရည်စကို သုတ်လိုက်ပြီး စာကိုဖတ်လိုက်သည်။

"ဟေး ဟန်နီ မင်း အိပ်ငိုက်နေတာလား ဆောရီး"

"ကိုယ်မေးတာ ဖြေပေးပါဦး၊ please ဟန်နီ"

မြန်မာစကားလုံးတွေကို အဆင်ချောအောင်ရေးတတ်သော နိုင်ငံခြားသားတစ်ယောက်ကို ခေါင် ခုမှပင် မျက်မြင်ကိုယ်တွေ့ကြုံရတော့သည်။

အင်းလေ သူကလည်း မြန်မာသွေးရောထားတဲ့ မြန်မာကပြားတစ်ယောက်ပဲဟု စိတ်ထဲမှ မှတ်ချက်ချလိုက်သည်။

"အိပ်မငိုက်ပါဘူး ပေါလ်၊ ခေါင်တို့ စကားပြောလို့ရပါတယ်"

"ကျေးဇူး"

"ရပါတယ်"

"ကိုယ့်ဘဝက အရမ်းအထီးကျန်ပါတယ်"

ခေါင်ရော ဘာထူးလို့လဲ ရှင့်လိုပဲ အထီးကျန်နေတဲ့သူတစ်ယောက်ပါလို့ ရေးပို့လိုက်ချင်ပေမယ့် သူစိမ်းယောကျ်ားတစ်ယောက်ကို ကိုယ့်အတွင်းရေးကိစ္စ အလုံးစုံဖွင့်ပြော၍ မသင့်တော်သဖြင့် စိတ်ထဲကပဲ ပြောလိုက်ပါသည်။

ထို့နောက် ပေါလ်နှင့်ခေါင် ညတစ်နာရီအထိ အပြန်အလှန်စာပို့ကြပြီး ခေါင်ကပင် စတင်နှုတ်ဆက်ပြီး လိုင်းအောက်လိုက်သည်။

ဘာပဲဖြစ်ဖြစ် ခေါင် သူနှင့်စာအပြန်အလှန်ပို့ပြီး၊ စကားပြော



www.burmeseclassic.com

www.burmeseclassic.com



ရတာ ကျေနပ်သည်။

■ ■ ■

"ကိုကို အရက်သောက်နေတာလား"

အခန်းထဲတွင် တစ်ယောက်ထဲ အရက်ထိုင်သောက်စဉ် သုခ အခန်းထဲဝင်လာပြီး တအံ့တဩ မေးသည်။

"ဟုတ်တယ် မင်း မတွေ့ဘူးလား"

အနားမှာ ခေါင်မရှိတော့တဲ့နောက်ပိုင်း သူက ဘယ်သူ့ကိုမှ စကားကောင်းကောင်းပြောချင်စိတ်မရှိတော့။ ရုံးသွားချိန် ရုံးသွား၊ ပြန်လာလျှင် ကိုယ့်အခန်းထဲဝင်ပြီး အိပ်သည်၊ ခေါင်ကို ဖုန်းဆက်သည်။ ဖုန်းဆက်တိုင်း ခေါင့်ဖုန်း စက်ပိတ်ထားသည်ကများသည်။ ခေါင် ဖုန်းကဒ်ပါ ချိန်းလိုက်သည်မို့ လုံးဝခေါ်၍မရတော့တာဖြစ်မည်။

ခေါင် သူ့အပေါ် တော်တော်စိတ်နာသွားပုံရသည်၊ အဲဒီအတွက် ကိုယ့်ကိုကိုယ် ခွင့်မလွှတ်နိုင်ပါ။ သူ့ဘက်က လိုအပ်ချက်တွေများလွန်း၍ ခေါင် စိတ်နာသွားတာ သိပ်တော့မဆန်းပါ။

"မမခေါင် သနားပါတယ်ဗျာ"

လက်ကျန်အရက်ကို မော့သောက်လိုက်ပြီး သုခကို ငဲ့ကြည့်လိုက်ပြီး

"မင်းက ဘာကိုသနားနေတာလဲ၊ သူ့ကို ငါကလွဲပြီး ဒီအိမ်မှာ ကြည်ဖြူတဲ့သူ ဘယ်သူရှိလို့လဲ၊ အခု သူထွက်သွားပြီလေ"





"အဲဒီထဲမှာ ကျွန်တော် မပါပါဘူး ကိုကိုရာ"

သုခကို ဘာမှပြန်မပြောမနေဘဲနှင့် မြည်းဖို့ချထားသော ကော်ပြန့်လိပ်တစ်ခုကို ယူ၍စားလိုက်သည်။

"မမခေါင်ကို ပြန်မခေါ်တော့ဘူးလား"

"ငါ့ကို ခြေရာဖျောက်သွားတာလေ၊ ငါ ဘယ်လိုခေါ်မလဲ၊ ခုထိ ရှာလို့မတွေ့သေးဘူး"

သုခထံမှ သက်ပြင်းချသံ ကြားရသည်။

"သူ့သူငယ်ချင်းတွေဆီကိုရော"

"ငါက ခေါင့်သူငယ်ချင်းတွေနဲ့ သိပ်မရင်းနှီးတော့ အဆက်အသွယ်မရှိဘူး၊ သူတို့ဘယ်မှာနေမှန်းလည်း မသိဘူး၊ ဖုန်းနံပါတ်လည်း မသိဘူး"

"ကိုကို ညံ့တာပဲ၊ ကိုယ့်မိန်းမနဲ့ပတ်သက်တဲ့ အသိုင်းအဝိုင်းကို အနည်းအကျဉ်းတော့ သိထားသင့်တယ်"

"ဟုတ်တယ် ငါညံ့တယ်၊ ငါဟာ ခေါင့်အတွက် ဘာမှသုံးစားလို့မရတဲ့ကောင်၊ ငါက မိသားစုအတွက်အသက်ရှင်နေပြီး ငါချစ်တဲ့သူကို ဥပေက္ခာပြုနေရတဲ့အခြေအနေ"

ရင်ထဲမှာ ဘာမှအောင်းမထားချင်တော့ စိတ်ရှိတိုင်း ပေါက်ကွဲပစ်လိုက်ချင်သည်။ အခြေအနေတစ်ခုကို လိုက်လျောညီထွေစွာ အသုံးမချတတ်သော အမေနှင့်အစ်မကိုပဲ အပြစ်မြင်မိနေသည်။ သို့သော် ဥပေက္ခာ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ပြုရက်သလားဆိုတော့လည်း မပြုရက်ပြန်။ အဖေ့ရောဂါက ရှိသေးတယ်။ သူ့ ကျောင်းသွားဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်။ ထို့ကြောင့် ဆိုးဝါးလှတဲ့ ကံကြမ္မာကိုပဲ အပြစ်ပုံချမိပြန်သည်။

"စာအုပ်တိုက်တွေကိုရော သိလား"

"သိတယ်"

"ဟာ ဒါဆို အဲဒီမှာ သွားစုံစမ်းလေ"

"ခေါင် သိက္ခာကျမှာပေါ့ကွ"

"ဒါဆို ကျွန်တော့်ဘော်ဒါတွေကို မမခေါင် လာနိုင်မယ့်ရက်တွေကို စောင့်ကြည့်ခိုင်းလိုက်မယ်လေ၊ ဒါဆို မမခေါင် ဘယ်မှာနေလဲဆိုတာ ခြေရာခံလို့ရသွားပြီ"

သူတ တွေဝေသွားသည်။ သူခ ပြောသောအစီအစဉ်က ခေါင့်ကိုတွေ့နိုင်မယ့် အကောင်းဆုံးနည်းလမ်းပဲ ဖြစ်သည်။

"မင်းပြောတဲ့နည်းလမ်း မဆိုးဘူး"

နလန်လုံးဝမထူသော စိတ်တွေ ပြန်၍ တက်ကြွလာသည်။

■ ■ ■



## အခန်း (၁၈)

ညက အင်တာနက်မပိတ်ဘဲ အိပ်မိသည်မို့ မနက်စောစောစီး မက်ဆေ့ဘောက်စ်မှ ဝင်လာသော ကလုံဟူသည့်အသံကြောင့် ခေါင့်မျက်လုံးတို့ဖျတ်ခနဲ ပွင့်လာသည်။

ဒီမက်ဆေ့ ပေါလ်ဆီက ဖြစ်မည်ဆိုတာ သိနေသည်မို့ စားပွဲပေါ် တင်ထားသည့်ဖုန်းကို ခုတင်ထက်မှ လှဲနေရင်းမှ လှမ်းယူလိုက်သည်၊

စိတ်ထဲမှလည်း ထင်တဲ့အတိုင်း သူပဲဖြစ်နေတာဟု ပြောပြီး ပြုံးလိုက်သည်။ ထို့နောက် မက်ဆေ့ကို ဖွင့်ကြည့်လိုက်သည်။

ပန်းစည်း စတေကာတစ်ခုနှင့်အတူ မင်္ဂလာနံနက်ခင်းပါဟု နှုတ်ဆက်ထားသည်။

"ဟွန်း သူတို့နိုင်ငံနဲ့ ဒီနိုင်ငံအချိန်ချင်းတူတာကျနေတာပဲ"

တစ်ယောက်ထဲ ခပ်တိုးတိုးပြောပြီး ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်မြန်မာစံတော်ချိန်ကို ကောင်းကောင်းသိပါတယ်၊ ဒါကြောင့် မှန်းပြီး ပို့လိုက်တာပါ။ အဲဒီအတွက် အပြစ်တင်မစောပါနဲ့ဟန်နီ"

အရိပ်အကဲ သိလွန်းသော ပေါလ်၏အပြုအမူတွေက ခေါင့်ကို မရယ်ဘဲ မနေနိုင်အောင် ရယ်ချင်စိတ်ဖြစ်မိသည်။

"ကိုယ့်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်သွားပြီလား"

ခေါင် ပို့လာသော စာကြောင့် ယောင်ယမ်းပြီး ခေါင်းခါလိုက်မိပြီး စာပြန်ရိုက်လိုက်သည်။

"ရှင့်ကြောင့် ခေါင် ဘယ်တော့မှ စိတ်အနှောင့်အယှက် မဖြစ်ပါဘူး"

ထိုစာကြောင်းကို send လုပ်ပြီးမှ စိတ်ထဲတွင် နောင်တရသလိုဖြစ်သွားမိသည်။ ဒါဟာ သူ့ကိုရှေ့တစ်လှမ်းပို၍တိုးချင်လာအောင် ဖိတ်ခေါ်လိုက်သလိုဖြစ်သွားပြီလားဆိုသည့် နောင်တမျိုးဖြစ်သည်။

ခုချိန်မှာ မိတ်ဆွေအဆင့်ဆိုပေမယ့် တစ်ချိန်မှာ သူ့ဘက်က မိတ်ဆွေအဆင့်မကျော်လွန်ပဲနေပါ့မလား။ နောက်ပြီး ခေါင်ကရော ဘာကြောင့် သူ့ကိုအချိန်ပေးနေမိတာလဲ။

တကယ်ဆို ခေါင့်မှာ အိမ်ထောင်ရှိပြီးသားမို့ ယောကျ်ားတစ်ယောက်နှင့် ခုလို အွန်လိုင်းပေါ်တွင် မတွေ့သင့်။

ခေါင် ဘာတွေလျှောက်လုပ်နေတာလဲ။



ဘာကြောင့် ခေါင့်စိတ်တွေ ကြည်လင်ပြတ်သားပြီး ခုလိုလုပ်ရပ်တွေအပေါ် သာယာနေမိတာလဲ။

ကဲ မောင်ရေ ခေါင် မရိုးသားတော့ဘူးလားကွယ်၊ ဟင့်အင်း အဲလိုလည်း မဟုတ်ဘူးနော်။ ခေါင်က ရိုးသားတယ်၊ တကယ်တမ်း မရိုးသားတာက မောင်ပါ။

ခေါင်က မောင့်ဆီက အချစ်စစ်ကို မရခဲ့လို့လေ။

မက်ဆေ့သံ မြည်လာပြန်သည်။

"အိပ်ရာထဲက မင်းမျက်နှာလေးဟာ ပန်းလေးတစ်ပွင့်လို လှပနေမယ်လို့ ကိုယ့်စိတ်က မှန်းကြည့်မိတယ်၊ မင်း အရမ်းလှမှာပဲနော်"

"ဟင့်အင်း ခေါင်က မလှပါဘူး ပေါလ်"

"ဒါဆို အဲဒီမလှတဲ့မျက်နှာလေးနဲ့ selfie တစ်ပုံလောက်ပို့ပေးမလား။ please တောင်းဆိုတာပါ၊ ရုပ်ဆိုးတဲ့မျက်နှာလေးက အိပ်ရာထဲမှာ ဘယ်လောက်အကျည်းတန်သလဲဆိုတာ လက်တွေ့ကြည့်ချင်လို့"

ခေါင် ကိုယ်လေးလှုပ်ရမ်းသည်အထိ ရယ်မောလိုက်ပြီး ရှုပ်ပွနေသော ဆံပင်တို့ကို အနည်းငယ်ကြည့်ကောင်းအောင် သပ်တင်လိုက်ပြီး ဖုန်းကင်မရာကိုဖွင့်ကာ selfie တစ်ပုံကိုရိုက်ပြီး ပို့ပေးလိုက်မိပြန်ပါသည်။

ပုံပို့ပေးပြီး အလှဆုံးအမျိုးသမီးစာရင်းဝင်တဲ့ မိန်းကလေးနဲ့ မိတ်ဆွေဖြစ်ခွင့်ရတာ ကိုယ်တော့ လူဖြစ်ကျိုးတော်တော်နပ်သွားပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ခေါင် မျက်နှာမသစ်ရသေးဘူး သစ်လိုက်ဦးမယ်နော်။ ပြီးရင် မနက်စာစားဖို့ စီစဉ်ရဦးမယ်"

"အိုကေ ဟန်နီ"

ခေါင် ခုတင်ထက်မှထကာ မျက်နှာသစ်ရန် နောက်ဖေးရေကပြင်ဆီသို့ ထွက်လာခဲ့လိုက်သည်။

တကယ်ဆို အိမ်တစ်အိမ်လုံးမှာ ခေါင်တစ်ယောက်ထဲ အထီးကျန်စွာ ဖြတ်သန်းနေရပေမယ့် ပေါလ်ကြောင့် ခေါင် အထီးကျန်ခဲ့ခြင်း မရှိခဲ့တာတော့ သေချာသည်။

မောင်နှံပတ်သက်ပြီး ခံစားနေရသည့် နာကျင်ဝမ်းနည်းမှုတွေဟာ သူ့ကြောင့် အရောင်မှိန်ဖျော့ခဲ့ရသည်။ သည့်နောက်မှာတော့ ခေါင်ဟာ စာပင်ကောင်းကောင်းရေးလို့ စိတ်မဖြောင့်ရလောက်အောင် သူ့စာတွေကို မျှော်တတ်လာပါပြီ။

သူ့ဆီက စာပို့လာလျှင် ခေါင် ပျော်သည်။ ခေါင်တို့အပြန်အလှန် နားလည်မှုအပြည့်နဲ့ စာပေအကြောင်း၊ လူမှုဘဝအကြောင်း၊ နောက်ပြီး သူ့လုပ်ငန်းအောင်မြင်မှုအခြေအနေတွေကို အပြန်အလှန် ပြောဆိုကြသည်။

ထူးဆန်းတာက ပေါလ်ဟာ ခေါင့်အမျိုးသားရောဆိုသည့် အမေးမျိုး တစ်ခါမှမမေးဖူးခြင်းပင်ဖြစ်သည်။

■ ■ ■





တစ်နေ့သောရက်တွင်တော့ ပေါလ်ဆီမှ စာတစ်စောင်ရောက်လာသည်။ ယခင်လို ခေါင့်ကိုဂရုတစိုက်နှင့် ကြင်နာသောစကားလုံးတွေ ချည်းပဲပါသည့်စာမဟုတ်။ အနည်းငယ်ထူးခြားသည်။

ခေါင်နှင့်သူ မကြာခင်ဆုံတွေ့ကြမည့်အကြောင်းနှင့် ခေါင့် အိမ်လိပ်စာနှင့် အိုင်ဒီကဒ်ကို တောင်းသည်။

ခေါင်က ဘာကြောင့် တောင်းတာလဲဟု ပြန်မေးလိုက်သည်။ သူ့ထံမှ စာတစ်စောင်ပြန်ရောက်လာသည်။

ခေါင် အံ့ဩသွားစေမယ့်အရာလေးတစ်ခု စီစဉ်ထားကြောင်းနှင့် ခေါင်နှင့်တွေ့ဆုံလိုသော သူ့ဆန္ဒတွေကို မထိန်းချုပ်နိုင်ကြောင်း စသော မရေရာသည့်အကြောင်းပြချက်တွေဖြင့်သာ စာပြန်ပို့ပေးလာသည်။

ပြီးနောက် အိုင်ဒီကဒ်ကိုသာတောင်းပြီး ဘာမှမစိုးရိမ်ဖို့ကို ပြောသည်။ ခေါင် ထိုနေ့က သူတောင်းတာကို ပို့သင့်မပို့သင့် အကြိမ်ကြိမ် ချိန်ဆကြည့်သည်။

ခေါင့် အိုင်ဒီကဒ် ပေးလိုက်လျှင် သူ ဘာလုပ်မည်လဲ၊ နောက်ဆက်တွဲ ဘာတွေဖြစ်လာနိုင်သလဲဆိုသည့် စိုးရိမ်စိတ်တွေက တစ်ခါတစ်ရံ ပေါလ်နှင့်ခေါင့်ကြားထဲက ခင်မင်မှုတွေကို သံသယအဖြစ် ကူးပြောင်းသွားစေသည်။

တစ်ခါတစ်ရံ ခေါင့်အတွေးထဲတွင် ပေါလ်ဟာ ဂျင်းတဲမန်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားလိုက် အွန်လိုင်းပေါ်မှာ မိန်းကလေးတွေကို လိုက်ချူနေတဲ့ ချူစီဖြစ်သွားလိုက်နှင့် ယုံကြည်မှုတွေက နိုင်မာမှုမရှိဘဲ ယိမ်းထိုးလှုပ်ခတ်၍နေသည်။

ပေါလ်အကြောင်းကို တွေးနေမိ၍ ခေါင် ဒီနေ့တစ်နေ့လုံး စိတ်တွေဂနာမငြိမ်။ ခေါင့်စိတ်တွေ ဝေခွဲမရဖြစ်နေသည်။

မကြာခဏ သူ့ လိုင်းထဲဝင်ကြည့်ပြီး သူ့ပုံတွေကို အကြိမ်ကြိမ်ကြည့်ကာ အပြန်အလှန် သုံးသပ်သည်။ ဒီလိုဆိုပြန်တော့ ခေါင့်စိတ်ထဲမှာ သူ့အပေါ်ထားသည့် သံသယတွေ လျော့ပါးကုန်ပြန်သည်။

ဒီတော့ ခေါင် ဘာလုပ်ရမလဲ။

ခေါင့်ခြေလှမ်းတွေ အိမ်ရှေ့ဘုရားကျောင်းဆောင်ရှေ့ကို ဦးတည်လိုက်သည်။

သစ္စာပန်းတွေ ဝေနေအောင်ထိုးထားသော ဘုရားရှေ့တွင်ထိုင်ပြီး လက်အုပ်မိုး၍ ဆုတောင်းလိုက်သည်။

ပေါလ်ဟာ ခေါင့်အပေါ် မရိုးသားခဲ့လျှင် ခေါင်နှင့်ပေါလ်ဟာ ခင်မင်မှုတွေ ပျက်သွားကြပါစေ။ အကယ်၍ ပေါလ်ဟာ ခေါင့်အပေါ် ရိုးသားခဲ့မယ်ဆိုလျှင် ခေါင် ပေးလိုက်တဲ့ အိုင်ဒီနံပါတ်ကြောင့် ခေါင့်ဘဝ အဆိုးတွေနှင့်ရင်မဆိုင်ရပါစေနှင့်။

အထီးကျန်ခြင်းတွေ၊ ဒွိဟဖြစ်ခြင်းတွေဟာ ခေါင့်ဘေးမှာ အဖော်အဖြစ်နေပေးနေကြသလိုပါပဲ။





ခေါင် ဘုရားရှေ့မှာ ဆုတောင်းနေစဉ် ဆွေဆွေနှင့်ယဉ်နု ရောက်လာသည်။

"ဘုရားစင်ရှေ့မှာ ဘာထိုင်လုပ်နေတာလဲ"

ခေါင် လှည့်ကြည့်လိုက်သည်။ ပြီးတော့ ရှက်ပြုံးနှင့် ထိုင်ရာမှ ထလိုက်ပြီး

"ဘာရယ်မဟုတ်ပါဘူးဟာ ရင်ထဲမှာ မတင်မကျဖြစ်နေတာတွေကို ဘုရားရှေ့မှာ ရင်ဖွင့်ပြောပြနေတာပါ၊ ရှင်တို့နှစ်ယောက်စလုံး ချိန်းပြီးလာကြတာလား။ လာမယ်ဆိုလည်း ကြိုဖုန်းဆက်တာမဟုတ်ဘူး။ ထမင်းဟင်းပိုချက်ထားရအောင်လို့"

"အယ် ခုတော့ ပိုမချက်ထားတဲ့အတွက် မစားနဲ့ဆိုတဲ့သဘောလား၊ ကဲ ယဉ်နုရေ ငါတို့ပြန်ကြရအောင်"

ဆွေဆွေနှင့်ယဉ်နု မတိုင်ပင်ဘဲ နောက်နေကြသည်။

"မိန်းမတွေနော် အထအနကောက်ဖို့ပဲ သိတယ်၊ သိပ်ပြီး မိန်းမဆန်ကြတာပဲ"

"အို မိန်းမက မိန်းမဆန်တာ ဘာဖြစ်လဲ၊ ငါတို့ကတော့ မိန်းမဆန်ဆန်နေရတာကို ကြိုက်တယ်"

ယဉ်နုစကားကြောင့် ခေါင် ပေါ့ပေါ့ပါးပါးရယ်မောလိုက်သည်။

တင်းကြပ်ပိတ်လှောင်နေသော စိတ်တွေက သူငယ်ချင်းတွေ ရောက်လာတော့လည်း ထွက်ပေါက်ရသွားသလို ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ ကြိုက်သလိုနေပါ၊ ဒါပေမဲ့ ဒီညတော့ နင်တို့နှစ်ယောက်ကို ငါပြောစရာတွေ အများကြီးရှိတာမို့ နင်တို့ ဒီည ဒီမှာပဲ အိပ်ကြရမယ်"

"ဟုတ်လား ပြန်ပေါင်းထုပ်ကြမယ့်ကိစ္စလား"

"မဟုတ်ပါဘူး သူ့အကြောင်းကို ပြောဖို့မဟုတ်ဘူး၊ ခုဟာက နိုင်ငံခြားက ငါ့မိတ်ဆွေတစ်ယောက်အကြောင်း ပြောမလို့"

ဘယ်လိုကိစ္စမျိုးပဲဖြစ်ဖြစ် သူငယ်ချင်းတွေကို တိုင်ပင်တာ မမှားဘူးဟု စိတ်ထဲမှ ဆုံးဖြတ်ချက်ချလိုက်သည်။ ခေါင် စကားကို ယဉ်နု နှင့်ဆွေဆွေ စိတ်ဝင်စားပုံများဖြင့် ခေါင့်ကိုကြည့်ကာ

"ယောကျ်ားလား မိန်းမလား"

"ဘယ်ကလဲ"

"နိုင်ငံခြားက အမေရိကားမှာနေတာ"

ဆွေဆွေနှင့်ယဉ်နု အံ့သြသွားကြသော အမူအရာ ကိုယ်စီဖြင့်

"ဟယ် တစ်နေရာစီကို ဘယ်လိုတွေ့လဲ"

"အွန်လိုင်းမှာတွေ့တာ၊ ငါတို့ခင်နေတာ ကြာပြီ၊ သူက ရှီးသားပုံရတယ်၊ နောက်ပြီး မြန်မာသွေးရောနေတဲ့ နိုင်ငံခြားသားတစ်ယောက်"

"ဂျင်းတဲမန်းလား"

"အင်း အဲလိုလူစားမျိုးလို့တော့ ထင်ရတယ် ယဉ်ကျေးပြီး ခင်ဖို့ကောင်းတယ်"





ပေါလ်အကြောင်းကို သတိလက်လွတ်ပြောပြနေသော ခေါင့်မျက်နှာပေါ်မှာ အပြုံးရိပ်တွေ၊ ကျေနပ်ကြည်နူးရိပ်တွေ ထင်ဟပ်နေတာကို ဆွေဆွေရော ယဉ်နုပါ သတိထားမိပြီး မျက်ရိပ်ကိုယ်စီပြလိုက်ကြသည်။

"နင် စိတ်ချမ်းသာလား"

ဆွေဆွေ့အမေးကြောင့် ခေါင် ရှုံးတို့ရှုန့်တန့်မျက်နှာဖြင့် မလုံမလဲ ကြည့်လိုက်ပြီး

"ဘာကိုလဲ"

"နင် သူနဲ့မိတ်ဆွေဖြစ်ရတာ စိတ်ချမ်းသာလား၊ သုတကို နာကျင်ရတဲ့ခံစားမှုတွေ လျော့သွားလား"

"သိပ်တော့ မဆိုင်ပါဘူး၊ သူက ငါ့မိတ်ဆွေလေး၊ သုတက ငါချစ်ခဲ့မိတဲ့သူ ခံစားချက်ချင်း မတူဘူး"

"နင့်အိုင်ဒီနံပါတ်ပေးကြည့်လိုက်ပါလား သူ ဘာလုပ်ဖို့လဲ မသိဘူး"

ဆွေဆွေက လိုလားစွာတိုက်တွန်းသဖြင့် ယဉ်နုရဲ့သုံဘောထားကိုပါ အကဲခတ်ကြည့်ပြီး

"နင်ရော ဘယ်လိုမြင်လဲ ယဉ်နု"

"ငါလား အိုင်ဒီနံပါတ်ပေးရုံနဲ့ သူတို့ နင့်ကို ဘာမှလုပ်လို့ရပါဘူး၊ ပေးကြည့်လိုက်ပေါ့ ပြီးရင် စောင့်ကြည့်လိုက်၊ စိတ်ဝင်စားရာကောင်းမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူက လိပ်စာပါတောင်းနေတာဟ"

"ဟင် ဟုတ်လား"

"ဒါဆို သေချာတယ် နှင့်ဆီကို လက်ဆောင်တစ်ခုခု ပို့မှာ"

ဆွေဆွေနှင့်ယဉ်နု ထင်သလို ခေါင်လည်းထင်ပါသည်။ သူ့ ခင်မင်မှုက ဒီလောက်လေးနက်ပါ့မလားဟု စိတ်ကဒွိဟဖြစ်တာလည်း အမှန်ပါပဲ။

"ဘာမှမဟုတ်ခဲ့ရင်တောင် နှင့်အတွက် ကုန်ကြမ်းတစ်ပုဒ် တော့ ရမှာပါဟာ"

ဆွေဆွေ့စကားကို ခေါင် လက်ခံသည်။

"ငါတို့ကို သူ့ပုံရှိရင် ပြကြည့်ပါလား"

ခေါင် ဖုန်းထဲမှာ photo save လုပ်ထားသောပုံကို ဖွင့်ပြလိုက် သည်။

"ဝါး မိုက်လှချည်လား၊ တကယ့် ဂျင်းတဲမန်းပဲ သုတနဲ့ယှဉ်ရင် နှင့်ရဲ့သုတက နံ့ပြည်စုတ်လေးဖြစ်သွားပြီနော် အဟီး ငါတောင် တော် တော်ကြိုက်သွားပြီ"

"နှင့်ကိုအတည်ခင်ပါစေပဲ ဆုတောင်းရမှာ ခုခေတ်က အွန် လိုင်းကနေ အယုံသွင်းမိတ်ဖွဲ့ပြီး ငွေတွေလိမ်နေကြတာဟ"

"ဒီပုံကရော သူ့ profile အစစ်ဟုတ်ရဲ့လား၊ တချို့က သူတို့ ပုံမတင်ဘဲ တခြားသူပုံတွေ တင်ထားပြီး လုပ်စားကြတာ အွန်လိုင်းပေါ်





ပေါက်ကရတွေလျှောက်လုပ်တာဟ"

"အဲလိုတော့ မဟုတ်လောက်ဘူး၊ သူနဲ့ငါ ဗီဒီယို call ခေါ်ပြီး ပြောဖူးတယ် သူ့ပုံအစစ်ပါ"

"ဟယ် နှင်က အင်္ဂလိပ်လို ပြောတတ်လား"

ယဉ်နု အထင်ကြီးဟန်ဖြင့် မေး၏။ ခေါင် ခပ်လွှင်လွှင်လေး ရယ်ကာ

"ဩော် ကြည့် ငါစောစောက ပြောပြီးပြီလေ၊ သူက ဗမာသွေး ရောပါတယ်ဆို၊ ဗမာစကားကောင်းကောင်းပြောတတ်တယ်၊ မြန်မာပြည် ကိုတောင် လာလည်ဖူးတယ်ဆိုလားပဲ"

"ဒါဆို အိုကေပြီ"

ဆွေဆွေ လက်ဖျောက်တစ်ချက်တီးပြီး ပြောသည်။

"ဘာအိုကေတာလဲ ဆွေဆွေရ"

"နှင်တို့ တွဲလို့ရပြီလို့ နှင့်ခန္ဓာကိုယ် အချိုးအစားက အင်တာ နေရှင်နယ်ဆိုဒ်၊ သူ နှင့်ကိုလုံးဝသဘောကျနေတာ ငါသိတယ်"

"ဒီတော့"

ခေါင် အမေးကြောင့် ဆွေဆွေနှင့်ယဉ်နု နှစ်လိုစွာပြုံးပြီး

"ရဲဘော် ဆက်လုပ်ပေတော့ဟာ"

ခေါင် အဲဒီအထိ မရည်ရွယ်ပါ။ ခေါင်က မြန်မာမိန်းကလေး။ ခုချိန်ထိ အပျိုစင်ဘဝပဲ ရှိနေသေးပေမယ့် အများအမြင်မှာတော့ ခေါင်က



www.burmeseclassic.com

www.burmeseclassic.com



သုတရဲ့ဇနီးတစ်ယောက်။

"နှင် သုတကို ငဲ့နေတာလား"

ပြောင်းလဲသွားသော ခေါင်ရဲ့မျက်နှာရိပ်ကို ဆွေ့ဆွေ့ရော ယဉ်နုရော ရိပ်မိဟန်ဖြင့် မေးသည်။

"ငါ သူ့အပေါ် သစ္စာမဖောက်ပါဘူး"

"အို သူတောင် နှင့်ကိုအရေးလုပ်လို့လား၊ နောက်ပြီး နှင်တို့ ခုထိငြိသေးတာ မဟုတ်သလို တရားဝင် တရားရုံးမှာ လက်ထပ်ရသေးတာမဟုတ်ဘူး"

"အေးလေ"

ယဉ်နုစကားကို ဆွေ့ဆွေ့ကပါ ထောက်ခံသည်။ သူတို့ပြောတာ မှန်ပါသည်။ တကယ်ဆို ခေါင်က မောင့်အိမ်မှာ နှစ်လခန့်ခဏသွားပြီး ဘည်းခိုခဲ့သလိုပါပဲ။ ဒီထက်ဘာမှပိုမထူးခဲ့။

မောင်ရယ် ခေါင့်ခံစားမှုတွေ ဘာမှကိုပြောင်းလဲမပစ်ချင်ဘူး။ ဒါပေမဲ့ ရှင် ရက်စက်တယ်။

ရင်ထဲမှာ မခံချင်စိတ်တွေ ပုန်းခိုနေတာ ပြည့်ကျပ်နေသည်။ ဒါကို မောင်သိပါရဲ့လား။

■ ■ ■



## အခန်း (၁၉)

"မယဉ်နု မယဉ်နု"

ရုံးသို့ ဖယ်ရီကားဖြင့် လစဉ် ကားမှတ်တိုင်တစ်ခုတွင် ရပ်နေသော ယဉ်နုကိုတွေ့ပြီး သုတ အလောတကြီး လှမ်းအော်ခေါ်လိုက်သည်။

ကားပေါ်မှ လှမ်းအော်ရသဖြင့် ဖယ်ရီပေါ်မှ ရုံးသူရုံးသားအချို့ သုတကို လှမ်းကြည့်ကြသည်။ ဘေးမှ သူငယ်ချင်းမင်း အရေးတကြီး ကားပေါ်မှဆင်းရန်ဟန်ပြင်နေသော သုတကို ကြည့်ပြီး

"ကိုသု မင်း ဘယ်သူ့ကိုအော်ခေါ်နေတာလဲ"

"ငါ့မိတ်ဆွေပါကွာ၊ ငါ ကားပေါ်က ခဏဆင်းမှဖြစ်မယ်၊ ရုံးရောက်ရင် မင်း ငါ့အစားလက်မှတ်ထိုးပေးထားလိုက် သိလား၊ ငါ မေးစရာရှိတာမေးပြီး ပြန်လာခဲ့မယ်"

"အေးပါ"



www.burmeseclassic.com

www.burmeseclassic.com



တအိအိမောင်းနေသော ဖယ်ရီကားကို ခဏရပ်နိုင်းပြီး သုတ ကားပေါ်မှဆင်းလိုက်သည်။

"မယဉ်နု"

ကားမှတ်တိုင်တွင် ကားရပ်စောင့်နေသော ယဉ်နု ကားလာသဖြင့် ကားပေါ်တိုးအတက် သုတ ရေးကြီးသုတ်ပျာလှမ်းအော်ပြီး ယဉ်နုတက်နေသော ကားဆီသို့ ဒရောသောပါး လျှောက်သွားလိုက်သည်။

ယဉ်နု ကြား၍ လှည့်ကြည့်ပေမယ့် ကားပေါ်ရောက်နေပြီး ကားက စထွက်နေပြီမို့ ယဉ်နု ဘာမှမပြောဘဲ လက်ပြသွားသည်။

"တောက် ဟာကွာ"

နည်းနည်းလေးလွဲသွားသည်မို့ ခေါင့်အကြောင်းကို စုံစမ်းဖို့ လမ်းစပျောက်ပြန်ပြီ။ ဒီတော့ ကြံရာမရတော့ဘဲ မောင်းလာသည့် တက္ကစီကို လှမ်းတားလိုက်သည်။

"ဘယ်လဲ ညီလေး"

"ကျွန်တော့်ကို ဟောဟိုရှေ့က မောင်းနေတဲ့ အဓိပတိယာဉ်လိုင်းနောက်ကို လိုက်ပေးပါ"

"အိုကေ ကားပေါ်တက်"

သုတ ကားပေါ်ကို ကပျာကယာတက်လိုက်သည်။ အလျင်လိုနေဟန်ဖြင့် ဂနာမငြိမ်ဖြစ်နေသော သုတကိုကြည့်ပြီး ကားဆရာပြုံးလိုက်ပြီး





"ကောင်မလေးက အဲဒီကားပေါ် ပါသွားလို့ထင်တယ်"

"ကျွန်တော့်ဖနီးရဲ့သူငယ်ချင်းပါ၊ သူ့ကို အရေးတကြီးတွေ့စရာရှိလို့"

"ဩော် ဒီလိုလား ဦးလေးမီအောင်မောင်းပေးပါ့မယ်"

"ကျေးဇူးပဲ"

ပြောသည့်အတိုင်းပင် ထိုကားနှင့်မျက်ခြည်မပြတ်အောင် မောင်းပေးပါသည်။

သိမ်ဖြူရောက်သည့်တိုင် ယဉ်နု ကားပေါ်မှ မဆင်းသေး။

"သူက ဘယ်မှာဆင်းမှာလဲ"

ကားဆရာ ကားမောင်းနေရင်းမှ မေးသည်။

"ကျွန်တော်လည်းမသိဘူး၊ သူဆင်းတဲ့နေရာမှာ ကျွန်တော်လည်းဆင်းမယ်၊ ကျသလောက်ကို ရှင်းပေးပါ့မယ်"

ကားဆရာ စိတ်မရှည်မှာစိုး၍ သူ စိတ်ကျေနပ်အောင် ပြောလိုက်ခြင်းဖြစ်သည်။

"ရပါတယ် ဦးလေးက အဲဒီကား ဂိတ်ဆုံးရောက်တဲ့အထိ မောင်းပေးရမလားလို့မေးတာ၊ ငါ့တူပုံစံကြည့်ရတာ အဲဒီမိန်းကလေးကို မဖြစ်မနေတွေ့ရမယ့်ပုံပေါက်နေသလိုပဲ"

ကားဆရာ ကားမောင်းရင်း စကားစမြည်ပြောလိုဟန်ရှိသည်။ သုတမှာလည်း ကားမှတ်တိုင်က ကားတစ်ခါရပ်တိုင်း ယဉ်နုများဆင်း



www.burmeseclassic.com

www.burmeseclassic.com



မလားဟူသော မျှော်လင့်ချက်ဖြင့် အသည်းအသန်လိုက်ကြည့်ရင်း

"ဟုတ်တယ် ဦးလေး"

လိုရင်းတိုရှင်းဖြေပြီး အကြည့်တွေကို အဓိပတိကားကြီးဆီမှ မလွှဲ။ ကားဆရာကြီး ထပ်ပြီး စပ်စု၏။

"ဘာလဲ အိမ်ထောင်ရေးနဲ့ပတ်သက်နေလို့လား"

"ဟုတ်ကဲ့"

"ဪ"

"အွန်လိုင်းပြဿနာလား၊ ခုခေတ် အိမ်ထောင်ရေးတွေက အွန်လိုင်းကိစ္စကြောင့် အိမ်ထောင်ရေးတွေ ပျက်စီးကြတာများတယ်၊ ခေတ်သစ်ပြဿနာလို့တောင် ပြောလို့ရနေပြီ"

"ကျွန်တော်တို့အိမ်ထောင်ရေးမှာ အဲဒီကိစ္စမရှိပါဘူး ဦးလေး"

ခေါင် ဒီလိုအလုပ်မျိုး ဘယ်တော့မှလုပ်လိမ့်မည်မဟုတ်သည့်အတွက် ထင်ကြေးဖြင့်ပြောနေသော ဦးလေးကြီးကို စိတ်ထဲမှဒေါသအနည်းငယ်ထွက်မိသွားတာတော့ အမှန်ပါ။

"ဟော့ ဆင်းပြီ ဆင်းပြီ ရပ် ရပ် ဦးလေး"

ဦးလေးကြီးကားကို လမ်းဘေးထိုးရပ်လိုက်သည်နှင့် အိတ်ထဲမှငွေတစ်သောင်းထုတ်ပေးလိုက်သည်။ လိုတာထက်ပိုများနေ၍ ဦးလေးကြီးပြန်အမ်းရန်လုပ်သည်။

"မအမ်းနဲ့တော့ ဦးလေး"





တက္ကစီဆရာကြီးကို မအမ်းဖို့ပြောပြီး ယဉ်နုလျှောက်သွားရာနောက်သို့ ဒရောသောပါး ပြေးလိုက်ခဲ့လိုက်သည်။

"မယဉ်နု ခဏနေပါဦး"

သုတနောက်မှ ပြေးလိုက်လာတာကို ယဉ်နု မြင်သွားပြီး ပြန်၍နှုတ်ဆက်လိုက်သည်။

"ဪ ကိုသုတ၊ မတွေ့တာတောင် ကြာပြီနော်၊ ခေါင်ရောနေကောင်းရဲ့လား"

ခေါင့်အကြောင်း သိလိုစိတ်ဖြင့် နောက်မှထပ်ကြပ်မကွာ လိုက်လာရသော မျှော်လင့်ချက်တွေ ယဉ်နုစကားကြောင့် ဒူးထောက်ခွေကျသွားသည့်နှယ် အင်အားမဲ့၍သွားသည်။

"ဗျာ"

"ခေါင်လေ သူ နေကောင်းလားလို့ မေးတာ"

အူကြောင်ကြောင်ဖြစ်နေသော သုတကို ယဉ်နု ထပ်၍မေးလိုက်သည်။ သုတ ပြောရခက်ဟန်ဖြင့်

"ကျွန်တော် ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး"

"ရှင် ခေါင် ဘာဖြစ်လို့လဲ၊ ကျွန်မကို ပြောပါဦး"

အထိတ်တလန့်ဖြစ်ဟန်ဖြင့် မေးလိုက်သော ယဉ်နုဟန်က ခေါင်ဘယ်မှာရှိနေသလဲဆိုတာ လုံးဝသိပုံမရ။ ဒီတော့ ဇာတ်လမ်းကိုအစအဆုံး ခင်းပြရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



''ဒီလိုပါ မယဉ်နု''

■ ■ ■

''ငါ ဒီနေ့ ဘယ်သူနဲ့တွေ့ခဲ့လဲ သိလား ခေါင်''

''နင်တွေ့ခဲ့တာ ငါတွေ့ခဲ့တာမှမဟုတ်တာ ငါ ဘယ်လိုသိမှာလဲ''

''အေးလေ အရင်းမရှိ အဖျားမရှိနဲ့''

ခေါင်နှင့်ဆွေဆွေ ယဉ်နုကို ပြိုင်တူနှိုက်ကွပ်လိုက်သည်။ ယဉ်နု လက်ဖက်သုပ်ပန်းကန်ထဲမှ ပုစွန်ခြောက်ကိုခပ်စားပြီး ခေါင့်ကိုမေးဆတ်ပြပြီး

''ရှင့်လူလေ ရှင့်လူနဲ့တွေ့ခဲ့တာပေါ့လို့၊ ငါ ကောင်းကောင်း ရုပ်ရှင်ရိုက်ခဲ့တာ သူ့ တကယ်ယုံတယ်''

ခေါင့်အကြည့်တွေ ယဉ်နုဆီကို ဖျတ်ခနဲ ရောက်လာသည်။

''မောင်နဲ့တွေ့ခဲ့တယ် ဟုတ်လား''

''ဟုတ်ပ၊ စတွေ့တုန်းကတော့ ငါ့ဆီမှာ နင့်အကြောင်းစုံစမ်းမလို့ ဒရောသောပါး ရောက်ချလာတာပဲ၊ ငါက နင်ရောနေကောင်းရဲ့လားလို့ ပြန်မေးလည်းမေးလိုက်ရော ကြက်ကြီးလည်လိမ်သလို ဖြစ်သွားလိုက်တာများ ငါရယ်ချင်တယ်၊ ပြီးလည်းပြီးရော သူနဲ့နင့်အကြောင်းတွေကို ပြောပြတော့တာပဲ''

ခေါင် မသိမသာ မဲ့ပြုံး ပြုံးမိလိုက်သည်။ ရင်ထဲမှာ နာကျင်





ရတာတွေက အသစ်အတိုင်းပဲ ရှိပါသေးတယ်။ ဆွေဆွေက သူတ ဘာပြောလဲဆိုတာ သိချင်နေပုံဖြင့်

''သူက ဘာတွေပြောလဲ''

''ခေါင့်ကို သူအရမ်းချစ်ပေမယ့် ခေါင့်အပေါ် တာဝန်မကျေခဲ့ဘူး၊ သူ့မိသားစုကြောင့် ခေါင်စိတ်ဒုက္ခတွေအမျိုးမျိုးခံရတဲ့အကြောင်းတွေ ပြောပြတယ်''

''အဲဒါ သူပြောမှလား ငါတို့သိပြီးသားပဲကို''

ဆွေဆွေက ခေါင့်အတွက် ခုချိန်ထိ မကျေမနပ်ဖြစ်နေဆဲ။ ခေါင်ကတော့ ဘာမှမပြောဘဲ လက်ဖက်ကို အရသာခံစားပြီး ငြိမ်နေသည်။

''သူ ခေါင့်ကိုလိုက်ရှာနေတာ ကြာပြီတဲ့၊ တွေ့ရင် တောင်းပန်မယ်၊ ခေါင်နဲ့အိမ်ငှားနေကြမယ်တဲ့''

''ဟွန်း ပြောခဲ့ပါလား နောက်ကျသွားပြီလို့''

ဆွေဆွေ ခပ်တိုးတိုး ပြောသည်။

''ငါက အစ်လိုက်တယ်၊ အိမ်ငှားနေတော့ ကိုသုတမိသားစုကို ဘယ်လိုလုပ်မလဲပေါ့''

''သူ့ လစာထဲက တစ်ဝက်ကို လစဉ်ထောက်ပံ့လိုက်မယ်တဲ့၊ ခေါင်နဲ့သူနေဖို့ထိုင်ဖို့အတွက် ညဘက်မှာ တက္ကစီထွက်မောင်းမယ်တဲ့''

''ခုချိန်ထိလည်း သူ့မိသားစုကိုထောက်ပံ့ပြီး ပိုလျှံမှ ခေါင့်ကို

www.burmeseclassic.com



ပေးမှာပေါ့ ဟွန်း လွန်လွန်အားကြီးတယ်ဟာ ခေါင်နော် နင်စဉ်းစားတော့ နှစ်လကျော်လောက် အတူတူနေခဲ့ပြီးပြီ၊ သူတစ်ကိုယ်ကောင်းဆန်တာလည်း နင်သိတယ်၊ သူတို့အိမ်ကနေ ခွေးဆင်းဝက်ဆင်း ဆင်းလာရတဲ့နေ့ကို နင် လုံးဝမမေ့လိုက်နဲ့၊ အရှင်းဆုံးပြောရရင် ငါကတော့ နင့်ကို စိတ်လွတ်ကိုယ်လွတ်နဲ့ နေစေချင်တယ်၊ နင့်ရုပ်နင့်ရည် နင့်ဂုဏ်နဲ့ သူ့ထက်သာတာတွေအများကြီး ဆုံနိုင်တယ်''

ခေါင် ငြိမ်နေသလောက် ဆွေဆွေနှင့်ယဉ်နုကတော့ သုတကို လုံးဝသဘောမကျသဖြင့် အမျိုးမျိုးအပြစ်တင်ပြောဆိုနေကြသည်။

''သူ့ ငါ့လိပ်စာကို စုံစမ်းနိုင်းသေးလား''

''စုံစမ်းခိုင်းတာပေါ့ ငါ့ဆီက ဖုန်းနံပါတ် အတင်းတောင်းနေလို့''

ခေါင် အလန့်တကြားဖြင့်

''ဟင် ငါ့ဖုန်းနံပါတ်အသစ်ကို ပေးလိုက်လား''

''မပေးပါဘူး၊ ငါတောင် သူ့ဖုန်းပြောင်းသွားတာမသိဘူးလို့ ပြောလိုက်တာပေါ့၊ ခုတောင်းတာက ငါ့ဖုန်းနံပါတ်ကိုတောင်းတာလေ၊ ငြင်းလို့မရတာနဲ့ ပေးခဲ့လိုက်တယ် စုံစမ်းပေးဖို့လည်း တောင်းတောင်းပန်ပန်နဲ့ပြောသွားတယ်''

မောင် ဘယ်လောက်ထိ ခေါင့်အတွက် သောကပွေနေသလဲ ဆိုတာ ခေါင်လည်းသိနေတာပဲ။ တကယ်တော့ ဘဝမှာ အချစ်ကိုအဓိက နေရာမှာထားမယ်ဆိုရင် ဘဝက ဘယ်မှာလာပြီး လက်တွေ့ကျတော့မှာ





လဲ မောင်ရယ်။

ရှန်းကန်ခြင်းတွေကို အချစ်က တွန်းအားပေးနိုင်ပေမယ့် မောင်က ရှေ့ဆက်ဖို့ခွန်အားတွေမှ မမွေးခဲ့တာ ဘဝမှာ ချစ်နေရုံနဲ့မပြီးဘူး မောင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဘုရားရေ တကယ်ကြီးလား"

မက်ဆေ့ထဲတွင် ရေးထားသောအကြောင်းအရာတွေကြောင့် ခေါင် မအံ့သြဘဲ မနေနိုင်။ delivery company မှတစ်ဆင့် ခေါင့်အတွက် လက်ဆောင်ကို package လုပ်ပေးလိုက်မည်ဟူသောစာဖြစ်သည်။

ဒါတင်မကသေး Apple laptop, ring diamond, perfume စသည့် အမျိုးသမီးအသုံးအဆောင်များကို မောင်ကောင်းမြတ်ကျော်ဆိုသော လူငယ်လေးလာပို့ပေးပါလိမ့်မည်ဟုလည်း ရေးထားသေးသည်။

နောက်ဆယ်ရက်ခန့်ကြာလျှင် သူ ရန်ကုန်ကိုလာမည့်အကြောင်း ကိုပါ ရေးထားသည်။ ထိုအတွက် ခေါင် တကယ်ပဲစိတ်လှုပ်ရှားသွား သည်။

ခေါင့်ဆီက အိုင်ဒီနံပါတ်လိပ်စာအတိအကျ တောင်းရသည့် ရည်ရွယ်ချက်က ခေါင့်ဆီကို ဒီလိုတန်ဖိုးကြီးလက်ဆောင်ပစ္စည်းတွေ





ပို့ဖို့လား။

သူ ခေါင့်အပေါ် တကယ်အလေးအနက်ထားခဲ့တာပါလားဟူ သောအတွေးက ခေါင့်စိတ်တွေကို တော်တော်လေးလှုပ်ရှားသွားစေတာ ကိုတောင် ခေါင် ဘယ်လိုမှမငြင်းနိုင်။

စိန်လက်စွပ် ဝတ်ခဲ့ဖူးပေမယ့် ပေါလ်ပို့လိုက်မည့် စိန်လက်စွပ် က စိတ်လှုပ်ရှားမှုတွေ ဖြစ်စေပါသည်။ လက်ပ်တော့ဆိုတာကလည်း လိုချင်စိတ်ပြင်းပြပေမယ့် ခေါင့်အခြေအနေနှင့် သိန်းပေါင်းများစွာတန် သည့် တန်ဖိုးကြီးအမျိုးအစားကိုဝယ်ဖို့ အိပ်မက်ပင် မမက်ဖူးခဲ့ပါ။

တကယ်တမ်းကျတော့ လက်ခံဖို့ ခေါင့်စိတ်တွေ မဝံ့မရဲခဲ့ပါ။ ထို့ကြောင့် လက်ဆောင်ပစ္စည်းတွေကို ခေါင် လက်မခံပါရစေနှင့်ဟု စာပြန်ပို့လိုက်သည်။

– ခေါင့်စာရောက်သွားပေမယ့် ပေါလ်ထံမှ စာပြန်မလာပါ။ ယခင် ကဆိုလျှင် ခေါင်စာပြန်တာနှင့် ပေါလ် ချက်ချင်းစာပြန်ပို့သည်။

လိုင်းပေါ်မှာ ပေါလ်မရှိ၍လားဟု ခေါင် ဖြေသိမ့်တွေးလိုက်ပေ မယ့် ထိုနေ့တစ်နေ့လုံး တစ်ညလုံး ပေါလ်ထံမှ ပြန်စာရောက်မလာခဲ့ပါ။

သူ့လက်ဆောင်ကို ခေါင် ငြင်းသည်ကို သူတမင်အသိအမှတ် မပြုသည့်အနေဖြင့် ခေါင့်ကို စာမပြန်ခြင်းပဲ ဖြစ်လိမ့်မည်ဟု ခေါင် တွေးမိပါသည်။

ခေါင်လည်း ထိုတစ်ညလုံး သူ့မက်ဆေ့ကိုမျှော်ရင်း စာပင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းမရေးဖြစ်ခဲ့။

ရှင်ဘာသဘောနဲ့ ခေါင့်အပေါ် ဒီလောက်ကောင်းနေရတာလဲ မဟုတ်မှလွဲရော ရှင် ခေါင့်ကိုချစ်နေတာများလား။

ဟင့်အင်း မဖြစ်နိုင်ပါဘူး။ ခေါင် ရှင့်ကိုလက်ခံလို့မရပါဘူး။ ခေါင်ဟာ လက်ထပ်ထားပြီးသား မိန်းကလေးတစ်ယောက်ဖြစ်နေတဲ့ အတွက် ခေါင်ရဲ့ရိုးသားမှုနဲ့ သစ္စာတရားတွေကို ယိုင်နဲ့အောင်လုပ်လို့ မဖြစ်ဘူး။ ခေါင်ဟာ မြန်မာအမျိုးသမီးတစ်ယောက်ပါ ပေါလ်ရယ်။

ရှင်ကြင်နာတတ်မှန်း ခေါင် သိပေမယ့် ရှင့်ရဲ့အကြင်နာတွေကို ခေါင့်မှာ ဖမ်းယူဆုပ်ကိုင်ဖို့ အခွင့်အရေးမရှိဘူး။ ခေါင်ဟာ မောင့်ကို နာကျင်နေပေမယ့် သူ့အပေါ်တော့ သစ္စာမဲ့လို့မဖြစ်ပါဘူး။

ရင်ထဲမှာ ခံစားရသမျှ တစ်ယောက်ထဲ တီးတိုးပြောပြီး ပါးပေါ်သို့ မျက်ရည်တို့ အလိုလိုစီးကျ၍လာသည်။ ခေါင် ငိုနေပါလား။ ဘာကြောင့် ငိုနေရတာလဲ။

ခုခံစားနေရတဲ့ဝေဒနာတွေက ဘယ်သူ့အတွက်လဲ။ ခုကျနေတဲ့ မျက်ရည်တွေက ဘယ်သူ့အတွက်ကျတဲ့မျက်ရည်လဲ။

ဟင့်အင်း ခေါင် မဝေခွဲချင်ဘူး။

■ ■ ■

"ရွှေခေါင်ခေါင် နော်"

"ဟုတ်ပါတယ်"





"ကျွန်တော်က delivery company က ကောင်းမြတ်ကျော်ပါ ခင်ဗျ။ ဒါလေးကို လက်ခံပြီး ဟောဒီမှာ လက်ခံပေးပါ၊ အစ်မရဲ့မှတ်ပုံတင်လေးပါ ခဏပြပေးပါ"

ပါဆယ်ပုံးကြီးကိုကြည့်ပြီး ခေါင် ဘယ်လိုမှ ငြင်း၍မရတော့ မယ့်အခြေအနေတစ်ခုကို သဘောပေါက်လိုက်သည်။ ထို့နောက် ခေါင် မငြင်းတော့ဘဲ လက်ခံလိုက်ပါသည်။

ကောင်းမြတ်ကျော်ဆိုသော လူငယ်လေး ပြန်သွားသည့်တိုင် အောင် ခေါင့်မှာ ပေါလ်ပို့လိုက်သည့်ပါဆယ်ပုံးကိုထိုင်ကြည့်ပြီး ခပ်ငူငူ ထိုင်နေလိုက်သည်။

အတွေးတို့ ရှုပ်ယှက်ခတ်နေ၍ ဘယ်ကစပြီး တွေးရမှန်းပင် မသိတော့။ အရင်ဆုံး ပြေးသတိရမိတာက ယဉ်နုနှင့်ဆွေဆွေကိုပါ။ သူတို့ ကို ဖုန်းဆက်ဖို့ စိတ်ကူးနေစဉ်မှာပင် သူတို့နှစ်ယောက် ရောက်လာကြ သည်။

"ဟယ် နင်တို့လာတာ အတော်ပဲ၊ ငါလည်း ခုပဲ ဖုန်းဆက် တော့မလို့"

"ဟင် ဘာလဲ အရေးကြီးတဲ့အချိန်ရောက်ပြီလား"

"ဟုတ်တယ် ပေါလ် ပို့လိုက်တဲ့လက်ဆောင်တွေ ရောက်နေပြီ"

ခေါင်ရှေ့မှာချထားသော ပုံးကြီးကိုတွေ့ပြီး ယဉ်နုရော ဆွေဆွေ ရော အားကျတဲ့မျက်နှာမျိုးတွေဖြင့် တအံ့တသြကြည့်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် တကယ်ကြီး ပို့လိုက်တာပဲ"

"အေးဟယ် မြန်လိုက်တာ ဒါဆိုလည်း ဖွင့်ဟာ၊ ငါတို့ကြည့်ပြီး သွားရည်လေးဘာလေးကျရအောင်"

"ငါ မဖွင့်ချင်ဘူး ယဉ်နု"

ခေါင့်စကားကြောင့် ယဉ်နုရော ဆွေဆွေပါ နှမြောသည့်မျက်နှာဖြင့်

"ဟယ် နင်ကလည်း ကိုယ့်ကိုပေးတဲ့လက်ဆောင်ကို အဲဒီလို ဥပေက္ခာပြုဖို့တော့ မကောင်းပါဘူးဟာ"

"အေးလေ ဒီလောက်ရင်ခုန်စရာကောင်းတဲ့ ရှိမန့်တစ်ကလေးကိုမှ စိတ်မဝင်စားဘူးဆိုရင် နင်ရူးနေလို့ပဲ"

ဆွေဆွေရော ယဉ်နုရော ခေါင့်ကိုဝိုင်းပြီး အပြစ်တင်နေကြသလို ပါဆယ်ထုပ်ကိုလည်း တော်တော်လေးဖွင့်ကြည့်ချင်နေပုံရသည်။

ထိုစဉ် ခေါင့်ဖုန်းမှ မက်ဆေ့ဝင်လာသောအသံ ကြားလိုက်ရသည်မို့ အားလုံး၏အကြည့်တွေက စားပွဲပေါ်တင်ထားသော ဖုန်းဆီသို့ ရောက်သွားသည်။

ခေါင် ထိုင်ရာမှ လေးပင်စွာထလိုက်ပြီး ဖုန်းကိုလှမ်းယူပြီး မက်ဆေ့ဖွင့်ကြည့်လိုက်သည်။

ပေါလ်ဆီမှ မက်ဆေ့ဖြစ်နေသည်။

ဆွေဆွေနှင့်ယဉ်နု ဖုန်းရှိရာသို့ ရောက်လာကြပြီး ခေါင်းချင်း





ဆိုင်လာကြသည်။

"ဘာတွေရေးထားလဲ"

"အင်္ဂလိပ်လိုရေးထားတာလား အဲဟိုး ငါ မဖတ်တတ်ဘူးနော်"

ဆွေဆွေနှင့်ယဉ်နု ခေါင့်ထက်ပို၍ စိတ်လှုပ်ရှားနေကြသည်။

"မဟုတ်ပါဘူး သူ ငါ့ဆီရေးပို့ရင် မြန်မာလိုပဲရေးပြီး ပို့တယ်၊ ငါနဲ့တွေ့မှ မြန်မာစာကိုအသုံးပြုခွင့်ရတာတဲ့"

"ဘာပဲဖြစ်ဖြစ် ငါတို့ကတော့ သူ့ကို နင့်ရဲ့ဖူးစာရှင်အစစ်လို့ပဲထင်တယ်၊ နောက်ပြီး နင်အရမ်းကံကောင်းတယ်၊ နင့်လိုကံကောင်းမှုမျိုး အွန်လိုင်းသုံးတဲ့မိန်းကလေးအယောက်တစ်ရာမှာ တစ်ယောက်မရှိဘူး၊ အားလုံးလူလိမ်နဲ့တိုးပြီး သူတို့ရဲ့ဘဝတွေ ပိုင်ဆိုင်မှုတွေကိုပဲ ပေးဆပ်လိုက်ရတာ"

"ဟုတ်တယ် ငါတို့အိမ်နားက အပျိုကြီးမမဆို နိုင်ငံခြားသားတစ်ယောက်နဲ့အွန်လိုင်းမှာငြိတယ်လေ၊ ဟိုက သူမြန်မာပြည်ကိုလာခဲ့မယ်၊ မလာခင် သူနဲ့အဲဒီအပျိုကြီးမမနဲ့ အတူနေဖို့ တိုက်နဲ့ကားကြိုဝယ်ထားဖို့ စီးပွားလုပ်ငန်းတွေမှာ ရှယ်ယာဝင်ဖို့အတွက် ကြိုပြီး plan ချထားခိုင်းပြီး 11.5 usd million ပို့ပေးလိုက်မယ်လို့ ပြောပြီး မက်လုံးတွေပေးတာလေ"

ယဉ်နုစကားကို ဆွေဆွေရော ခေါင်ရော စိတ်ဝင်စားသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲ အဲဒီတော့ ဘာဆက်ဖြစ်လဲ"

"ဖြစ်တာပေါ့၊ ဂျာကာတာ လေဆိပ်ရောက်နေပြီ ဒေါ်လာ နှစ်ထောင့်လေးရာကို ဘဏ်အကောင့်တစ်ခုထဲထည့်ပေးမှ package က ထုတ်လို့ရမယ်ဆိုပြီး လှမ်းထည့်ခိုင်းတယ်လေ၊ အပျိုကြီးက ရေလွှဲတော့ ချက်ချင်းလွှဲလိုက်တာ အဲဒီကတည်းက မက်ဆေ့ရော လူရော ပါဆယ် ရော ငွေရော လုံးဝကိုပေါ်မလာတော့တာ၊ အဲဒါက လိမ်သွားတာ၊ အခု နင့်ဟာက လိမ်တာမဟုတ်ဘူး၊ အမှန်အကန် လူကြီးလူကောင်းနဲ့တွေ့တာ"

"ပါဆယ်ထုပ်ပို့တဲ့လူ ရောက်ပြီလားတဲ့"

ခေါင်က ဖတ်ပြသည်။ ဖတ်ပြနေရင်းမှ စာပြန်ရိုက်ပို့နေသည်။ ခေါင် ရိုက်ပို့နေသော စကားလုံးတွေကို ဆွေဆွေနှင့်ယဉ်နု လိုက်ဖတ်နေကြသည်။

ခေါင်က ခုပဲရောက်ပါတယ်ဟု ပြန်ရိုက်ပို့လိုက်သည်။ ဒို့အပြင် လက်ဆောင်ပစ္စည်းတွေကို လက်မခံပါရစေနဲ့ဟူသော အငြင်းစကားပါ ပြန်ရိုက်ပို့လိုက်သည်။

ပေါလ်ထံမှ စာပြန်ပို့သည်။

"မငြင်းပါနဲ့ ဟန်နီ ဒီလက်ဆောင်က ကိုယ်နဲ့ဟန်နီရဲ့မိတ်ဆွေ ဖြစ် လက်ဆောင်ပေးခြင်း အထိမ်းအမှတ်ပါ၊ တခြား ဘာရည်ရွယ်ချက် မှ မပါပါဘူး၊ ငြင်းတာဟာ မကောင်းပါဘူး၊ ကျေးဇူးပြုပြီး မငြင်းပါနဲ့"





"ကဲ တွေ့တယ်နော်၊ ကျေးဇူးပြုပြီး မငြင်းပါနဲ့တဲ့၊ ဒီတော့ မာနစိတ်ကို တစ်ထစ်လျှော့လိုက်"

"ဟုတ်တယ် ခေါင်ရယ် ဟိုက သူ့အဆင့်အတန်းနဲ့ ကိုက်ညီ တဲ့လက်ဆောင်ပေးတာနေမှာပါ၊ နင့်အတွက် တန်ဖိုးက ကြီးလွန်းနေ တော့ နင်လက်ခံရမှာ မဝံ့မရဲဖြစ်ပြီး မရိုးသားဘူးလားဆိုတဲ့ သံသယ ဝင်နေတာပါ၊ တကယ်တော့ နင့်အပေါ် သူရိုးသားပါတယ်"

ယဉ်နုနှင့်ဆွေဆွေ ခေါင့်ကို နှစ်သိမ့်အားပေးကြသည်။

သူတို့ပြောသလို ခေါင်လက်ခံလိုက်လျှင် မောင့်အပေါ်မှာ ခေါင် ဟာ ဖောက်ပြားသူများဖြစ်နေမလား။

"ဒီမှာ ခေါင် နင်တွေဝေမနေပါနဲ့တော့၊ အရှင်းဆုံးပြောရရင် နင်နဲ့သုတနဲ့က အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့တာမရှိသလို နင် တို့နှစ်ယောက် တရားဝင်လင်မယားအဖြစ် တရားရုံးမှာလက်မှတ်ထိုးရ သေးတာမဟုတ်ဘူး၊ ဒါကြောင့် နင်တို့ပတ်သက်မှုကို လုံးဝမေ့လိုက်လို့ ရတယ် ရှင်းလား၊ နင် သူ့ကိုသာ ဆက်ပေါင်းနေရင် နင်ပဲရှေ့ကနေ ရုန်းကန်ရမှာ၊ သူက သူ့မိသားစုကပထမ နင်က ဒုတိယပဲ၊ ဒါကိုသဘော ပေါက်စမ်းပါဟာ"

"ငါတို့ ခုလိုပြောနေတာ နင်နဲ့သုတကို သွေးခွဲနေတာမဟုတ် ပါဘူး၊ နင် ရွေးချယ်မှုမှန်ကန်အောင် ဘေးကနေ သတိပေးနေတာ ဟွန်း စာရေးဆရာမကို ဆရာလုပ်ရတာ ရယ်စရာတော့ကောင်းသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ယဉ်နု သူ့စကားနှင့်သူ အားရပါးရ ရယ်နေသည်။ ဆွေဆွေကတော့ ပါဆယ်ပုံးကြီးကို ဟိုဘက်ကလှည့်ကြည့်လိုက် ဒီဘက်ကလှည့်ကြည့်လိုက်နှင့် ဂနာမငြိမ် ဖြစ်နေသည်။

''နင်တို့စေတနာကို ငါနားလည်ပါတယ်ဟာ၊ အခုလေ ဒီပုံးထဲမှာ ဘာတွေပါသလဲဆိုတာကို ငါ့ထက် နင်တို့က ပိုပြီးသိချင်နေတဲ့ပုံပဲ၊ ကဲ ဒါဆို ငါတို့အတူတူ ဖွင့်ကြည့်ကြမယ်''

ခေါင့်ဆီက ခွင့်ပြုချက်ရသွား၍ ယဉ်နုနှင့်ဆွေဆွေ တက်ကြွပျော်ရွှင်သွားသည်။

''ဟေး အဲဒီလိုပဲ ဖြစ်ရမှာပေါ့၊ ဟဲ့ ဆွေဆွေ ကပ်ကြေးသွားယူဟာ၊ ဒါကြီးကို ထိုးဖောက်ရအောင်''

ဒီတစ်ခါတော့ ဆွေဆွေ ဖင်ပေါ့စွာဖြင့် နောက်ဖေးဘက်ကို ခပ်သွက်သွက်ထွက်သွားပြီး သိပ်မကြာလိုက် နောက်ဖေးမှကပ်ကြေးယူပြီး ထွက်လာသည်။

သုံးယောက်သား ပါဆယ်ပုံးကြီးကို တက်ကြွစွာဖြင့် ဖောက်နေကြ၏။

ဖောက်နေရင်းမှ ယဉ်နုက

''ဟဲ့ ပုံးတော့ထည့်မထားလောက်ပါဘူးနော် အပ်''

''ကြည့် နင်တို့ပဲ ငါ့ကိုဖောက်ချင်လာအောင် မဲထွယ်ပြီး ခုကျမှ ပုံးထွက်လာမှာ စိတ်ပူနေသေးလား၊ အဲ့ပါရဲ့ ခုမှတော့ မထူးတော့ဘူး။





ဒီထဲက ပစ္စည်းတွေထဲမှာ ပုံးပါရင်လည်း ငါတို့သုံးယောက် အတူတူ ကြေမွသွားကြရုံပဲ''

''အေးလေ လူဆိုတာ သေတစ်နေ့ မွေးတစ်နေ့ပါဟာ၊ မိန်းမတွေ စပ်စုရင်းနဲ့ ပုံးဆံထိပြီးသေတော့လည်း ယမမင်းကြီး လှောင်ပြောင်ရယ်မောဖို့ အကွက်ရသွားတာပေါ့၊ တော်တော်စပ်စုပြီး မက်ကြီးထတဲ့ မိန်းမတွေဆိုပြီးတော့လေ''

ဆွေဆွေကတော့ ပြောလည်းပြော ဘူးခွံကို ဖွင့်လည်းဖွင့်

''ဟာ မိုက်လှချည်လား ဒါဘာတွေလဲ ဘာဘူးတွေလဲ၊ ငါတို့ တစ်ခါမှမမြင်ဖူးဘူး''

''ဒါ ချောကလက်တွေဟဲ့ ငတုံးမရဲ့ ဟယ် ဒါ နာရီဘူး မဟုတ်လား''

ယဉ်နု ငွေရောင်လေးဆောင့်ဘူးလေးကို ဖွင့်ကြည့်လိုက်လျှင် အဖိုးတန်နာရီတစ်လုံးဖြစ်နေသည်။

''ဟဲ့ ဒီမှာ စိန်လက်စွပ်ဘူး၊ ဒါက ရေမွှေး''

ဆွေဆွေကလည်း စိန်လက်စွပ်ဘူးကို ဖွင့်ကြည့်ပြီး ပါးစပ်အဟောင်းသားဖြစ်သွားသည်။

''ဝါး လှလိုက်တဲ့ စိန်လက်စွပ် တော်တော်တန်ဖိုးကြီးမယ့်စိန်မျိုးပဲ အရောင်ကို ဖြာထွက်နေသလိုမျိုးပဲ''

အပွင့်ခပ်ကြီးကြီး စိန်ကို ဘေးမှစိန်ပွင့်သေးသေးများဖြင့် ရံထား



www.burmeseclassic.com

www.burmeseclassic.com



သည့် ဒီဇိုင်းမှာ ယဉ်ယဉ်လေးနှင့် အထက်တန်းကျသော ဒီဇိုင်းဖြစ်သည်။ ဒီလိုလက်စွပ်မျိုး ခေါင် အွန်လိုင်းပေါ်မှာသာမြင်ဖူးတာပါ။ တန်ဖိုးသိန်းရာချီတန်သည်။

"စွပ်ကြည့်စမ်း ခေါင်"

ခေါင့်လက်ကိုယူပြီး လက်ခလယ်မှာ စွပ်ပေးသည်။

"ဟော့တော် အတိုင်းများပေးထားသလား ခေါင်ရယ်၊ ကြည့်စမ်း နင်နဲ့ကွက်တိပဲဟယ်၊ နင့်လက်ချောင်းသွယ်သွယ်စင်းစင်းလေးနဲ့ ဒီလက်စွပ်ကလေး လိုက်ဖက်လိုက်တာဟယ်"

သူတို့ပြောသလိုပါပဲ ခေါင့်ရဲ့လက်ချောင်း သွယ်သွယ်လေးနှင့် စိန်လက်စွပ် တဖျတ်ဖျတ်က အင်မတန် ပနံရသည်ဟု ခေါင်လည်းထင်ပါသည်။

"ဟဲ့ ဒါက laptop ပဲ Apple တံဆိပ်ဆိုတော့ ဈေးကတော့ ရှယ်ပဲ၊ ခေါင်ရေ နင်တော့ ဒီနေ့ကစပြီး ဘောပင်နဲ့မရေးတော့ဘဲ လက်ပ်တော့ပ်နဲ့ပဲရေးတော့၊ စတိုင်ကျမှာဟ ငါသိတယ်"

ဆွေဆွေက laptop box ကို ဖွင့်ကြည့်နေစဉ်တွင် ယဉ်နုက ရေမွှေးပုလင်းထုတ်ပြီး အနံ့ခံကြည့်နေသည်။

"အနံ့လေးက ကောင်းလိုက်တာဟယ်၊ သင်းသင်းလေး ငါတို့မြန်မာပြည်ကရေမွှေးနံ့တွေလို မပြင်းဘူး ဖျော့ဖျော့လေး တွေ့လား"

ပစ္စည်းတွေကို တစ်ခုပြီးတစ်ခု ထုတ်ကြည့်နေသော ဆွေဆွေနှင့်





ယဉ်နု ခေါင့်အစား ပျော်ရွှင်နေကြသည်။

ထို့ကြောင့် အဝတ်အစားလက်ဆောင်တွေပါ ပါသည်မို့ ခေါင်တစ်ယောက်တစ်စုံစီ လက်ဆောင်ပြန်ပေးလိုက်သည်။ ဆွေဆွေရော ယဉ်နုရော အရုပ်ရ၍ ပျော်သွားသော ကလေးငယ်တွေလို မျက်နှာတွေက ပြုံးရွှင်၍နေသည်။

"ခေါင်ရေ ဒီလက်ကိုင်အိတ်က မိကျောင်းသားရေအစစ်ဟ၊ ကြည့်စမ်း နင့်လောက်ကံကောင်းတဲ့သူ ဒီလောကရှိပါဦးမလားဟယ်၊ ငါ့ သူငယ်ချင်း ကံဇာတာတက်ပုံများ အားကျချက်တော်"

ဆွေဆွေ အညာလေသံဖြင့် အားကျစကားဆိုသည်။ သူတို့ ဘယ်လောက်အားကျကြပါစေ ဒါဟာ ခေါင့်အတွက် အောင်မြင်မှုတစ်ခု မဟုတ်သလို အိပ်မက်တစ်ခုလည်း မဟုတ်။

မိတ်ဆွေသစ်တစ်ယောက်အတွက် ရှေ့အနာဂတ်မှာ ဘာတွေဖြစ်လာလေဦးမလဲဆိုသည့် စိုးထိတ်စိတ်တစ်ဝက်က ခေါင့်စိတ်ထဲမှာ ကြီးစိုးနေသေးသည်။ ထိုစိတ်တွေကို ဖုံးထားလို့မရ။

ကိုယ့်စိတ်ကို အကြိတ်တစ်ရာမက သတိပေးနေမိတာကတော့ ယောကျ်ားတွေနဲ့ပတ်သက်လျှင် ခေါင့်စိတ်တွေ ပျော့ညံ့မသွားဖို့ပါပဲ။ ဒီတော့ အစစအရာရာ သတိထားရမည်။

ခေါင်ဟာ အညာလွယ်တတ်သော မိန်းမမျိုးဖြစ်မှာကို ခေါင့်ဘဝမှာ အကြောက်ဆုံးပါပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ခေါင့်ဆီကို လက်ဆောင်ပို့ပြီး ဆယ့်ငါးရက်အကြာမှာ ပေါလ် မြန်မာပြည်ကို ရောက်လာသည်။ ခေါင့်ကိုလာကြိုဖို့ အကူအညီတောင်းသဖြင့် ဆွေဆွေနှင့်ယဉ်နုကို ခေါ်သွားပြီး ခေါင် လေဆိပ်ကိုလာကြိုမိပါသည်။

"ခေါင် နင်အပြင်မှာမြင်ရင် မှတ်မိမှာပါနော်"

"မှတ်မိပါတယ်ဟ"

များပြားလှသော လူတွေကြားထဲမှာ ခေါင့်အကြည့်တွေကို ရှင်ရှင်ထားပြီး မလွတ်တမ်းလိုက်ရှာရသည်။ မြန်မာတွေရော နိုင်ငံခြားသား ခရီးသည်တွေပါ ရှုပ်ယှက်ခတ်နေသည်။ ပန်းစည်းကိုင်ပေးထားသော ဆွေဆွေ လည်ပင်းညောင်ရေအိုးဖြစ်မတတ်။

ယဉ်နုက ခေါင့်ဖုန်းကို တောင်းယူပြီး ပေါလ်၏ဓာတ်ပုံကို ကြိုန်း





သေစေရန် ပြန်ကြည့်လိုက် ခရီးသည်တွေထဲဝင်ပြီး ရှာလိုက်နှင့် အလုပ်တွေ တော်တော်ရှုပ်နေသည်။

ခေါင်ကတော့ စိတ်လှုပ်ရှားခြင်းတွေကို လုံခြုံအောင်ဖုံးဖိပြီး တည်တည်ငြိမ်ငြိမ်ပင် စောင့်နေသည်။

"ဟိုင်း ဟန်နီ"

တွေ့ပါပြီ အရပ်ရှည်ရှည် ရွှေညိုရောင် ဆံပင်နှင့် ဖြူဝင်းသော အသားအရေနှင့် သန့်ပြန့်သောရုပ်ရည်ကို ပိုင်ဆိုင်ထားသည့် ပေါလ်ချာလီ ဆိုသော ခေါင့်မိတ်ဆွေ။

"ဟိုင်း ပေါလ်"

ခေါင် ပြန်နှုတ်ဆက်လိုက်သည်။ ပေါလ်မှာ ခေါင့်ကိုမြင်မြင်ချင်း ရင်ချင်းအပ်ပြီး ပါးချင်းအပ်ကာ နှုတ်ဆက်၏။

ပေါလ်၏အပြုအမူကိုကြည့်ပြီး ယဉ်နုနှင့်ဆွေဆွေ မျက်လုံးအဝိုင်းသားလေးတွေဖြင့် တအံ့တသြ ကြည့်နေကြသည်။ ခေါင် ရှက်နေပေမယ့် အနောက်တိုင်းသားတွေရဲ့ယဉ်ကျေးမှုမို့ အလိုက်အထိုက် နှုတ်ဆက်ရသည်။

"အရမ်းလှတယ် ဟန်နီ"

ပွင့်လင်းသော ချီးကျူးစကားကြောင့် ခေါင် မျက်နှာ ပန်းရောင်သွေး ရောင်လွှမ်းသွားသည်။

"ကျေးဇူးတင်ပါတယ် ပေါလ်"

www.burmeseclassic.com

www.burmeseclassic.com



ပေါလ်၏အကြည့်တွေက ခေါင့်အပေါ်မှာ နှစ်လိုဖွယ်သောအရိပ်တွေ အထင်းသားပေါ်လွင်နေမှန်း ခေါင် ရိပ်မိပါသည်။

"ဪ မိတ်ဆက်ပေးရဦးမယ် ဒါ ခေါင့်ရဲ့အချစ်ဆုံးသူငယ်ချင်းတွေပါ သူက ဆွေဆွေ၊ ဒီဘက်က ယဉ်နုတဲ့"

"တွေ့ရတာ အများကြီး ဝမ်းသာပါတယ်ဗျ"

ယဉ်ကျေးစွာ နှုတ်ဆက်ပြီး ဆွေဆွေ့လက်နှင့်ယဉ်နုလက်ကို ကိုင်ဆွဲပြီး နှုတ်ဆက်သည့်အပြင် ရင်ဘတ်ချင်းထပ်အပ်ပြီး နှုတ်ဆက်ပြန်သဖြင့် ဆွေဆွေနှင့်ယဉ်နု အမူအရာများမှာ အူကြောင်ကြောင်နိုင်လွန်းနေသည်။

"ဟုတ်ကဲ့ရှင့် တွေ့ရတာ ဝမ်းသာပါတယ်"

ယဉ်နု မဝံ့မရဲပြန်၍ နှုတ်ဆက်သည်။ ဆွေဆွေကလည်း ပြုံးပြပြီး

"ကျွန်မလည်း ဝမ်းသာပါတယ်ရှင်"

"ကျွန်ုပ်ကလည်း အများကြီး ဝမ်းသာပါတယ်ဗျ"

မြန်မာသံစစ်စစ် မဟုတ်ဘဲ အနောက်တိုင်းသံပေါက်နေသဖြင့် လေယူလေသိမ်းကို မနည်းလိုက်နားထောင်ရသည်။

"ပေါလ်အတွက် ရွှေဂုံတိုင်ဟိုတယ်မှာ အခန်းဘွတ်ကင် ကြို လုပ်ပေးထားပါတယ်"

"ဟိုတယ်"





ပေါလ်က ဟိုတယ်ဟုပြန်၍ ရေရွတ်ပြီး ခေါင့်ကိုပြန်မေးသလို ပြုသည်။

"ဟုတ်ပါတယ် ဟိုတယ်မှာပါ"

"အို နိုး နိုး ဟိုတယ်မှာ မတည်းချင်ဘူး၊ မြန်မာအိမ်မှာတည်းပြီး မြန်မာအငွေ့အသက်ကို ခံစားချင်တယ်၊ ပြီးရင် မြန်မာထမင်းဟင်းကို အများကြီးစားမယ်"

"မြန်မာအိမ်မှာတည်းမယ် ဟုတ်လား"

" Yeah ဟန်နီ့အိမ်မှာတည်းမှာပေါ့၊ ဒီမြန်မာပြည်မှာ မိတ်ဆွေ သုံးယောက်တောင်ရှိနေတာပဲ"

ခေါင့်စိတ်ထဲ အယောင်ယောင်အမှားမှားဖြင့် ဘုရားတလိုက်သည်။ ဆွေဆွေနှင့်ယဉ်နုလည်း တစ်ယောက်မျက်နှာတစ်ယောက် သေချာကြည့်လိုက်ကြသည်။

ပေါလ် အရိပ်အကဲနားလည်သူပီပီ တဟားဟား ရယ်လိုက်ပြီး

"ကျွန်ုပ်က နောက်တာပါ၊ ကိုယ့်ကြောင့် ဘယ်သူ့ကိုမှ ဝန်ထုပ်ဝန်ပိုးမဖြစ်စေချင်ပါဘူး၊ ဒါကြောင့် ဟိုတယ်မှာပဲတည်းမှာပါ"

အတည်ပေါက်နှင့်နောက်တတ်သော ပေါလ် ကြောင့် ခေါင် တဒင်္ဂအတွင်း ပျော်ရွှင်သွားရပါသည်။

"မြန်မာတွေက ဧည့်ဝတ်ကျေပွန်တတ်ပါတယ်ရှင့်၊ ခေါင့်အိမ်မှာတည်းလို့မသင့်တော်ပေမယ့် ကျွန်မတို့အိမ်တွေမှာ မိသားစုတွေအတူ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေလို့ သင့်တော်ပါတယ်''

ယဥ်နု စကားကြောင့် ပေါလ် တအံ့တသြ ရေရွတ်သည်။

''မသင့်တော်ပေမယ့် ဟုတ်လား၊ အဲဒါ ဘာအဓိပ္ပာယ်လဲ''

မြန်မာစကားကို အစုံအစိ နားလည်ပုံမရသော ပေါလ်ကိုကြည့်ပြီး ယဥ်နုအား ဘာတွေလျှောက်ပြောနေတာလဲဟု မျက်ရိပ်ပြလိုက်သည်။

''မသင့်တော်ဘူးဆိုတာက ခေါင်က သူ့အိမ်မှာ သူတစ်ယောက်ထဲနေတာလေ၊ မြန်မာအမျိုးသမီးတစ်ယောက်ထဲနေတဲ့အိမ်မှာ သူစိမ်းယောကျ်ားတစ်ယောက်နဲ့အတူနေရင် လူတွေက ခေါင့်အပေါ် တစ်မျိုးထင်ကြလိမ့်မယ်''

''သိပြီ သိပြီ ဒါမှန်တာပေါ့၊ အများကြီးမှန်တယ်၊ ဆောရီးပါ ကျွန်ုပ် အနောက်လွန်သွားတာပါ''

သူ့ကိုယ်သူ ကျွန်တော်၏နာမ်စားမသုံးဘဲ ကျွန်ုပ်ဟု နာမ်စားသုံးပြီး ပြောနေသော ပေါလ်၏မျက်နှာပေါ်မှာ ပျော်ရွှင်ကျေနပ်နေသော အရိပ်တွေ စုပြုံတိုးသိပ်နေပုံပါပဲ။

ထိုနေ့က ခေါင်တို့ ပေါလ်အား ဟိုတယ်ကိုလိုက်ပို့ကြပြီး နောက်တစ်နေ့တွင် ပေါလ်အတွက် ကားနှင့်အိမ်ခန်းငှားပေးဖို့အတွက် ယဥ်နုအစ်ကိုထံမှ အကူအညီယူရန် သူငယ်ချင်းတွေတိုင်ပင်လိုက်ကြသည်။

ဟိုတယ်မှ ပြန်ထွက်ဖို့ပြင်တော့ ပေါလ်က ခေါင့်ကို မပြန်ပါနဲ့ဦးဟု ခပ်တိုးတိုးပြောသည်။





''ခေါင်တို့သူငယ်ချင်းတွေ သွားစရာတစ်ခုရှိသေးလို့ပါ''

''ဒါဆို ညစာအတူစားကြဖို့ ညနေပြန်လာခဲ့ပေး ပြီးရင် အသုံးအဆောင်တချို့ ဝယ်ချင်တယ်၊ ဘယ်မှာဝယ်လို့ရနိုင်မလဲ နေရာမသိဘူး ဟန်နီ ကူညီမှဖြစ်မှာ''

ဆွေဆွေတို့ ယဥ်နုတို့ကို မဖိတ်ချင်၍ ခေါင်နှင့်နှစ်ကိုယ်ကြား ပြောနေသော ပေါလ်၏တောင်းဆိုမှုကို ခေါင် ငြင်း၍မကောင်းတော့။ ဒီအချိန်မှာ ခေါင်က အိမ်ရှင် ပေါလ်က ဧည့်သည်ဖြစ်နေသည့်အတွက် ခေါင်ဘက်က ကူညီရမှာဝတ္တရားပင်။

''ခေါင် လာခဲ့ပါ့မယ် ပေါလ်''

''ကျေးဇူးပဲ ဟန်နီ''

ပေါလ် ခေါင့်နဖူးကို ဖျတ်ခနဲ နမ်းလိုက်သည်။ ရုတ်တရက်မို့ ခေါင် အံ့အားသင့်သွားပေမယ့် ပေါလ်ကို နားလည်ပေးလိုက်ပါသည်။

ဒါဟာ သူတို့ရဲ့ယဥ်ကျေးမှုပြယုဂ်တစ်ခုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

''ကိုကို ကျွန်တော် မမခေါင်ကို ရွှေဂုံတိုင်ဟိုတယ်ထဲ ဝင်သွားတာတွေ့တယ်''

ဖုန်းထဲမှ ရေးကြီးသုတ်ပျာပြောလိုက်သော သုခစကားကြောင့် ရုံးတွင် စာရင်းစစ်ဝင်နေရာမှ သုတစိတ်တွေ ဂနာမငြိမ်ဖြစ်၍သွားသည်။ ခေါင်က ဟိုတယ်ထဲဝင်သွားသည်ဆိုရအောင် ဘာကြောင့်လဲ ဘယ်သူ့ဆီသွားတာလဲ ဟိုတယ်မှာ ဘယ်သူရှိနေလို့လဲ။

သုတ စိတ်ထဲမှာ လဲပေါင်းများစွာဖြင့် စိတ်တို့ရှုပ်ထွေး၍သွားသည်။

ချက်ချင်းပြေးသွားရအောင်လည်း ကိုယ့်အထက်လူကြီးတွေရှိနေ၍ ခုလို အရေးကြီးတဲ့အချိန်မှာ လုပ်လက်စအလုပ်တွေချထားခဲ့ပြီး လစ်ထွက်သွား၍မဖြစ်။ ခုလို ဖုန်းထပြောတာတောင် လွန်လှပြီ။





''ငါ ခုလာလို့မရဘူး သုခ၊ မင်း အဲဒီဟိုတယ်ရှေ့မှာ စောင့်နေလိုက်၊ ခေါင်ထွက်မလာမချင်း မင်းလည်း ပြန်မလာနဲ့၊ ငါ စာရင်းစစ်တွေပြန်တာနဲ့ ချက်ချင်းထွက်လာခဲ့မယ်၊ အကယ်၍ ခေါင် ပြန်ရင်လည်း မင်း သူ့နောက်က မသိမသာလိုက်သွားလိုက်ပါ၊ ဒါမှ သူ့လိပ်စာကိုရမှာ ဟုတ်ပြီလား''

သုခကို မှာစရာရှိတာ အသေးစိတ်မှာလိုက်ပြီး ရုံးခန်းထဲသို့ ချက်ချင်းပြန်ဝင်လာလိုက်သည်။

မျက်စိမျက်နှာပျက်နေသော ရုံးဝန်ထမ်းနှင့်အထက်လူကြီးက သုတ အမူအရာပျက်နေတာကို သတိထားမိကြပေမယ့် လုံးဝမမေး။ သုတ ဟန်မပျက်ပင် စားပွဲမှာပြန်ထိုင်လိုက်ပြီး ကွန်ပျူတာထဲမှ လချုပ်စာရင်းတွေကို ပြန်ပြီးစစ်ဆေးနေလိုက်သည်။

မျက်လုံးထဲမှာ စခရင်ပေါ်က ကိန်းဂဏန်းတွေကိုမြင်နေရပေမယ့် ရင်ထဲမှာတော့ ဖွဲမီးလို တငွေ့ငွေ့နှင့်ပူလောင်၍နေသည်။

ခေါင် ဘာတွေလုပ်နေတာလဲဆိုသည့် သိချင်စိတ်က စိတ်အာရုံတွေကို ကစဉ့်ကလျားဖြစ်နေစေသည်။ လုပ်ငန်းခွင်မှာ ကိုယ့်ခံစားချက်ကြောင့် မထိခိုက်စေလို၍ ကိုယ့်စိတ်ကိုပြန်ချုံးနှိမ်ပြီး အလုပ်ထဲကို အာရုံပြန်နှစ်လိုက်သည်။

ဘာပဲဖြစ်ဖြစ် ခေါင်နဲ့ပြန်သင့်မြတ်ဖို့ ရောင်နီလေးတော့ သန်းလာပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ခေါ်င်ရေ မောင့်ကိုခွင့်လွှတ်နားလည်ပေးပါကွာ။ မောင် ခေါ်င့်ကို တကယ်ချစ်ပါတယ်ကွာ။ နောက်ပြီး ခေါ်င့်ကိုလွမ်းလှပြီ။

■ ■ ■

"ဟာကွာ မင်းကို သေချာစောင့်ကြည့်ထားပါလို့ အတန်တန် မှာထားရက်နဲ့ကွာ"

"ကျွန်တော်လည်း သေချာစောင့်ကြည့်နေတာပါပဲ၊ ရေဆာလို့ ရေသန့်ဘူးလေး သွားဝယ်နေတုန်း ဘယ်အချိန်ထွက်သွားမှန်းမသိလိုက်တာ၊ ကိုကို သိတဲ့အတိုင်း အဲနားမှာ ဘာဆိုင်မှရှိတာမဟုတ်ဘူး၊ ရေတော့သောက်မှဖြစ်မှာလေ ကိုကိုရ"

သူ့အမှားကြောင့် ဆင်ခြေတွေပေးနေသော သုခကိုလည်း ထပ်ပြီး အပြစ်မတင်ချင်တော့။ ကိုယ့်ရှေ့တွင် အငွေ့တစ်ထောင်းထောင်းထနေသော လက်ဖက်ရည်ခွက်ကိုသာ မျှော်လင့်ချက်မဲ့စွာကြည့်ရင်း သက်မတွေ အခါခါချမိသည်။

"မမခေါ်င်က တကယ်နေနိုင်တယ်ဗျာ၊ ဘာပဲဖြစ်ဖြစ် ဖုန်းလေး တစ်ချက်တော့ ဆက်သင့်ပါတယ်"

"သူ ငါ့ကိုမုန်းသွားမှတော့ ဖုန်းလည်းဆက်တော့မလားကွ၊ ဖော့တွတ်ခ်မှာတောင် ဘလော့ခ်ပစ်လိုက်တာကြည့်လေ၊ ခေါ်င့်ရဲ့ပြတ်သားမှုက နောက်လှည့်မကြည့်တမ်းဆိုပြီး စိန်ခေါ်သွားသလိုပါပဲ၊ ဒါပေမဲ့ ကိုယ်ဘာမှခေါ်င့်ကို မမေ့နိုင်တာပဲလေ၊ ဒါကြောင့်လည်း နေ့စဉ်ရက်ဆက်





ခေါ်င့်ကိုရှာဖွေရင်း တမ်းတရင်းနဲ့ အချိန်တွေကို ဖြုန်းနေမိတာပါ။

"ကိုသုတ"

ညီအစ်ကိုနှစ်ယောက် ခေါ်င့်ကိစ္စ ခေါင်းချင်းဆိုင်နေစဉ် လက်ဖက်ရည်ဆိုင်ထဲသို့ သုတသူငယ်ချင်း စိုးလင်း ဝင်လာသည်။

"ငါ မင်းကိုရှာနေတာ မင်းအမေက လက်ဖက်ရည်ဆိုင်သွားကြတယ်ဆိုလို့ လိုက်လာတာ"

စိုးလင်း ဝိုင်းထဲဝင်ထိုင်လိုက်သည်။ သုတ လက်ဖက်ရည်တစ်ခွက်ကို အလိုက်တသိ လှမ်းမှာပေးလိုက်သည်။ ကိုစိုးလင်းက မငြင်းဘဲ ရေနွေးကြမ်းအရင်ငှဲ့သောက်ထားသည်။

"မင်းညပိုင်း တက္ကစီမောင်းမလို့ဆို၊ ငါ့ကို မောင်နိုင်ပြောလို့ မင်းဆီကိုလာတာ"

"ဘာဖြစ်လို့လဲ ခင်ဗျားကားဝယ်ပြီးရင် ကျွန်တော့်ကို ပေးမောင်းမလို့လား"

"အေး၊ ဝယ်ပြီးသွားပြီ၊ ဒါပေမဲ့ ငါဝယ်တာတော့ မဟုတ်ဘူး၊ ငါ့ညီမဝယ်တာ၊ စိတ်ချရတဲ့သူကိုပေးမောင်းချင်တယ်ဆိုတာနဲ့ ငါလည်း မင်းကိုအရင်ဆုံး ပြေးမြင်မိတာ ဘယ်လိုလဲ မင်းမောင်းမလား"

"မောင်းတာတော့ ဟုတ်တယ်ဗျ၊ ကျွန်တော်က ညပိုင်းပဲ မောင်းချင်တာ၊ အဲ ပြီးတော့ အစိုးရရုံးပိတ်ရက်တွေရယ်"

"ရတာပေါ့ စနေ တနင်္ဂနွေ တစ်နေကုန်မောင်း ညဘက်မ



www.burmeseclassic.com

www.burmeseclassic.com



မောင်းနဲ့ပေါ့၊ ပြီးတော့ ကားက မင်းကိုပေးထားမှာပဲ ကြိုက်သလိုမောင်း''

အလုပ်ထပ်လုပ်ဖို့ အခွင့်အရေးရပြီမို့ သုတ ပျော်သွားသည်။

''ဟာဗျာ အိမ်ပေးထားရင်တော့ ကောင်းတာပေါ့၊ မနက်စော စော ရုံးမသွားခင်လေး ကားဆွဲလို့ရတာပေါ့၊ ဒါနဲ့ လစာကရော ဘယ် လောက်ပေးရမှာလဲ''

''ဒီဖယ်ကားမို့ တစ်လကို နှစ်သိန်းပဲပေးရမှာ၊ မင်းအတွက် အများကြီးတွက်ချေကိုက်ပါတယ်ကွာ''

''ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် မောင်းပါ့မယ်ဗျာ''

စောစောက ခေါင်အကြောင်းပြောပြီး မျှော်လင့်ချက်မဲ့နေသော သုတစိတ်ထဲ မျှော်လင့်ချက်ရောင်ခြည်တွေ ပြန်သန်း၍လာပြန်သည်။

''ဒါဆို ဒီနေ့ပဲ ကားလိုက်ယူလိုက်လေ၊ တော်ကြာနေ သူများ ဦးသွားဦးမယ်''

''ဟုတ်ကဲ့ပါ ဒါဆို ခုပဲသွားမယ်၊ ဩော် ဒါနဲ့ စပေါ်တွေဘာ တွေ မတင်ရဘူးမဟုတ်လား''

''မတင်ရပါဘူး လာ ငါ့မှာ ဆိုင်ကယ်ပါတယ်၊ ဆိုင်ကယ်နဲ့ သွားမယ်''

ခေါင်နှင့်ပြန်နီးစပ်ဖို့အတွက် ကိုယ့်တက်က ကြိုတင်ပြင်ဆင်ရ တော့မှာပေါ့။ သုတ တက်ကြွစွာဖြင့် ကိုစိုးလင်း ဆိုင်ကယ်နှင့် ကားအုံနာ အိမ်ဆီသို့ လိုက်သွားလိုက်သည်။

■ ■ ■





''အမေ အဖေမှသား ဘယ်ကကားမောင်းလာလဲမသိဘူး''

မမနိုင်စကားကြောင့် အဖေ့ကို ဆေးတိုက်နေရာမှ အိမ်ရှေ့ကို ကပျာကယာ ထွက်လာပြီး

''ဟဲ့ သား ဒါဘယ်သူ့ကားလဲ၊ မဟုတ်မှလွဲရော ငါ့သား ဝယ် များလာတာလား''

လောဘဖြင့်မေးလာသောကြောင့် သုတ ခေါင်းခပ်လေးလေး ခါပြလိုက်သည်။

''မဟုတ်ပါဘူး အမေ၊ ကျွန်တော် ညပိုင်း တက္ကစီဆွဲမှာမို့ တ်လနှစ်သိန်းနဲ့ငှားလာတာပါ''

''အမလေး ငါ့သား အလုပ်ကြိုးစားလှချည်လားကွယ်၊ ဘာလဲ နောက်မိန်းမတစ်ယောက် ထပ်ယူမလို့လား၊ ဒါဆိုလည်း ယူ သားရေ''

ထင်ကြေးဖြင့် လျှောက်မေးနေသော အမေ့စကားကြောင့် သုတ စိတ်တွေပို၍မွန်းကြပ်စေသည်။

ယူခဲ့ပြီးသား ခေါင်နှင့်တောင် တည့်အောင်မနေနိုင်ကြဘဲ နောက် ချွေးမအသစ်ကိုမျှော်သေးသတဲ့။ အံ့ပင်ဩပါရဲ့။

စိတ်ထဲက ခပ်ချဉ်ချဉ်တွေးပြီး အခန်းထဲကို တန်းဝင်ခဲ့လိုက် သည်။

အမေ အခန်းထဲ လိုက်ဝင်လာသည်။

''သား မင်းကို အမေ ပြောစရာရှိတယ်''



www.burmeseclassic.com

www.burmeseclassic.com



''ဘာများလဲ အမေ''

''မင်းညီမလေးက စီမံခန့်ခွဲမှုပညာသင်တန်း တက်ချင်လို့တဲ့၊ အမေက သူ့ကိုသင်တန်းကြေးမပေးနိုင်ဘူးလေ၊ အခု သားက နောက်အလုပ်ထပ်လုပ်ဦးမယ်ဆိုတော့ မင်းများတတ်နိုင်မလားလို့ပါ''

သုတ ကျွတ်ခနဲ စုတ်သပ်လိုက်ပြီး

''အမေရာ အမေ့သမီးက ဟိုသင်တန်းတက် ဒီသင်တန်းတက်နဲ့ ပြီးကိုမပြီးနိုင်တော့ဘူးလား''

''ဒါကတော့ သူ့တက်လမ်းပဲလေ၊ အမေက မိဘဆိုတော့ ဖြည့်ဆည်းပေးချင်တာပဲ သိတယ်၊ ဒါပေမဲ့ အမေက သားရဲ့လုပ်စာ ထိုင်စားနေရတာဆိုတော့ အရာရာ သားကိုပဲအားကိုးနေရတာလေ''

သုတ ဘာမှမပြောချင်တော့၍ ရေချိုးရန် နောက်ဖေးခန်းကို ထွက်လာခဲ့လိုက်သည်။ မိဘနှစ်ပါးအပြင် ညီအစ်ကိုမောင်နှမအတွက် နှလုံးသားတွေကိုပါ စတေးနေရသည့် အခြေအနေထဲက ဘယ်တော့ရုန်းထွက်နိုင်မလဲ။

■ ■ ■



## အခန်း (၂၃)

''ဟန်နီ''

''ရှင် ပေါလ်''

''ကိုယ် မေးစရာရှိတယ်''

''မေးပါ''

''ဟန်နီတို့အိမ်ထောင်ရေး ကွာရှင်းပြီးသွားကြပြီဆို''

''ဘယ်သူပြောလဲ''

''ကိုယ်စုံစမ်းလို့ပါ''

အရင်လို ကျွန်ုပ်ဟု မသုံးနှုန်းတော့ဘဲ သူ့ကိုယ်သူ ကိုယ်ဟု သုံးစွဲလာသော ပေါလ်၏စကားအသုံးအနှုန်းကို ခေါင် သတိထားမိလာသည်။ ပေါလ်၏အကြည့်တွေသည် ရူးရူးတည်ကြည်ကာ ပြာလဲ့လဲ့မျက်လုံးအိမ်ထဲမှာ ခေါင့်ကို သံယောဇဉ်ငြိတွယ်နေသော အရိပ်အယောင်တွေက



www.burmeseclassic.com

www.burmeseclassic.com



အထင်းသားပေါ်နေ၏။

"စိတ်အခန့်မသင့်လို့ ခဏခွဲနေတာပါ"

ခေါင့်စကားကို ဘာမှပြန်မထောက်ခံဘဲ ပေါလ်အကြည့်တွေက ခေါင့်ဆီမှမခွာ။ ခေါင် မနေတတ်စွာဖြင့် ပေါလ်ကိုမကြည့်မိအောင် ဟိုတယ်ခန်း၏ပြတင်းပေါက်ခန်းဆီးလိုက်ကာတွေကို ငေးကြည့်နေလိုက်သည်။

"ခေါင် အရမ်းလှတယ်"

"အို ခေါင့်ကို အဲဒီလို မလုပ်ပါနဲ့"

ခေါင့်နောက်ကျောမှ သိမ်းဖက်လိုက်သော ပေါလ်၏နှုတ်ခမ်းတွေက ခေါင့်လည်တိုင်အနှံ့ဆီသို့ အနမ်းတွေအဖြစ် ကျရောက်လာသည်။

ထိုအထိအတွေ့တွေက ခေါင့်ခန္ဓာကိုယ်တစ်ခုလုံး ကျင်စက်နှင့် အတို့ခံရသလို ရှိန်းမြထူပူသွားသည်။

"ဟန်နီရယ် မင်းကိုမြတ်နိုးတယ်၊ ချစ်တယ် ခုလိုမျိုး အမြဲ ဖက်ထားချင်တယ်၊ ပြောဒီ ဟန်နီရဲ့နှုတ်ခမ်းသားအိအိလေးကို စိတ်လွတ်ကိုယ်လွတ် နမ်းရှိုက်ချင်တယ်၊ ပြီးတော့ ကိုယ်ဟန်နီတစ်ဘဝလုံးကို ပိုင်ဆိုင်ချင်တယ်၊ ဟန်နီ လိုအပ်သမျှကို ဖြည့်ဆည်းပေးချင်တယ် ခွင့်ပြုပါ ဟန်နီ"

ခေါင့်စိတ်ခံစားမှုတွေ နတ်ဝင်သည်တစ်ယောက်လို တဆတ်ဆတ် တုန်ခါလာသည်။ ဟင့်အင်းလို့ ငြင်းဆန်နေပေမယ့် ခေါင်ဟာ



သူ့အနမ်းတွေထဲက ရုန်းထွက်ဖို့ ခက်ခဲနေတာကိုတော့ ခေါင်သာလျှင် အသိဆုံးပါ။ ခေါင့်ရဲ့လက်အစုံက ခါးကိုသိမ်းဖက်ထားတဲ့ သူ့လက်အစုံကို ဘာကြောင့်လိုလားစွာ ဆုပ်ကိုင်နေပါလိမ့်။ တကယ်ဆို အဲဒီလက်တွေကို ခေါင်ဟာ ပြတ်သားစွာ တွန်းဖယ်ငြင်းဆန်ရမှာမဟုတ်လား။

တကယ်ဆို ခေါင့်ဘဝမှာ ဒီလိုညင်သာကြည်မွေ့တဲ့ ခံစားမှု အထိအတွေ့မျိုး မခံစားဖူးခဲ့တာ အမှန်ပါ။

ထိုသို့ဆိုလျှင် မောင်နှင့်ရော ဒီလိုခံစားမှုမျိုး မခံစားရဘူးလား ဟု မေးဖွယ်ရာရှိပါသည်။ ထိုသို့မေးလာလျှင် ခေါင် ရဲရဲကြီးဝန်ခံပါသည်။

မောင်နှင့်သမီးရည်းစားကာလမှာ ခေါင်ဟာ ကော်ဖီဆိုင်ထိုင် ဘုရားသွားတာလောက်နှင့် ချစ်သူသက်တမ်းကုန်ဆုံးခဲ့ဖူးတာပါ။ တစ်ခါတစ်ရံ မောင်က ရုပ်ရှင်အတူကြည့်ဖို့ခေါ်ပေမယ့် ခေါင်ဟာ ရှက်ရွံ့စွာ ငြင်းဆန်ခဲ့သည်ချည်းပါပဲ။

လက်ထပ်ခဲ့ကြပြန်တော့လည်း ခေါင်ဟာ အပျိုစင်ဘဝအတိုင်း အိမ်ထောင်ရှင်မဆိုတဲ့ အမည်ကိုခံခဲ့တာပါ။ အခန်းကျဉ်းထဲမှာ တခြားယောကျ်ားလေးတစ်ယောက်နှင့် အခန်းတစ်ခုကိုမျှသုံးနေရသော မောင့်အဖို့ ခေါင့်ရဲ့အပျိုစင်ဘဝကို သိမ်းပိုက်ယူငင်ဖို့ အခွင့်မသာခဲ့တာဟာ ခေါင့်အရှက်တရားတွေကြောင့်ပါ။

ထိုအတွက်ကြောင့် ခေါင်နှင့်မောင့်ကြားမှာ ရင်ခုန်ညွှတ်နူးသာယာချိန်တွေ ရှားပါးခဲ့ရတာပါ။ ဒီအတွက်ကြောင့် ခေါင်ဟာ ပေါလ်၏



www.burmeseclassic.com

www.burmeseclassic.com



အတွေ့တွေကို သာယာမိနေသလားပဲ။ ခေါင်တို့ရင်ဘတ်ချင်းအုပ်မိသည့်ခဏ။

"ပြောပါဦး ဟန်နီ"

ခေါင့်နှုတ်ခမ်း၊ ပါးပြင်၊ နဖူး၊ လည်တိုင်အနှံ့ကို ပေါလ် ညင်သာစွာနမ်းရှိုက်သည်။ ခေါင့်ခံစားမှုတွေ တိမ်စိုင်တွေပေါ် ပြေးလွှားဆော့ကစားနေသလို အရာအားလုံးဟာ လွင့်မျောနေသလို ခံစားရသည်။

"ဟင့်အင်း မဖြစ်ဘူး အဲလိုမလုပ်ပါနဲ့ ပေါလ်၊ ခေါင်တို့အဲဒီလိုပတ်သက်လို့မရဘူး"

သတိလက်လွတ်ဖြစ်နေသော ခေါင့်ကိုယ်ခေါင် အတင်းလှုပ်နှိုးလိုက်သလို ခေါင်အသိတရားတွေ အရှက်တရားတွေကို အချိန်မီပြန်လည်ထိန်းလိုက်သည်။

ခေါင် စိတ်ခံစားမှုအတိုင်း ရှေ့ကို ဆက်မတိုးသင့်ပါဘူး။

"ကိုယ် ဟန်နီ့ကိုတကယ်ချစ်တယ်၊ အရူးအမူးကိုချစ်နေတာ ကိုယ် မြန်မာပြည်လာတဲ့ ရည်ရွယ်ချက်က ဟန်နီနဲ့တွေ့ဖို့ ခေါင့်ဘဝတစ်ခုလုံးကို အပိုင်ယူချင်လို့ ပြောပါ ဟန်နီ၊ ကိုယ့်ကဝထဲကို ဟန်နီဝင်လာမလား ကိုယ်က ဟန်နီ့ဘဝထဲ ဖွတ်ဝင်ခဲ့ရမလား၊ ဟန်နီ ဘယ်လိုပဲဆုံးဖြတ် ဆုံးဖြတ် ကိုယ့်ဘက်က အဆင်သင့်ပါပဲ"

"ခေါင် ပြန်တော့မယ် ပေါလ်"

ငြင်းလည်းငြင်းချင်သည်။ ငြင်းလည်း မငြင်းရက်သော အခြေ





အ[illegible]စ်ခုထဲမှာ ခေါင်စိတ်တွေကို အမွှန်းကြပ်မခံစေချင်တော့သဖြင့် သန်မာသော ပေါလ်၏ဖက်တွယ်ထားမှုထဲမှ ရုန်းထွက်လိုက်သည်။

"နေပါဦး ဟန်နီ၊ ကိုယ့်မှာချို့ယွင်းချက်ဆိုလို့ ဘာသာမတူတာပဲရှိပါတယ်၊ ကိုယ် ဗမာသွေးစီးဆင်းထားတဲ့ ဗမာတစ်ယောက်ပါ၊ ဒီတစ်ခုထဲနဲ့တော့ ကိုယ့်ကိုမငြင်းပါနဲ့၊ ကိုယ်ဗမာပြည်ကိုချစ်တယ်၊ ဗမာစကားပြောရတာကို နှစ်သက်တယ်၊ ပြီးတော့ ဗမာမလေးကိုချစ်တယ်"

ပေါလ် ခေါင့်လက်ကို ဖမ်းဆွဲပြီးတားသည်။

"ဟင့်အင်း နောက်နေ့မှထပ်တွေ့မယ်၊ ဒီနေ့တော့ ခေါင် ပြန်မှဖြစ်တော့မှာမို့ပါ"

ခေါင့်စိတ်တွေ ပေါလ်အပေါ်မှာ ဒီထက်ပိုပြီး မတိမ်းညွှတ်မိခင်မှာ ခေါင်ပြန်မှဖြစ်မည်မို့ ဖွတ်အတင်းပင် ပြန်လာခဲ့လိုက်သည်။

■ ■ ■

ရုံးဆင်းကတည်းက တဖွဲဖွဲစဲစဲနေသော သုတမှာ ခုချိန်ထိ အုံနာကြေးပင် မပြည့်သေး။ မိုးကအေးနေတော့ လူတွေအပြင်မထွက်ကြတော့ဘူးလားမသိ။ ဒီအတိုင်း ခရီးသည်လာငှားမည်ကို အချိန်ကုန်ခံထိုင်စောင့်မည့်အတူတူ တာမွေဘက်သို့ တစ်ပတ်လောက်ပတ်ပြီး ခရီးသည်ရှာဖို့ စိတ်ကူးလိုက်သည်။

ညခုနစ်နာရီမို့ လူတွေသွားလာနေနိုင်သေးပေမယ့် မိုးကတဖွဲဖွဲတဖျောက်ဖျောက်နှင့်မို့ လူတွေအိမ်ပြင်မထွက်ကြတော့ဘူးလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



Ocean ရှေ့မှအဖြတ် ဈေးဝယ်ပြီး ထွက်လာဟန်ရှိသည်။ ကားကိုလှမ်းတားသည်။ သုတ ပျော်သွားသည်။ ကားကိုမှေးရပ်လိုက်ပြီး ခရီးသည်ကို ပြုံးရွှင်စွာကြည့်ပြီး ဘယ်သွားမလဲဟုမေးမည်အပြု ခရီးသည်မှာ နိုင်ငံခြားသားဖြစ်နေသည်။

" Where you go? "

သုတ၏အမေးကို ပေါလ် အပြုံးဖြင့် မဂ်လာပါဟုနှုတ်ဆက်ပြီး လက်ဆွဲအိတ်တွေကို လက်တစ်ဖက်မှစုကိုင်လိုက်ပြီး ကျန်သည့်လက်ဖြင့် ဘောင်းဘီအိတ်ထဲမှ လိပ်စာရေးမှတ်ထားသော စာရွက်တစ်ရွက် ထုတ်ပေးသည်။

"ကျွန်တော် ဒီလိပ်စာအတိုင်း သွားချင်ပါတယ်၊ လိုက်ပို့နိုင်မလား"

သုတ စာရွက်ကိုလှမ်းယူပြီး ကြည့်လိုက်သည်။

သဃ်န်းကျွန်းဆိုတော့ သုတ အိမ်ပြန်ရန် လမ်းသင့်သည်မို့ မြန်မာလိုကျွမ်းကျင်စွာပြောတတ်သော ပေါလ်ကို မြန်မာလိုပင် ပြန်ဖြေလိုက်သည်။

"ဟုတ်ကဲ့ ပို့ပေးနိုင်ပါတယ်ခင်ဗျာ"

"ဘယ်လောက်ပေးရမလဲ"

"သုံးထောင်ပဲပေးပါ"

"ကောင်းပါပြီ"





ပေါလ် ကားနောက်ခန်းတံခါးကိုဖွင့်ပြီး ဝင်ထိုင်လိုက်သည်။ ပေါလ် ကားထဲဝင်ထိုင်သည်နှင့် ပေါလ်လက်ထဲမှ ဆွဲလာသော လက်ဆွဲအိတ်တွေထဲမှ မွှေးပျံ့ကြိုင်လှိုင်နေသော ကြက်ကြော်နှင့် ပီဇာနံ့က တလှိုင်လှိုင်ထလာသည်။

ဆာနေသောဗိုက်ပင် ပို၍ဆာလာသည်။ ဒီနိုင်ငံခြားသားက ဒီအချိန်ကြီးမှ သဃ်န်းကျွန်းကို ဘာသွားလုပ်မလို့လဲ။ သူက အဲဒီမှာ နေတာလား။

ကိုယ်နှင့်မဆိုင်ဘဲ ကားမောင်းရင်း တွေးနေမိသေးသည်။ ပုံစံကြည့်ရတာတော့ အဆင့်မြင့်မြင့်နေသော ရုပ်ရည်ရူပကာမျိုး။

"ဒီမှာ ကျွန်တော့်ကို အပြန်ရော ရွှေဂုံတိုင်ဟိုတယ်ကို ပို့ပေးနိုင်ဦးမလား"

ကိုယ့်ကားကို အသွားအပြန်ငှားချင်သည့်သဘောမျိုးနှင့်မေးနေ၍ သုတ ကားမောင်းနေရင်းမှ

"ဟုတ်ကဲ့ လိုက်ပို့ပေးနိုင်ပါတယ်၊ အချိန်ဘယ်လောက်ကြာအောင် စောင့်ရမလဲ"

"အတိအကျတော့ မပြောနိုင်ပါဘူး၊ ဆယ်နာရီထက်ပိုပြီး နောက်မကျပါဘူး၊ စောင့်နေတဲ့ ဝန်ဆောင်ခကိုပါ ပေးပါ့မယ်၊ မနစ်နာစေရပါဘူး၊ ကျွန်တော့်လေဒီက ကျွန်တော့်ကိုစောစောပြန်လွှတ်ရင် စောစောပြန်ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မြန်မာစကားကို ချက်ကျလက်ကျပြောနေသော နိုင်ငံခြားသားဟာ မြန်မာနိုင်ငံမှာနေတာများလား။ သူ့လေဒီကရော သူ့လိုနိုင်ငံခြားသူလား။

''ဟုတ်ကဲ့ ပြန်ပို့ပေးနိုင်ပါတယ်''

''ကျေးဇူးတင်ပါတယ်''

သုတကလည်း စိတ်ထဲမှ ကျေးဇူးတင်စကားပြောလိုက်ပါသည်။ သူသာမငှားလျှင် ခရီးသည်ရှာရင်း ကားကိုဘယ်လောက်ထိ မောင်းနေရဦးမလဲမသိ။ ခုတော့ သူ့ကိုအသွားအပြန် လိုက်ပို့လိုက်လျှင် ဒီညအဖို့ အေးရာအေးကြောင်း အိမ်ပြန်နားလို့ရပြီ။

■ ■ ■

''လိပ်စာအတိုင်းဆိုရင်တော့ ဒီအိမ်ပဲခင်ဗျ''

ခြံဝင်းလေးထဲတွင် သပ်သပ်ရပ်ရပ် ဆောက်ထားသော ပျဉ်ထောင်အိမ်ကလေးတစ်လုံးရှေ့တွင် ခြိန်ပါတ်ရေးထား၍ သုတ သိပ်မရှာလိုက်ရ။

''ကျေးဇူးပါပဲ''

ပေါလ် ကားပေါ်မှဆင်းလိုက်သည်နှင့်

''ရော့ ဒါက အခု ကားခပါ''

လှမ်းပေးလာသော ငါးထောင်တန်တစ်ရွက်ကိုယူပြီး ပြန်အမ်းဖို့ လုပ်နေစဉ်မှာပင် ပေါလ်က ခြံရှေ့သို့ ခပ်သွက်သွက်ထွက်သွားသဖြင့်





''ဒီမှာခင်ဗျ ကားခပြန်အမ်းငွေလေး ယူသွားပါဦး''

''ယူထားလိုက်ပါ ကျွန်တော် ,နောက်တစ်ကြိမ်စီးရဦးမှာပဲ''

ပေါလ် ထိုသို့ပြောပြီး စေ့ရုံစေ့ထားသော ခြံတံခါးရှေ့မှနေပြီး ခေါင်ဆီကိုဖုန်းခေါ်လိုက်သည်။ အိမ်ထဲမှာ မီးလင်းနေ၍ ခေါင် ရှိမှန်း သိနေပေမယ့် ဖွတ်တရွတ်တော့ ဝင်ဖို့မသင့်မှန်း ပေါလ် သိပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ရေချိုးသနပ်ခါးလိမ်းပြီးစပင်ရှိသေးသည် စားပွဲပေါ်တင်ထားသည့် ဖုန်းမှ အသံမြည်လာသဖြင့် ဖုန်းအရင်ထူးလိုက်သည်။

"ဟဲလို ပေါလ်"

"ဟန်နီ ဘာလုပ်နေလဲ ညစာစားပြီးပြီလား"

"ဟင့်အင်း မစားရသေးဘူး"

"ဒါဆို ကိုယ်တို့ အတူတူစားကြရအောင်"

ဒီအချိန်ကြီးကျမှ သူနှင့်ညစာအတူတူစားဖို့ အပြင်ထွက်ရန် မဖြစ်နိုင်တော့။

"ခေါင် အပြင်မထွက်တော့ဘူး ပေါလ် ဆောရီးပါ"

ယဉ်ကျေးစွာ ငြင်းဆိုလိုက်သည်။





"ဟန်နီ အပြင်ထွက်စရာမလိုပါဘူး ကိုယ်တို့ဒင်နာအတွက် ကိုယ်အားလုံးစီစဉ်ပြီး ဟန်နီ့ဆီကို လာမှာပေါ့"

လာခဲ့မည်ဆို၍ ခေါင် လန့်သွားသည်။

"အို ဒီအချိန်ကြီးမှ မလာပါနဲ့တော့"

ခေါင် အချိန်မီတားလိုက်သည်။

"အခု ကိုယ်က ဟန်နီ့အိမ်ရှေ့ကိုရောက်နေပြီ ခြံတံခါးဖွင့်ပြီး ဝင်လာခဲ့တော့မယ်နော်"

"ဘုရားရေ"

ခေါင် တအံ့တသြဖြစ်သွားသည်။ သူ ဒီကိုဘယ်လိုလုပ်ပြီး လာတတ်တာလဲ။ ချက်ချင်းဆိုသလိုပင် ယဉ်နုအစ်ကိုကို ပြေးမြင်လိုက်သည်။ ကားဝယ်ဖို့ကိစ္စလိုက်လုပ်ပေးရင်းနှင့် ပေါလ် သူ့ဆီကလမ်းညွှန်ယူထားလိုက်တာများလား။ သို့ပေမယ့်လည်း ပေါလ်က လည်ဝယ်တဲ့နိုင်ငံခြားသားဖြစ်သည့်အပြင် ဗမာစကားကောင်းကောင်းပြောတတ်နေမှတော့ ရောက်လာတာ သိပ်တော့မဆန်းပါ။

မြန်မာစကားကို သူဘယ်လောက် ခရေဇီဖြစ်သလဲဆိုလျှင် ဗမာစကားကလွဲပြီး အင်္ဂလိပ်အသုံးအနှုန်းကို လုံးဝမသုံးခြင်းပင်ဖြစ်သည်။ ဒါဟာ မြန်မာများဖြစ်ကြသည့် သူ့ဘိုးဘွားတွေကို မြန်မာပြည်ရောက်သွားနိုင်းဂါရဝပြုဦးမည်ဟု ပြောဖူးသည်။

"ဟေး ဟန်နီ"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်ပင်တက်လာပြီဖြစ်သောကြောင့် ခေါင် ဖုန်းပြောနေရင်းမှ အိမ်ရှေ့ခန်းသို့ ကပျာကယာထွက်လိုက်သည်။

"ဝါး ဟန်နီ ရေချိုးနေတာလား"

ခေါင့်ကိုယ်ပေါ်တွင် သဘက်ခြုံထားသော မြင်ကွင်းကြောင့် မေးလိုက်ခြင်းဖြစ်သည်။ ဒီတော့မှ ခေါင်ဒီလိုပုံစံနှင့် သတိလက်လွတ် ထွက်လာမိခဲ့ခြင်းကို ခုမှပင် ကိုယ့်ကိုယ်ကိုယ် သတိထားမိကာ ရှက်ကိုးရှက်ကန်းဖြင့်

"အို ဆောရီးပါ ခေါင် ခုလေးတင် ရေချိုးသနပ်ခါးလိမ်းနေတုန်း ရှင့်ဆီက ဖုန်းဝင်လာတာ၊ ခဏထိုင်ပါနော်၊ ခေါင် အဝတ်အစားဝတ်လိုက်ပါဦးမယ်"

မလုံမလဲစိတ်ဖြင့် ပေါလ်ရှေ့မှ ရှက်ရှက်နှင့်အခန်းထဲပြန်ဝင်လာလိုက်သည်။ ပေါလ်မှာ ခေါင်၏နောက်ကျောအလှကို မြတ်နိုးစွာငေးမောရင်း ပင့်သက်ရှိုက်ကာ ကျန်ခဲ့ပြီး ဧည့်ခန်းထဲမှထိုင်ခုံတွင် ထိုင်စောင့်နေလိုက်သည်။

သိပ်မကြာလိုက် အိမ်နေရင်း စပန့်ဂါဝန်လေးကို ကပိုကရိုဝတ်ပြီး ခေါင် ထွက်လာသည်။

"ရှင် ညစာမစားရသေးဘူးလား ပေါလ်"

"ဟုတ်တယ် ခေါင်နဲ့အတူတူစားမလို့ ဟောဒီမှာ ကိုယ်ဝယ်လာတာ"





ပေါလ် ဝယ်လာသောအိတ်ထဲမှ စားစရာတွေကိုထုတ်ကြည့်ပြီး ခေါင် တအံ့တသြဖြင့်

"ဟယ် အဲလောက်အများကြီး ဘာဖြစ်လို့ ဝယ်လာတာလဲ၊ ခေါင့်ကို အစားပုတ်တယ်များ ထင်နေလား ပေါလ်ရယ်"

"အဲဒါတွေ ကိုယ်မသိဘူး၊ ကိုယ့်ဆန္ဒက ခေါင်နဲ့ဒီညစာကို အတူတူစားချင်တယ်"

"ခေါင့်အိမ်မှာ ဟင်းတွေရှိတယ်"

"မြန်မာထမင်းဟင်းလား"

"အင်းပေါ့"

ပေါလ်မျက်နှာ ဝင်းပသွားသည်။ မြန်မာပြည်ရောက်ကတည်းက ဟိုတယ်က မြန်မာထမင်းဟင်းတွေနှင့် နှစ်ပါးသွားနေရသည်။ ခေါင့်လက်ရာထမင်းဟင်းကို စားချင်ပေမယ့် ကိုယ့်ကြောင့် ခေါင် တာဝန်တွေပိုမည်စိုး၍ ဘာမှမတောင်းဆိုခဲ့။

ခုတော့ တိုက်တိုက်ဆိုင်ဆိုင် ခေါင့်လက်ရာ မြန်မာထမင်းဟင်း အိမ်ချက်စစ်စစ်ကို စားရတော့မည်။

"ကိုယ် ခေါင်လက်ရာ မြန်မာထမင်းဟင်းကို စားမယ်နော်၊ ကုန်သွားရင် စိတ်မဆိုးနဲ့"

တစ်ခါတစ်ရံ ကလေးဆန်သော ပေါလ်အပြုအမူတွေကို ခေါင် နှစ်သက်ပါသည်။ ထို့ကြောင့် ခေါင် ပေါ့ပါးသောအပြုံးဖြင့် တုန့်ပြန်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး

''ပေါလ် အကုန်စားသွားရင် ခေါင်က ပျော်တောင်ပျော်သေးတယ်''

''တကယ်လား''

''တကယ်ပေါ့''

''ဒါဆိုရင် ခုစားမယ်၊ ဗိုက်တော်တော်လေး ဆာလောင်နေပြီ''

သူ့ဗိုက်ကိုပုတ်ပြပြီး ဆာလောင်ကြောင်းပြောနေသော ပေါလ်ကြောင့် ခေါင် ရယ်လိုက်သည်။ ရယ်သံနှောသော အသံဖြင့်ပင်

''ကဲပါ ခဏစောင့် ခေါင် ထမင်းစားပွဲပြင်လိုက်ဦးမယ်''

''ကိုယ်လည်း ဝိုင်းကူမယ်''

ရင်းနှီးပွင့်လင်းစွာနေလိုသော ပေါလ်၏စိတ်ရင်းကို ခေါင် သိထားပြီးပြီမို့ ခေါင် မငြင်းတော့။ မီးဖိုခန်းထဲသို့ ခေါင့်နောက်မှ လိုက်ဝင်လာသော ပေါလ်မှာ တအံ့တသြငေးကြည့်ပြီး

''ဟန်နီ ခုလို ချို့ချို့တဲ့တဲ့နေနေတာကိုကြည့်ရတာ ကိုယ်တကယ်ကို စိတ်မသက်သာဘူးကွာ''

ထမင်းပေါင်းအိုးထဲမှ ပူနွေးဆဲ ထမင်းတွေကို ထမင်းအုပ်ထဲသို့ ခပ်ထည့်နေရင်းမှ

''အဲဒါ ခေါင့်ဘဝပဲ ပေါလ်ရဲ့၊ ခေါင်ကျေနပ်ပါတယ်''

''ဒါပေမဲ့ ကိုယ်ကတော့ မကျေနပ်နိုင်ဘူးကွာ၊ ခေါင့်ကိုလက်





ထပ်မယ်၊ ဟန်နီ့သာဆန္ဒရှိရင် ဟိုကိုလိုက်ခဲ့''

''ဟင့်အင်း ခေါင် မလိုက်နိုင်ပါဘူး''

''ဒါဆို ကိုယ်နိုင်ငံသားအဖြစ်ခံယူလိုက်မယ်၊ ပြီးရင် ဒီမှာစီးပွားရေးလုပ်ငန်းတွေအများကြီးလုပ်မယ်၊ ဟန်နီ့နာမည်နဲ့ပဲလုပ်မှာနော်''

တစ်စုံတစ်ခုလိုချင်လို့ မက်လုံးပေးဖြားယောင်းနေတာမဟုတ်မှန်း ခေါင် သိပါသည်။ သို့သော် ခေါင်စိတ်ထဲ မက်မောစိတ်မဝင်မိ။

ခုချိန်မှာ ခေါင် မက်မောနေမိတာ စစ်မှန်တဲ့မေတ္တာစစ်တစ်ခုပါ။ မောင့်ဆီကတော့ ခေါင် မရခဲ့ပါဘူး။

ပေါလ်နဲ့ခေါင် အဲဒီညက ထမင်းအတူတူစားဖြစ်ကြတယ်။ ဟန်ဆောင်မှုမပါတဲ့ အားရပါးရစားနေသော ပေါလ်ကိုကြည့်ပြီး ခေါင့်ရင်ထဲမှာ အမည်ဖော်မပြနိုင်သော ချမ်းမြေ့မှုတစ်ခုကို ခံစားလိုက်ရသည်။

ဘုရားရေ ခေါင်ဟာ ပေါလ်ကို ချစ်များချစ်မိနေပြီလား။ အကယ်၍ ချစ်နေမိပြီဆိုရင်ရော ခေါင် ဖွင့်စားရဲပါ့မလား။ လူမျိုးမတူ ဘာသာမတူ နိုင်ငံမတူတဲ့ယောကျ်ားတစ်ယောက်ကို လက်ထပ်ယူရဲရလောက်အောင် ခေါင့်စိတ်ခံစားမှုတွေကို ပေါလ်က လွှမ်းမိုးနေနိုင်ပြီလား။

တဒင်္ဂ သာယာမှုကြောင့် ပေါလ်အပေါ် ခေါင့်စိတ်တွေယိုင်နေတာဆိုလျှင် ခေါင်ကိုယ်ခေါင် ဘယ်လိုဟန့်တားရမလဲ။ မောင့်ကိုချစ်ခဲ့တဲ့အချစ်နဲ့ ပေါလ်အပေါ် ချစ်မိနေပြီဟု ထင်ရသောစိတ်ခံစားမှုတွေထဲမှ ဘယ်ဟာက အစစ်အမှန်လဲဆိုတာ ခေါင် မဝေခွဲတတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



မောင်အနားမှာမရှိဘဲ နေတတ်အောင်ကျင့်ပြီး ကျင့်သားရနေတဲ့အချိန်မှာ ခေါင့်အနားကို ပေါလ်ရောက်လာတယ်။ ကြင်နာမြတ်နိုးမှုတွေ တစ်သီတစ်တန်းကြီးပေးပြီး ခေါင့်စိတ်တွေကို လွှမ်းမိုးတယ်။ ခေါင်ကလည်း ကျေကျေနပ်နပ်ကြီးကို အလွှမ်းမိုးခံခဲ့တာပါ။

ခုဆို ခေါင့်အနားမှာ ပေါလ်ရှိနေတဲ့အချိန်တွေဆိုရင် ခေါင်ပျော်နေပြီလေ။

■ ■ ■

သုတ ကားထဲမှ သီချင်းဖွင့်နားထောင်ရင်း ဗိုက်တွေက တဂျုံးဂျုံးနှင့်ဆာလောင်ကြောင်း ဆန္ဒပြနေပြီ။ နိုင်ငံခြားသားကောင်ကလည်း သူ့လေဒီဆီက ခုထိထွက်မလာသေး။ ဘယ်လောက်တောင် အကြည်ဆိုက်နေကြလဲမသိ။

ဆက်မစောင့်ဘဲ ပြန်ရင်လည်း မယဉ်ကျေးရာရောက်မည့်အပြင် ငွေရမှာမဟုတ်။ ဒါ့အပြင် သူ့ကိုငွေနှစ်ထောင်အမ်းရဦးမယ်။

ငွေနှစ်ထောင်ကြောင့် ကိုယ့်ဂုဏ်သိက္ခာကို အပုံ့မခံနိုင်။ ထို့ကြောင့် စောင့်လက်စနှင့်ဆက်ပြီး စောင့်ရတော့မှာပင်။

ထို့ကြောင့် ဆာလောင်နေသော ဗိုက်ကို ခဏဖြေသိမ့်သည့်အနေဖြင့် ရေဘူးကိုလှမ်းယူပြီး တစ်ငုံနှစ်ငုံ ငုံလိုက်သည်။ ပြီးနောက်လက်မှနာရီကို ငုံ့ကြည့်လိုက်သည်။

လူက တစ်နေကုန် ပင်ပန်းထား၍ အိပ်ကလည်း အိပ်ချင်နေ





ပြီ။ ဒီတော့ ထိုင်စောင့်နေရမယ့်အတူတူ မထူးတော့ပြီမို့ မျက်လုံးကိုမှေးစင်းပြီးမှိန်းနေလိုက်သည်။

"မောင်"

မှေးခနဲ အိပ်ပျော်နေစဉ် ပခုံးကိုလာပုတ်သောအထိအတွေ့နှင့် ညင်သာတိုးညင်းသော ခေါင်ရဲ့အသံကြောင့် သုတ၏မျက်လုံးတို့ ဖျတ်ခနဲပွင့်လာသည်။

"ဟင် ခေါင်"

"ဒီမှာ ဘာလုပ်နေတာလဲ မောင်ရယ်"

ကားအပြင်မှာရပ်ပြီး ကိုယ်လေးကိုင်းကာ သုတကို စိုးရိမ်တကြီးမေးနေသော ခေါင့်မျက်နှာလေးကို အငမ်းမရကြည့်ပြီး သုတ ကားထဲမှထွက်လိုက်သည်။

"ခေါင်ရယ် မောင်လေ ခေါင့်ကို လိုက်ရှာနေတာ၊ ဘယ်လောက်ကြာနေပြီလဲ သိလား၊ ခေါင့်ကြောင့် မောင် အရူးတစ်ပိုင်းဖြစ်နေတာကွ"

ခေါင့်ပခုံးကို အားရပါးရဆုပ်ကိုင်လှုပ်ရမ်းပြီး သုတငိုသံပါကြီးဖြင့် ခေါင့်ကိုပြောလိုက်သည်။ ခေါင်ကတော့ သုတကို ဘာမှမပြော။ ဟိုးခပ်ဝေးဝေးမှာမြင်နေရတဲ့ မီးရောင်မှိန်ပျပျ တိုက်အမြင့်ကြီးတွေဆီ ငေးမောနေတယ်။

"ခေါင် မောင်ပြောတာ ကြားလား၊ ဒီလပိုင်းတွေမှာ ခေါင့်ကို လုံးဝရှာလို့မတွေ့ရလောက်အောင် ခေါင် ဘယ်မှာပုန်းပြီး ဘာတွေလုပ်



www.burmeseclassic.com

www.burmeseclassic.com



နေတာလဲ၊ မောင့်ကိုပြောစမ်းပါ''

ခေါင် ဘာမှပြန်မပြော။ သုတ အားမလိုအားမရဖြစ်မိသည်။ ခေါင့်မျက်လုံးထဲမှာ အစိမ်းရောင်အရိပ်တွေ တွေ့နေရသည်။ နာကျင်ရာမှ ရလာသော ဒဏ်ရာတွေမှန်း သုတ သိပါသည်။ ဒီအတွက်ကြောင့် ခေါင့်ကိုအပြစ်မတင်ရက်ပါဘူး။ အရာအားလုံးဟာ ခေါင်ပဲမှန်ခဲ့တာပါ။

''မောင် တောင်းပန်ပါတယ် ခေါင်ရာ၊ ခုတော့ မောင်လေ မောင့်အမှားတွေအတွက် အရာရာကို ခေါင့်အတွက် ပေးဆပ်ဖို့ဆုံးဖြတ်ထားပြီးသားပါ၊ မောင်တို့အတူတူပြန်နေကြမယ်၊ အခုလေ ခေါင့်ကိုအိမ်ကောင်းကောင်းငှားပြီး ပြည့်ပြည့်စုံစုံထားနိုင်ဖို့ မောင်အလုပ်တွေပိုကြိုးစားနေပါပြီ၊ အခု မောင့်မှာငွေတွေစုမိနေပြီသိလား ခေါင်၊ နောက်ပြီး ခေါင့်ကိုလိမ်ထားတဲ့ မမခိုင်ဆီက ခေါင့်ငွေတွေကိုလည်း မောင်ပြန်တောင်းထားပြီးသွားပြီ၊ လက်စွပ်ရောင်းရတာ နှစ်ဆယ့်ရှစ်သိန်းရတာကို မမခိုင်က သိန်းနှစ်ဆယ်ခိုးထားတာ ဘယ်ရမလဲ ခေါင်ရယ် မောင့်မိန်းမရဲ့ပစ္စည်းကို အဲလို မတရားဘယ်အလုပ်ခံမလဲ''

သုတ ခေါင့်ကို စကားတွေတတွတ်တွတ် ပြောနေသည်။

ခေါင် မျက်ရည်တွေကျလာပြီး ခေါင်းတွင်တွင်ခါသည်။ ဘာကြောင့် ခေါင်းခါသလဲဆိုတာ သုတ ရေရေရာရာ မသိပေမယ့် ဒါဟာ ငြင်းဆန်မှုဆိုတာကိုတော့ သုတ သိတယ်။

''ဘာလဲ မောင့်ကိုခုချိန်ထိ စိတ်ဆိုးမပြေသေးဘူးလား၊ မောင်





တောင်းပန်ပါတယ်၊ မောင့်ကိုခွင့်လွှတ်ပါ ခေါင်ရယ်၊ ရှေ့လျှောက် မောင်လေ ခေါင့်ရှေ့မှာ အိမ်ထောင်ဦးစီးကောင်းတစ်ယောက်အနေနဲ့ မားမားရပ်ပေးပါ့မယ်''

ပြောပြောဆိုဆိုဖြင့် သုတ ခေါင့်ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်သည်။

''ဟဲလို ဒီမှာ ဒီမှာခင်ဗျ''

ပေါလ်သည် ကားထဲတွင် အိပ်ပျော်နေသော သုတကို အပြင်မှာရပ်ကာ ခပ်တိုးတိုးလှမ်းနှိုးသည်။ သူ့ကိုစောင့်ရင်း အိပ်ပျော်နေသော သုတကို အားနာမိသလို တော်တော်လေးလည်း သနားစိတ်ဝင်မိသွားသည်။

''ဆောရီးပါဗျာ တောင်းပန်ပါတယ်''

သုတ မျက်လုံးတို့ဖွင့်ကာ နိုးလာပြီး ကိုယ့်ကိုငုံ့ကြည့်ပြီး နှိုးနေသော ပေါလ်ကိုမြင်ကာ ကိုယ်ကိုဆတ်ခနဲ မတ်လိုက်သည်။

တစ်ပြိုင်နက်တည်းမှာပင် မျှော်လင့်ချက်တို့မှဲ့သွားပြန်သည်။ ခေါင်နှင့်တွေ့တာ တကယ်မဟုတ်ဘဲ အိပ်မက်မက်နေတာပါလားဟုတွေးပြီး အင်အားမဲ့သွားသည်။

''ဆောရီးဗျာ ကျွန်တော် စောင့်နေရင်း မှေးခနဲ အိပ်ပျော်သွားတယ် ထင်တယ်''

သုတ အားနာစိတ်ဖြင့် ပြန်၍တောင်းပန်လိုက်သည့် ပေါလ်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း သူ့အမှားဟုတွေးပြီး

"မဟုတ်တာ ကျွန်တော်ကသာ တောင်းပန်ရမှာပါ ခင်ဗျ။ ကျွန်တော် ခင်ဗျားအချိန်တွေအများကြီးကို ဖြုန်းပစ်လိုက်မိပြီ၊ တောင်းပန်ပါတယ် တောင်းပန်ပါတယ်"

ပေါလ် အကြိမ်ကြိမ်တောင်းပန်နေပုံက သုတအပေါ် အမှားလုပ်မိလိုက်၍ တောင်းပန်သလိုမျိုးဖြစ်နေသည်။

"ရပါတယ်ဗျာ ဒါ ကျွန်တော့်အလုပ်ပဲ ပြီးပြီလား၊ ခင်ဗျားလေဒီနဲ့တွေ့ဖို့"

"ပြီးပါပြီ သွားကြမယ်"

ပေါလ် ကားထဲဝင်ထိုင်လိုက်သည်နှင့် သုတ ကားကို ခပ်ဖြည်းဖြည်းမောင်းထွက်ခဲ့သည်။

"ဒီမှာ ကားခလေး ယူပါ"

တစ်သောင်းတန် ငါးရွက်ကို ထုတ်ပေးသဖြင့် သုတ လှမ်းယူလိုက်သည်။ လက်ထဲရောက်မှ

"များလှချည်လား အဲလောက်ပေးစရာမလိုပါဘူး"

ကိုယ့်လုပ်အာနှင့်တန်ရာတန်ကြေးကိုပဲ ယူချင်သူ သုတမှာ လွယ်လွယ်နှင့်လက်မခံချင်။

"ယူပါခင်ဗျာ၊ စောင့်နေရတာ နည်းတဲ့အချိန်လား၊ ကျွန်တော် ခင်ဗျားကို ကျေးဇူးတင်ပါတယ်၊ နောက်အကူအညီလိုရင် ကျွန်တော့်ကို ထပ်ပြီး ကူညီပါဦး၊ ကျွန်တော့်နာမည် ပေါလ်ပါ၊ အမေရိကန်နိုင်ငံသားပါ၊ စီးပွားရေးလုပ်ငန်းတွေလုပ်ပါတယ်၊ မြန်မာပြည်မှာလည်း စီးပွားရေးလုပ်ငန်းတွေလုပ်ဖို့ အစီအစဉ်ရှိပါတယ်၊ အဟဲ ကျွန်တော့်လေဒီလေးသာ ကျွန်တော့်ကိုနေခွင့်ပြုရင်ပေါ့"



သုတ ပြုံးလိုက်ပါသည်။

"ချစ်သူလား"

"ဟုတ်တယ် ကျွန်တော်ကချစ်ရတဲ့သူပါ၊ သူ့ကိုကျွန်တော် သိပ်ချစ်တယ်၊ သူ့ကြောင့်ပဲ ကျွန်တော် မြန်မာပြည်ကိုလာတာပါ"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် မစ္စတာပေါလ်ချာလီ ကျွန်တော်က သုတပါ၊ နေ့ဘက်ဆို ရုံးဝန်ထမ်းဖြစ်ပြီး ညဘက်ဆိုရင် အငှားကားမောင်းပါတယ်"

"ကောင်းတယ် ကြိုးစားပါ၊ လူက မသေမချင်း အလုပ်လုပ်နေကြရတာပါ"

"ဒါပေါ့ဗျာ"

အလာတုန်းက လေပေးမဖြောင့်ဘဲ အပြန်ကျမှ နှစ်ယောက်သား လေပေးဖြောင့်နေသည်။ နိုင်ငံခြားသားပေမယ့် စကားသံဝဲဝဲဖြင့် မြန်မာစကားကို ကျွမ်းကျင်ပိုင်နိုင်အောင် ပြောနိုင်တာတော့ သုတ မချီးကျူးဘဲ မနေနိုင်။

"မြန်မာပြည်မှာ မိတ်ဆွေသူငယ်ချင်း သိပ်မရှိဘူးဗျ၊ စီးပွား

www.burmeseclassic.com



ရေးလုပ်ငန်းကြီးတွေနဲ့ ချိတ်ဆက်မိထားပေမယ့် သူငယ်ချင်းလို ပွင့်ပွင့်လင်းလင်း ပြောဆိုခင်မင်ပေးမယ့်သူ ရှားတယ်၊ ဒီတော့ ကျွန်တော့်ကို သူငယ်ချင်းအဖြစ် ခင်နိုင်မလား''

နိုင်ငံခြားသား သူဌေးတစ်ယောက်က မိတ်ဆွေဖြစ်ဖို့ ခွင့်တောင်းနေမှတော့ သုတက ဘာလို့ငြင်းဆန်ရမှာလဲ၊ ကိုယ့်အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေတောင် ရလာနိုင်သေးတာပဲဟု တွေးလိုက်မိပြီး

''သူငယ်ချင်းအဖြစ် အမြဲကြိုဆိုပါတယ်ခင်ဗျာ''

''ဝါး ကောင်းတယ်၊ ဒါဆို ဒီနေ့ ကျွန်တော်မိတ်ဆွေသစ်တစ်ယောက် ထပ်ရပြီပဲ၊ အိုကေ ကောင်းပြီ၊ ဒါဆိုမနက်ဖြန် ကျွန်တော် ရန်ကုန်မြို့ပေါ်က ယာဉ်ကြောတွေကို အကုန်လှေ့လာချင်တယ်၊ ဒီတော့ ကိုသုတရဲ့ကားကို တစ်နေကုန်ငှားမယ်''

မနက်ဖြန် စနေနေ့မို့ လက်မခံစရာအကြောင်းမရှိ၍ ကျေကျေနပ်နပ်ကို လက်ခံလိုက်သည်။

''မနက်ဖြန် ဘယ်အချိန် ဟိုတယ်ရှေ့ကားထိုးထားရမလဲဆိုတာကိုသာ ပြောပါ၊ ကျွန်တော့်ဘက်က အဆင်သင့်ပါပဲ''

''အိုကေ သိပ်ကောင်းတယ် မနက်ခုနစ်နာရီလောက် လာခဲ့ပေးပါ''

''စိတ်ချပါ ကျွန်တော် တစ်စက္ကန့်တောင် နောက်မကျစေရပါဘူး''





နိုင်ငံခြားသားတွေနှင့်ဆက်ဆံသည့်နေရာမှာ မြန်မာတွေဘယ်လောက်တိကျသလဲဆိုတာ သက်သေပြရဦးမှာပေါ့။

မိတ်ဆွေသစ်တစ်ယောက်ကို မထင်မှတ်ပဲရခဲ့ပေမယ့် အိပ်မက်ထဲမှာ ခေါင်နှင့်တွေ့သလို အပြင်မှာတွေ့ဖို့ကိုတော့ သုတ တော်တော်ကြိုးစားရဦးမယ်။

ခေါင်ရေ မင်းဘယ်မှာလဲကွာ။ မောင် မင်းကိုအရမ်းလွမ်းနေပြီကွာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

''ဘယ်လို နင့်ကိုလက်ထပ်ခွင့်တောင်းတယ် ဟုတ်လား''

ဆွေဆွေရော ယဉ်နုရော ထိုသို့ဖြစ်လာမည်ဆိုတာ မှန်းထားပေမယ့် ဒီလောက်မြန်လိမ့်မယ်ဟုတော့ မထင်မိ။

''ငါ ဘယ်လိုဆုံးဖြတ်ချက်ချရမှန်း မသိတော့ပါဘူးဟာ၊ သူ့ဘက်ကတော့ ငါ့အတွက်ဆိုရင် အရာအားလုံးကို ကြိုတင်ပြင်ဆင်ပြီးနေပြီ၊ စီးပွားရေး plan တွေလည်းချနေပြီ၊ ဒီမှာလုပ်သမျှစီးပွားရေးလုပ်ငန်းအားလုံး ငါ့နာမည်နဲ့ပဲလုပ်ဖို့ စိစဉ်နေပြီဟ၊ သူ့အဖို့ ဒီမှာနိုင်ငံသားအဖြစ်ခံယူပြီးနေဆိုလည်း နေဖို့အဆင်သင့်ဖြစ်နေမယ့်ပုံ၊ ဒါပေမဲ့ ငါက ပိုင်ဆိုင်မှုတွေကို မမက်မောပါဘူးဟာ''

''အမလေး ရင်ခုန်စရာကောင်းလိုက်တာဟယ်၊ အဲဒီဘဝလေး





နင်မလိုချင်ရင် ငါ့ကိုပေးပါလားဟယ်''

ဆွေဆွေ လက်ဝါးနှစ်ဖက်ဖြန့်ပြီး အသနားခံတောင်းသလိုဟန်ဖြင့် ပြောသဖြင့် ခေါင် ဒွိဟတွေကြားမှ ရယ်မိပြန်သည်။ ဒီကြားထဲ ယဉ်နုက တစ်မျိုး။

''ဟဲ့ နင်တစ်ယောက်ထဲလိုချင်တာလား၊ ငါလည်းလိုချင်တာပေါ့လို့ အဲလို တစ်ကိုယ်ကောင်းမဆန်နဲ့''

''ဟဲ့ ဒါဆို ဘယ်လိုလုပ်မလဲ၊ ဒါမျိုးက နှစ်ခြမ်းခွဲရင် ပစ်ရမှာပေါ့''

''ဟမ့် ဘာကိုနှစ်ခြမ်းခွဲမှာလဲ''

ယဉ်နု ဆွေဆွေ့စကားကို နားမလည်၍ အူကြောင်ကြောင်ထပ်မေးသည်။

''လူကိုနှစ်ခြမ်းခွဲရင်လေ''

''အို ခွဲစရာလားလို့ သေသွားမှာပေါ့''

''ဒါဆို မဲနှစ်နဲ့ရွေးဟာ''

ဆွေဆွေနှင့်ယဉ်နု အဝေမတည့်နေပုံများကိုကြည့်ပြီး ခေါင်မအောင့်အီးနိုင်စွာ ရယ်လိုက်သည်။ ခေါင် ရယ်တော့မှ သူတို့အဝေမတည့်ချင်းကို ဘရိတ်အုပ်လိုက်ကြပြီး

''အဟဲ နင်မလိုချင်တော့မှပါဟာ''

ရယ်ကြဲကြဲဖြင့် ဆွေဆွေ ပြောသည်။ ခေါင် နှုတ်ခမ်းလေးကို



www.burmeseclassic.com

www.burmeseclassic.com



တွန့်ကွေးပြီး

"ငါ မလိုချင်ဘူးလို့ ဘယ်တုန်းကပြောလို့လဲ"

"ဟယ် နင် နင် လက်ခံမယ်ပေါ့"

"စဉ်းစားနေတာ ငါ့ကိုငွေမက်တယ်လို့လည်း အထင်မခံနိုင်ဘူးလေ"

"နင်ကလည်း ထင်စရာလားဟ၊ နင်နဲ့ပတ်သက်ရင် သူ အရာအားလုံးကိုစွန့်လွှတ်နိုင်တဲ့အနေအထားမျိုးနော်၊ နောက်ပြီး နင်အိမ်ထောင်ပျက်ဆိုတာကိုလည်း သူသိပေမယ့် ဒါတွေကို သူ လုံးဝဂရုမစိုက်ဘူး၊ သူ့ကို နင်စိတ်လွတ်ကိုယ်လွတ် ရွေးချယ်လိုက်ပါ၊ အတိတ်ကို သံယောဇဉ် မပြတ်ဘဲ စွဲကြည့်မနေပါနဲ့၊ ဘာမှဖြစ်လာမှာမဟုတ်ဘူး၊ ငါတို့ပြောတာ ယုံပါ ခေါင်ရယ်"

ယဉ်နု ထပ်ပြီး နားချပြန်သည်။

"ဟုတ်တယ် လက်ခံလိုက်ပါ ခေါင်ရယ်"

"အင်းပါ လက်ခံလိုက်ပါ့မယ်"

ခေါင် နောက်ဆုံးတော့ သူငယ်ချင်းတွေရှေ့မှာတောင် ဟန်မဆောင်ချင်တော့ပါဘူး။

"တကယ်လား ဟန်နီ"

အိမ်ပေါက်ဝမှ ဖြုန်းခနဲ ဝင်လာသော ပေါလ်နှင့် သူ၏အမေးကြောင့် ခေါင်နှင့်အတူ ဆွေဆွေနှင့်ယဉ်နုပါ အလန့်တကြားလှည့်ကြည့်





လိုက်ကြသည်။

ပေါလ် ခေါင့်အနားကို ဒရေသောပါး ရောက်လာသည်။ ခေါင့်လက်တွေကို မြတ်နိုးစွာဆုပ်ကိုင်ပြီး နမ်းရှိုက်သည်။ သူငယ်ချင်းတွေရှေ့မှာမို့ ခေါင် ရှက်နေမိသည်။

"အို ပေါလ် အဲလို မလုပ်ပါနဲ့"

"ကဲပါ ရှက်မနေပါနဲ့တော့၊ ငါတို့ ပြန်တော့မယ်လေ"

"ဟာ မပြန်ပါနဲ့ဦး၊ ဒီည ဒင်နာအတူတူစားကြမယ် ဟိုဘက်က ညခုနစ်နာရီကို ဒီလာပို့လိမ့်မယ်"

"ဝါး မိုက်တယ် ဒါဆို ငါတို့မပြန်သေးဘူး၊ အဲ ဒါနဲ့ ပေါလ် ခု ခုရော ဘာနဲ့လာတာလဲ၊ ကားအသစ်မောင်းလာတာလား"

"ကားကိုကုမ္ပဏီကတောင် သွားမယူရသေးဘူး၊ ခုဟာက တက္ကစီနဲ့လာတာ၊ ခုတော့ အဲဒီ တက္ကစီဆရာက သူငယ်ချင်းဖြစ်နေပြီ၊ သူက ခင်ဖို့ကောင်းတယ်၊ ယဉ်ကျေးတယ်၊ ရိုးသားတယ်၊ သူ့အကူအညီတွေ ရှေ့လျှောက်ယူရမယ်ထင်တယ်"

"ချောလားဟင်"

ပေါလ်၏စကားကြောင့် ယဉ်နု ထဖောက်ပြန်သည်မို့ ခေါင် ယဉ်နုရဲ့ပေါင်ကို မသိမသာ တို့လိုက်သည်၊ ဤနေရာ၌ဆည့်ပါဆိုသည့်သဘော ဖြစ်သည်။

ဒါကို ပေါလ်က အဟုတ်ထင်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ချောတယ်ဆိုတာထက် ယောကျ်ားပီသတဲ့ရုပ်ရည်ပိုင်ရှင်ပါ၊ ယဉ်နု စိတ်ဝင်စားမှန်းသိရင် ပြန်မလွှတ်ပါဘူး၊ အိမ်ပေါ်ခေါ်ပြီး မိတ်ဆက်ပေးပါတယ်"

ယဉ်နု အရှက်ပြေရယ်ရင်း

"ယဉ်နုက နောက်တာပါ မစွတာပေါလ်ရယ်"

"ကဲ ခေါင့် ငါတို့ လမ်းထိပ်ခဏထွက်ပြီး ဒင်နာပြီးရင် အချိုတည်းဖို့လေးဘာလေး သွားဝယ်လိုက်ဦးမယ်"

ဆွေဆွေနှင့်ယဉ်နု အလိုက်တသိဖြင့် ခဏရှောင်ပေးဖို့ မျက်စိပ်ပြုကြရင်း ထလိုက်ကြသည်။

"ဟယ် မလိုပါဘူး မဝယ်ပါနဲ့"

"ဟော့အေး ငါတို့က အချိုတည်းရမှကြိုက်တာ လာ လာ ယဉ်နု မြန်မြန်သွားကြမယ်၊ ပြီးမှ မှန်းပြီးပြန်လာကြမယ်"

အနှောင့်အသွားမလွှတ်ပြောပြီး တခစ်ခစ်ဖြင့်ရယ်ပြီး ထွက်သွားကြသည်။ ခေါင် လှမ်းတားချိန်ပင် မရလိုက်တော့။

ယဉ်နုနှင့်ဆွေဆွေ အိမ်ထဲမှ ထွက်သွားပြီး ခြံပြင်ရောက်တော့မှ ပေါလ်ခဗျာ ခေါင့်ကို သူ့ရင်ခွင်ထဲဆွဲသွင်းပြီး အနမ်းတို့ တရစပ်ခြွေလိုက်သည်။

"ကိုယ့်ကိုချစ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ အထီးကျန်တဲ့ကိုယ့်ဘဝကို ဟန်နီနဲ့ပဲ ကုန်ဆုံးပါရစေတော့"





နှစ်ကိုယ်ကြား ကြားသာရုံ ခပ်တိုးတိုးစကားကြောင့် ခေါင် ပေါလ်ကိုရွှန်းလဲ့စွာ မော့ကြည့်လိုက်သည်။

ထိုခဏသည် ခေါင့်နှုတ်ခမ်းအစုံအား အသက်ရှူမှားမတတ် ပူနွေးရှိန်းမြှ၍သွားသည်။

ထိုညနေခင်းလေးသည် ခေါင်နှင့်ပေါလ်၏ရင်ခွင်ကြား လေပြည်တွေတောင် တိုးခွေခွင့်ရှိပါ့မလားကွယ်။ ဘာပဲဖြစ်ဖြစ် ခေါင် ကြည်နူးမိတယ်။ ပေါလ်ရဲ့အနမ်းတွေထဲ အလိုက်သင့်လေးမျောနေချင်တယ်။ ရုန်းမထွက်ချင်တော့ဘူး။

ရှင့်စိတ်ကြိုက်သာ နမ်းရှိုက်ပါတော့ ပေါလ်ရယ်။

■ ■ ■

"ပေါလ် ညဉ့်နက်နေပြီ ပြန်တော့လေ၊ ဒီထက်ပိုပြီး ဒီမှာရှိမနေသင့်တော့ဘူး"

ဆွေဆွေနှင့်ယဉ်နုက ညဉ့်နက်မှာဆိုး၍ အိမ်ပြန်သွားကြပြီ။ ပေါလ်မှာသာ ခေါင်နှင့်အတူနေရတဲ့အချိန်တွေကို နှမြောသည်ဟုဆိုကာ ကလေးဆန်စွာ ပေကပ်ပြီး နေနေခြင်းဖြစ်သည်။

"ကိုယ် ဒီည ခေါင်နဲ့အတူ အိပ်ချင်တယ်"

ရဲတင်းပွင့်လင်းလွန်းသော တောင်းဆိုမှုသည် ခေါင့်မျက်နှာကို ထူပူသွားစေသည်။ ခေါင် ဘာပြန်ပြောရမှန်းမသိခင်မှာ

"ကိုယ်က ဟောဒီခုံလေးပေါ်မှာအိပ်မယ်၊ ခေါင်က အခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာအိပ်၊ ဒီအမိုးအောက်မှာ ခေါင်နဲ့အတူရှိနေပါလားဆိုတဲ့ ပီတိစိတ်ကို လိုချင်တယ်၊ ခေါင်အိပ်နေတဲ့အချိန် ခေါင့်ကိုယ်ပေါ်ကို စောင်ခြုံပေးပြီး ဟန်နီ့နဖူးလေးကိုနမ်းမယ်၊ မနက် ဟန်နီမနိုးခင် ဟန်နီလေးစားဖို့ ဘရိတ်ဖတ်ကို အဆင်သင့်ဖြစ်အောင် စီစဉ်ပေးထားမယ်၊ အဲဒါ ကိုယ့်ရဲ့ ဆန္ဒပဲ ဟန်နီ''

'ရိုမန့်ဆန်လွန်းသော ပေါလ်၏စိတ်ကူးတွေကို ခေါင်လည်း ရင်ခုန်မျှော်လင့်ချင်ပါသည်။ သို့သော် ခေါင် ဒီလောက်ထိ အညှာမလွယ် သင့်ဘူးဟု ထင်ပါသည်။ ထို့ကြောင့် စိတ်ခံစားမှုတွေကို ထိန်းချုပ်ပြီး ပေါလ်၏နဖူးကို ခပ်ဖွဖွပြန်နမ်းကာ

''အဲဒီအချိန်တွေကို ခေါင်လည်းပိုင်ဆိုင်ချင်ပါတယ် ပေါလ်ရယ်၊ ဒါပေမဲ့ ခေါင်တို့ အဲဒီအခြေအနေကိုရောက်ဖို့ အချိန်မရောက်သေးပါဘူး၊ ခုချိန်မှာ ခေါင်ဟာ မကွာရှင်းရသေးတဲ့ မိန်းမတစ်ယောက်ပါ၊ ပေါလ်နဲ့ လက်ထပ်ဖို့အတွက် ခေါင်မှာအဆင်သင့်မဖြစ်သေးဘူး၊ အဲဒီအတွက် ခေါင်ဟာ မြန်မာမိန်းကလေးပီပီ ကိုယ့်ဂုဏ်သိက္ခာကို ကိုယ်ထိန်းရမယ့် ဝတ္တရားရှိတယ်၊ မြန်မာပြည်မှာ လက်မထပ်ရသေးဘဲနဲ့ living together ဖြစ်ခွင့်မရှိဘူး ပေါလ်၊ အဲဒီအတွက် ခေါင့်ကိုနားလည်ပေးပါ''

ခေါင် ပြောသမျှတွေကို နားထောင်ပြီး လေးလေးနက်နက် တွေးမိသွားပုံဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ

''အိုကေ ဟန်နီ ကိုယ် ဆန္ဒစောသွားတယ်၊ တကယ်ဆို ဟန်နီ





က ကိုယ်သိပ်ကိုတန်ဖိုးထားရတဲ့ ပန်းတစ်ပွင့်ပါ၊ အချိန်မတိုင်ခင် မခူးခြွေ ရက်ပါဘူး၊ အကယ်၍ ခူးခြွေခဲ့မယ်ဆိုရင်တောင် ထာဝရမြတ်နိုးနေမှာပါ၊ အရမ်းချစ်တယ် ဟန်နီလေးရယ်''

ပေါလ် ခေါင့်ကိုမြတ်နိုးစွာဖက်လိုက်ပြီး အနမ်းတွေခြွေချပြန် သည်။

ချစ်သူဖြစ်ပြီဆိုမှတော့ အနမ်းခြွေတာလောက်တော့ ခေါင် ခွင့်ပြု ရမှာပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

''ဒီနေ့ ခင်ဗျားဆက်သွယ်ပေးတဲ့လုပ်ငန်းရှင်တွေနဲ့ စကားပြောရတာ မြန်မာနိုင်ငံရဲ့စီးပွားရေးအခြေအနေကို အများကြီး တီးခေါက်မိပါတယ်၊ အဲဒီအတွက် ကျွန်တော် ဘယ်လိုလုပ်ငန်းမျိုးကို ရွေးချယ်ရမယ်ဆိုတာကိုလည်း စဉ်းစားမိပါတယ်၊ ဒါကြောင့် ကိုသုတကို ကျေးဇူးအများကြီးတင်ပါတယ်၊ လုပ်ငန်းပရောဂျက်အတွက် ခင်ဗျားအကူအညီတွေအများကြီး လိုအပ်နေသေးတာမို့ ကျွန်တော်နဲ့ပူးပေါင်းပေးဖို့ ဖိတ်ခေါ်ပါတယ်''

လက်ဆွဲနှုတ်ဆက်၍ လက်ကမ်းပေးပြီး အလုပ်အတူလုပ်ရန် ကမ်းလှမ်းလာသဖြင့် သုတစိတ်ထဲ ထိပေါက်သလို ဝမ်းသာရသည်၊ ကိုယ်လိုတွဲ့ရတစ်ယောက်က သာမန်ကုမ္ပဏီလေးမှာ ဝန်ထမ်းလုပ်နေတဲ့ ဘဝကနေ နိုင်ငံခြားသားလုပ်ငန်းရှင်သူဌေးရဲ့လုပ်ငန်းပါတနာ ဖြစ်ခွင့်ရတာ။

''ကျွန်တော်က တကယ်တော့ ဘာမှသိပ်မသိသေးပါဘူး မ





တာပေါလ်''

''အိုး နိုး နိုး အဲဒါလုံးဝမှားတယ်၊ ဒီလိုအချိန်တိုအတွင်းမှာ စီးပွားရေးကွန်ယက်တွေနဲ့ အများကြီးချိတ်ဆက်ပေးနိုင်တဲ့ ခင်ဗျားရဲ့ အရည်အချင်းတွေကို ကျွန်တော် မြင်နေပြီးသားပါ၊ ဒါကြောင့် ရဲရဲဝံ့ဝံ့ ဖိတ်ခေါ်တာပေါ့၊ မငြင်းပါနဲ့ ခင်ဗျားအတွက် မနစ်နာစေရပါဘူး''

လိုလိုချင်ချင် ဖိတ်ခေါ်နေမှတော့ သုတ ဆက်ပြီး အိုက်တင်ခံနေ၍ မဖြစ်တော့။

''ကျွန်တော့်ကို ယုံကြည်တယ်ဆိုရင်တော့ ပူးပေါင်းဖို့ အဆင်သင့်ပါပဲ''

ပေါလ် ဝမ်းသာအားရနှင့် လက်ကမ်းပေး၍ သုတ လက်ဆွဲနှုတ်ဆက်လိုက်သည်။ ရင်ထဲက ကျေနပ်မှုတွေကတော့ ပျော်ဖွယ်ရာမရှိတော့။ ခေါင်နဲ့အမြန်နီးစပ်နိုင်ဖို့ အခွင့်အလမ်းကောင်းတွေက ကိုယ်ရှေ့ကိုရောက်လာနေပြီ၊ ကိုယ့်ဘက်က သေချာကိုင်တွယ်အသုံးချတတ်ဖို့ လိုနေပြီ။

ဘာပဲဖြစ်ဖြစ် ဘဝတစ်ဆစ်ချိုးမှာ တည်ငြိမ်တဲ့နေရာတစ်ခုရဖို့ ကံတရားက ဖန်တီးပေးလာမှတော့ ခေါင်နဲ့ပတ်သက်တဲ့ မျှော်လင့်ချက်တွေကလည်း မဝေးတော့ဘူးထင်ပါသည်။

ခေါင့်ကို မောင် မတွေ့တွေ့အောင် လိုက်ရှာမယ်။ ခေါင်ရေ မောင့်ကို မင်း ဒီထက်ပိုပုန်းလို့မရနိုင်တော့ပါဘူး။ ပြန်ဆုံခဲ့ရင်သာ မောင့်ကိုခွင့်လွှတ်နိုင်ပါစေလို့ နေတိုင်းဆုတောင်းနေမိတာပါ။



www.burmeseclassic.com

www.burmeseclassic.com



အရမ်းလွမ်းနေပြီ ခေါင်ရေ။

"ဒါနဲ့ ကိုသုတမှာ အိမ်ထောင်ရှိလား"

"ဗျာ"

ပေါလ်၏အမေးကြောင့် အတွေးထဲမှ ခေါင် လုစ်ခနဲ ပျောက်သွားပြီး ပေါလ်ကို ဘာဖြေရမှန်းမသိအောင်နှုတ်တို့ ဆွံ့အသွားသည်။

"ဟို ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး မစ္စတာပေါလ်ရယ်၊ တကယ်တော့ ကျွန်တော့်ဇနီးနဲ့ ကျွန်တော်က စိတ်အခန့်မသင့်လို့ ခွဲနေကြရတာပါ၊ သူ့ဘက်က ကျွန်တော့်ကိုစိတ်နာပြီး လုံးဝကိုခြေရာပျောက်သွားတယ်၊ ကျွန်တော်ရှာပေမယ့် သူက ပုန်းနေတော့ တွေ့ဖို့မလွယ်ဘူးဖြစ်နေတယ်ဗျာ"

ခေါင့်အပေါ်တွင် သူ တာဝန်မကျေခဲ့သမျှတွေကို ရင်ထဲမှာပေါ့သွားအောင် ပေါလ်ရှေ့မှာ ဝန်ခံလိုက်ပြန်ပါသည်။

"ကျွန်တော် စိတ်မကောင်းပါဘူး၊ မေးမိတဲ့အတွက် ခင်ဗျားခံစားချက်တွေ ကျွန်တော့်ကြောင့်အသစ်ပြန်ဖြစ်သွားပြီလား တောင်းပန်ပါတယ်"

ပေါလ် အားနာသွားသည်။

"ကျွန်တော့်ချစ်သူနဲ့ပတ်သက်ရင် ကျွန်တော့်ခံစားချက်တွေက ဘယ်တော့မှ မဟောင်းဘူး၊ တကယ်ဆို ကျွန်တော့်ဇနီးလို့သာသုံးနှုန်းလိုက်တာပါ၊ သူနဲ့ကျွန်တော် နောက်ဆုံးလမ်းခွဲတဲ့အချိန်အထိ သူ့ဘဝကို ကျွန်တော်မပိုင်ခဲ့ပါဘူး၊ သူဟာ အပျိုစင်ဘဝအတိုင်း ကျွန်တော့်ဘဝထဲ





က ပြန်ထွက်ပြေးသွားတာပါ၊ အဲဒီအတွက် စိုးရိမ်တာတစ်ခုပဲရှိတယ်၊ အဲဒါကတော့ သူ့ဘဝထဲကို ကျွန်တော့်ထက်ပိုပြီး ချစ်နိုင်ပေးမယ့်သူ ဝင်ရောက်သွားမှာကိုပဲ"

လေးလေးနက်နက်နှင့်ခံစားချက်ရင့်သီးစွာ ပြောနေသော သုတကိုကြည့်ပြီး ပေါလ် ဘယ်လိုနှစ်သိမ့်အားပေးရမှန်းပင် မသိတော့။

လက်ထပ်ပြီးသားမိန်းမတစ်ယောက်ရဲ့ဘဝကိုတောင် မိမိရရမထွေးပိုက်နိုင်ခဲ့တာ ဝေးနေတဲ့ ဒီကာလမှာ အဲဒီမိန်းကလေးရဲ့အချစ်ရေးကံကြမ္မာက သူ့ကိုမျက်နှာသာပေးပါတော့မလား။

ဖူးစာကံမပါရင် လက်ထပ်ယူတားထားတောင် လင်မယားအရာမမြောက်ခဲ့ဘူးတဲ့။

သုတဟာ တော်တော်ရိုးအတဲ့လူပဲဟု စိတ်ထဲက မှတ်ချက်ချလိုက်မိပြီး သူ့လုပ်ငန်းတွေမှာ သုတကိုခေါ်ယူအသုံးချခြင်းဖြင့် အမှားအယွင်းမရှိနိုင်ဘူးဟု ပေါလ်စိတ်က ယုံကြည်နေသည်။

"ခင်ဗျားလည်း ကျွန်တော့်လိုချစ်တတ်တဲ့ယောကျ်ားမို့ အချစ်တွေက ခင်ဗျားဆီပြန်လာမှာပါ၊ ခင်ဗျားကို ဘုရားသခင်က စောင့်ရှောက်မှာ လုံးဝသေချာပါတယ်"

နှစ်သိမ့်ပေးရှာသော ပေါလ်ကို မချိပြုံးဖြင့် အသိအမှတ်ပြုခေါင်းညိတ်လိုက်ပြီး

"ခုလို ဖြေသိမ့်ပေးတာ ကျေးဇူးပါပဲ"

"အိုကေ"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ကိုကိုရေ မမခေါင်နေတဲ့နေရာကို ကျွန်တော့်သူငယ်ချင်းတွေ ခြေရာခံမိသွားပြီဗျ။ ကိုကို ခုချက်ချင်း လိုက်ခဲ့၊ ညီ လိပ်စာကို မက်ဆေ့ ပို့ပေးလိုက်မယ်"

"ဘာ တ တကယ်လား"

ဖုန်းထဲမှထွက်ပေါ်လာသော သုခ၏အသံသည် သုတအဖို့ ဒီ တစ်ခါ သာယာနာပျော်ဖွယ်အရှိဆုံးပါပဲ။ ပျော်လွန်းလို့ ရင်တွေတဆတ် ဆတ်ခုန်လာကာ ဖုန်းကိုင်ထားသော လက်တွေပင် တဆတ်ဆတ်တုန်ခါ လာသည်။

လုပ်ငန်း plan ရေးဆွဲနေသော ပေါလ်ပင် အမူအရာပြောင်း သွားသော သုတကိုကြည့်နေသည်။

"ဒီတစ်ခါတော့ တကယ်ကျိန်းသေပြီနော် သုခ၊ ငါ ခုချက်ချင်း ထွက်လာခဲ့မယ်၊ မင်းသာ ငါ့ဆီကိုလိပ်စာမြန်မြန်ပို့လိုက် ဟုတ်ပြီလား"





သုတ ဖုန်းပိတ်လိုက်ပြီး အပျော်မျက်နှာဖြင့် ပေါလ်ကို ကြည့် လိုက်ပြီး

"မစ္စတာ ပေါလ်၊ ကျွန်တော် အပြင်ခဏသွားလိုက်ဦးမယ်၊ ကျွန်တော့်မိန်းမနေတဲ့နေရာကို ရှာလို့တွေ့ပြီတဲ့၊ ဒီနေ့ ဒါကြောင့် ကျွန် တော့်စိတ်တွေ ခါတိုင်းထက်ပိုပြီး တက်ကြွနေတာကိုး"

ပေါလ်ပါ သုတနှင့်အတူ လိုက်ပျော်သွားပြီး လက်ကမ်းပေးကာ

"အများကြီး ဝမ်းသာတယ်ဗျာ၊ ဒါဆို မြန်မြန်လိုက်သွားလိုက် ပါ၊ တော်ကြာ ခြေရာပြန်ပျောက်သွားဦးမယ်"

နှစ်ယောက်သား လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

"ခင်ဗျားကံကောင်းပါစေ ဗြော် ကျွန်တော့်ကားယူသွားပါ"

"ကျေးဇူးတင်ပါတယ် မစ္စတာပေါလ်"

ခေါင့်ကိုတွေ့ချင်ဇောဖြင့် ပေါလ်ရှေ့မှ ကားသော့ကို ယူခဲ့ လိုက်သည်။

ဟိုတယ်ထဲမှအထွက် ပေါလ်၏ကားပေါ်ရောက်သည်အထိ သုခ ဆီမှ မက်ဆေ့ မရသေး၍ သုတ ရတက်မအေးနိုင်သေးပါ။ ထို့ကြောင့် သုခဆီကို စိတ်လောစွာ ဖုန်းခေါ်လိုက်သည်။

ဖုန်းက ဆက်သွယ်မှုဧရိယာပြင်ပနှင့်တိုးနေ၍ သုတစိတ်တွေ ဂနာမငြိမ်ဖြစ်မိနေသည်။

"တောက် ဟာကွာ ဒီကောင် မက်ဆေ့ ပို့မယ်ဆိုပြီး ခုထိမပို့



www.burmeseclassic.com

www.burmeseclassic.com



သေးဘူး''

အလုပ်လုပ်ရင် မတိကျတတ်သော သုခကို သိပ်မယုံရဲသေး။ ထိုသို့ သံသယတွေနှင့် ဒေါသဖြစ်နေတုန်း ဖုန်းမှမက်ဆေ့ ဝင်လာသည်။ သုတ ကမန်းကတန်း ဖွင့်ကြည့်လိုက်သည်။

ခေါင်နေတဲ့လိပ်စာကို ကပျာကယာ ဖတ်လိုက်သည်။ ထိုခဏမှာပင် သုတ မျက်နှာပေါ်မှ အရိပ်သည် ညိုမှောင်၍သွားသည်။

''ဒီ ဒီလိပ်စာကို ငါသိနေတာပဲ၊ ဒီအိမ်လိပ်စာ ပေါလ် သွားသွားနေတဲ့အိမ်ပဲ''

မထိတ်သာမလန့်သာ ခံစားမှုနှင့်အတူ မဟုတ်ပါစေနှင့်ဟု အငမ်းမရ ဆုတောင်းနေမိသည်။ အပျော်တွေသည် သံသယအချို့ ရောမွှမ်းပြီး နတ်ဝင်သည်တစ်ယောက်လို တဆတ်ဆတ်တုန်၍နေသည်။

''မဟုတ်တူး အဲဒီအိမ်မှာ ခေါင်လည်းနေတာဖြစ်မှာပါ။ ငါ့စိတ်က မဖြစ်နိုင်တာတွေလျှောက်တွေးနေတာ၊ ခေါင်နဲ့ပေါလ်ရဲ့ဟန်နီက သပ်သပ်စီပဲဖြစ်ရမယ်''

ကားမောင်းရင်း အရူးတစ်ယောက်လို ရေရွတ်နေသော သုတ စိတ်တွေ လှိုင်းလုံးတွေလို တလိပ်လိပ်တက်လာပြီး ရင်ခွင်နံရံကို ပြေးဆောင့်သည်။

''တောက် အရေးထဲ ကားကပိတ်နေသေးတယ်''

တာမွေအဝိုင်းထိပ် မီးပွိုင့်တွင် တစ်သီတစ်တန်းကြီး ပိတ်နေ





သော ကားတန်းရှည်ကြီးကိုကြည့်ပြီး သုတ ဒေါသတွေ ထွက်လာသည်။

ဒီအချိန်မှာ ခေါင့်ကိုတွေ့ရဖို့အရှာအားလုံးထက်ပို၍ အရေးကြီးနေသည်။

သူ့ကိုတွေ့လျှင် ဘယ်လိုအခြေအနေမျိုးနှင့် လက်ခံမည်လဲ။ အတွေးပေါင်းစုံကို ရှုပ်ထွေးနောက်ကျိစွာတွေးရင်း ခေါင်နေသော ရပ်ကွက်ထဲသို့ ကားကိုခပ်ဖြည်းဖြည်း မောင်းဝင်လာခဲ့လိုက်သည်။

ကားရပ်လိုက်သည်နှင့် သော့ပိတ်ထားသော ခြံတံခါးကြောင့် ရင်ထဲတဖန်မောရပြန်ပါသည်။

ခေါင်ရယ် လိုက်လေဝေးလေ ဖြစ်နေပါလား။

■ ■ ■

''ခင်ဗျားလေဒီနဲ့ တွေ့ခဲ့လား ကိုသုတ''

ကားသော့ကို စားပွဲပေါ်ချပြီး ဆိုဖာထိုင်ခုံမှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်သော သုတကို ပေါလ် အလိုက်တသိဖြင့် မေးလိုက်သည်။

သုတ ဖြည်းညင်းစွာ ခေါင်းညိတ်ပြလိုက်သည်။ လိပ်စာအတိုင်းတော့ တွေ့ခဲ့တယ်။ ဒါပေမဲ့ လူတော့ မတွေ့ခဲ့ဘူး။

သုတနှင့်အပြိုင် ပေါလ် စိတ်မောသွားပုံဖြင့် သက်မ မသိမသာချလိုက်သည်။ အချစ်ကြောင့် ခံစားရတဲ့သောကအပူဟာ ဘယ်လောက်ထိ နက်ရှိုင်းသလဲဆိုတာ ပေါလ်ကိုယ်ချင်းစာနိုင်ပါသည်။

''ညနေကျရင် တစ်ခေါက်သွားကြည့်ပေါ့ဗျာ၊ အိမ်ကိုရှာတွေ့



www.burmeseclassic.com

www.burmeseclassic.com



ထားပြီဆိုမှတော့ လူချင်းတွေ့ဖို့က ရာနှုန်းပြည့်ကျိန်းသေနေပြီပဲ''

ပေါလ်က ဖြေသိမ့်ပေးနေပေမယ့် သုတ ရတက်မအေးရသေးပါ။ ခင်ဗျားရဲ့ဟန်နီက ကျွန်တော့်ဇနီးချွေခေါင်ခေါင်များ ဖြစ်နေမလားဆိုသည့် မေးခွန်းမျိုး မေးလိုက်ချင်ပေမယ့် တကယ်တမ်းတော့ သုတ မမေးရဲခဲ့ပါ။

''ကဲ ဒါဆို ကျွန်တော်တို့လုပ်ငန်း ပရောဂျက်အတွက် ပြန်ဆွေးနွေးကြရအောင်လား''

စိတ်ရှုပ်ထွေးနေပါသည်ဆိုမှ ခုချိန်မှာ ပရောဂျက်ကိစ္စလည်း ခေါင်းထဲမဝင်မိ။

''ကျွန်တော် သန့်စင်ခန်း ခဏဝင်မှဖြစ်မယ်''

ပေါလ်ရှေ့မှ ထွက်ခဲ့လိုက်သည်။ မျက်နှာမရွှင်ဖြစ်နေသော သုတကို လိုက်ငေးကြည့်ပြီး ပေါလ် ဘယ်လိုထင်ကြေးပေးရမှန်းပင် မသိတော့။

ထိုစဉ် စားပွဲပေါ်ကိုချသွားသော သုတ၏ဖုန်းမြည်လာသည်မို့ လှမ်းကြည့်လိုက်သည်။

''ဟင် ဟန်နီ ဒါ ဟန်နီ့ပုံပဲ''

သုတဖုန်းကို သတိလက်လွတ် ယူကြည့်လိုက်ပြီး ပေါလ် စိတ်ထဲ နားမလည်သလိုဖြစ်ရသည်။ သုတက ဘာကြောင့် ဟန်နီ့ပုံကို သူ့ဖုန်းထဲ ထည့်ရတာလဲ။ သူနှင့်ဟန်နီ ဘာပတ်သက်လဲ။

အသံမြည်နေသော ဖုန်းကို ဆက်မကြည့်ရဲတော့ပါ။ ပေါလ် ရင်ထဲမှာ သံသယတစ်ခု စတင်ပေါက်ဖွား၍လာသည်။





ဟန်နီဟာ သုတ ရှာပုံတော်ဖွင့်နေတဲ့ ဇနီးလား။

ပေါလ်ရင်ထဲမှာ တဒွေ့ဒွေ့နဲ့ပူလောင်၍လာပါသည်။ ဆိုဖာနောက်ကျောကို စိတ်ပျက်စွာ မှီချလိုက်သည်။ ရင်ဘတ်တွေက ဖုတ်လိုက်ဖုတ်လိုက်နှင့် ဒါဟာ အမှန်တရားမဖြစ်ပါစေနဲ့။

ရင်မဆိုင်ရဲစွာဖြင့် မျက်လုံးကိုစုံမှိတ်လိုက်သည်။

သုတ သန့်စင်ခန်းထဲမှ ထွက်လာပြီး ဖုန်းကိုလှမ်းယူလိုက်ပြီး

''ဟဲလို သုခ ငါခုပဲပြန်လာတာ၊ ခြံတံခါးပိတ်ထားတယ်၊ မတွေ့ခဲ့ရဘူး။ မင်းလိပ်စာများမှားသလားကွာ၊ ငါ့စိတ်ထင် မဖြစ်နိုင်လောက်ဘူးလို့ထင်တယ်''

သုတ ဘာတွေဆက်ပြောမည်လဲဆိုတာကို ပေါလ် နားထောင်နိုင်စွမ်းမရှိတော့ပါ။ သူတို့နှစ်ဦးပြန်ဆုံတွေ့ကြလျှင် ဟန်နီ့ကို သူဆုံးရှုံးရမှာလား။ ဒါမှမဟုတ် ဟန်နီက သုတကို မရွေးချယ်ဘဲ ကိုယ့်ကိုရွေးချယ်မှာလား။

မှန်ပြတင်းပေါက်ရှိရာသို့ ပေါလ် လျှောက်လာခဲ့ပြီး တိုးကြိတ်ဖြတ်သန်းသွားလာနေကြတဲ့ ကားပေါက်စနလေးတွေကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေလိုက်သည်။ မြင်မြင်သမျှအရာအားလုံးဟာ အဓိပ္ပာယ်မဲ့နေသည်။

သူ မြန်မာပြည်မှာ အခြေချဖို့ရည်ရွယ်ချက်က ဟန်နီနဲ့ဘဝတစ်ခုကို ငြိမ်းချမ်းစွာဖြတ်သန်းလို၍ဖြစ်သည်။ ဟန်နီ့ကိုပိုင်ဆိုင်ရမည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် ဘဝမှာ ဘာမှမရှိလည်းပဲ နေရဲပါသည်။

ဟန်နီ့ကိုဆုံးရှုံးပြီး မြန်မာပြည်က မထွက်ခွာလိုပါ။ အတွေးတို့ စိတ်ပျက်အားလျော့နေပြီး ဖုန်းပြောနေသော သုတာကို ငုံ့စောင်းအကဲခတ်လိုက်သည်။

သုတ ဖုန်းပြောနေဆဲ။ ကိုယ့်ရင်ထဲက သောကမြူမှုန်တွေကလည်း မှန်တိုင်းတစ်ခုလို ထန်နေဆဲ။

■ ■ ■



## အခန်း (၂၈)

အိမ်ရှေ့မှ ကားသံကြောင့် စာဖတ်နေသော ခေါင့်စိတ်ထဲ ပေါလ်ရောက်လာပြီဟုထင်ကာ စာရေးစားပွဲမှ ထလိုက်သည်။ ရေချိုးပြီး သနပ်ခါးနံ့သင်းနေပေမယ့် ခေါင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုပိုစေရန် မှန်ရှေ့တွင်ရပ်ပြီး မျက်နှာကို ကရင်ပတ်ခ် အနည်းငယ်ဖို့လိုက်သည်။

အနည်းငယ် ဖရိုဖရဲဖြစ်နေသော ဘလောက်အင်္ကျီကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ဆွဲဆန့်ပြီး မှန်ရှေ့မှာ ကိုယ်ကိုလှည့်ကြည့်လိုက်သည်။ မြန်မာဆန်ဆန်နှင့်တည်ငြိမ်သောအလှက ပေါလ်ကို စွဲမက်စေခဲ့သည်။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိပြီဆိုမှ အိမ်ရှေ့ကိုထွက်ခဲ့လိုက်သည်။ ခေါင်အိမ်ရှေ့ရောက်သည်နှင့် အိမ်ရှေ့တံခါးခေါက်သံ ထွက်ပေါ်လာသည်မို့ ခေါင် တံခါးကိုဖွင့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်က မလာတော့ဘူးထင်နေတာ"

တံခါးလည်းဖွင့် ပြောလည်းပြောလိုက်သော ခေါင့်မျက်နှာမှာ အိမ်ပေါက်ဝတွင် ရပ်နေသူ ပေါလ်မဟုတ်တဲ ခေါင် ဘယ်လိုမှထင်မထား ခဲ့သော မောင်ဖြစ်နေသည်။

"ဟင် မောင်"

ခေါင့်နှုတ်မှ မောင်ဟုခေါ်နေသေးသည့်အတွက် သုတ၏မျှော် လင့်ချက် ရေးရေးလေးတော့ ရှိသေးသည်။

"ခေါင် ရှာလိုက်ရတာကွာ"

အံ့နည်းငယ် ပျက်ယွင်းသွားသော ခေါင့်မျက်နှာကို သေချာ စိုက်ကြည့်ပြီး ပြောလိုက်သည်။ ခေါင် နောက်သို့ ခြေလှမ်းတစ်လှမ်း နှစ်လှမ်းခန့်ဆုတ်လိုက်သည်။

"ဒီမှာနေတာ ဘယ်လိုသိလဲ"

"ဒီလိုပဲ စုံစမ်းရတာပေါ့၊ မောင်မှားတယ်ဆိုတာသိတယ်၊ ဒါကြောင့် ခေါင့်ကိုတောင်းပန်ပြီး မောင်တို့အတူတူ ပြန်နေကြမယ်၊ ဒါ ကြောင့် မောင်အလုပ်တွေပိုပြီး ကြိုးစားလုပ်နေတယ်၊ မောင့်ကြောင့် ခေါင် လုံးဝစိတ်မဆင်းရဲစေရဘူးလို့ မောင် ကတိပေးတယ်"

သုတ အိမ်အခြေအနေကို ဝေ့ကြည့်ပြီး ခေါင့်ကိုကျော်လွန်၍ လျှောက်သွားပြီး ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။ ခေါင့်မျက်နှာပေါ်တွင် ပျော်ရွှင်ရိပ်တွေရှိမနေတာ သုတ သတိထားမိပေမယ့် တမင်ပင် မသိ





ဟန်ဆောင်လိုက်သည်။

ခေါင် မောင့်ကိုချစ်သေးရဲ့လားဆိုသည့် မေးခွန်းကိုတော့ ဘယ် တော့မှ မေးလိမ့်မည်မဟုတ်။ ဘာကြောင့်လဲဆိုတော့ မချစ်တော့ပါဘူး ဟု ပြောမည့်အဖြေကို မကြားရဲ၍ဖြစ်သည်။

"အဲဒီကတိတွေကို ခေါင် မလိုချင်တော့ဘူး မောင်၊ မောင့် မိသားစုနဲ့မပတ်သက်ရဖို့ မောင်နဲ့ပါထပ်ပြီး ပတ်သက်လို့မဖြစ်တော့ဘူး ဒါကြောင့် ခေါင်တို့လမ်းခွဲလက်စနဲ့ ခွဲလိုက်ကြတာပေါ့"

ပြတ်သားစွာ ငြင်းဆန်လိုက်သော ခေါင့်စကားကို သုတ ရင် မဆိုင်ရဲစွာဖြင့် ထိုင်ရာမှထပြီး ခေါင့်ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်သည်။

"အဲဒီလို ပြတ်သားတဲ့စကားမျိုးနဲ့ ယတိပြတ် မဖြတ်လိုက်ပါနဲ့ ခေါင်ရယ်၊ မောင်တို့အိမ်ထောင်ရေးကို သူတို့ကြောင့်နဲ့အပြတ်မခံနိုင်ဘူး"

"အိမ်ထောင်ရေး ဟုတ်လား"

ခေါင် ပြောပြီး မဲ့ပြုံးပြုံးလိုက်သည်။

"ခေါင်က မောင့်ရဲ့အိမ်ရှင်မဖြစ်ခဲ့လို့လား၊ မောင်ကရော ခေါင့်ရဲ့ အိမ်ထောင်ဦးစီးအဖြစ် ခေါင့်ရှေ့မှာ မားမားရပ်ပေးခဲ့လို့လား၊ မောင်"

"ပြောပါ ခေါင်၊ ဒါတွေအားလုံးဟာ မောင် ပျော့ညံ့လို့ဖြစ်ခဲ့ တာပါ"

"ပျော့ညံ့တာမဟုတ်ဘူး မောင်၊ မောင့်မိသားစုကို ခေါင့်ထက် ပိုပြီးချစ်တာ၊ ဒါကြောင့် ခေါင်တစ်ယောက်ထဲ အိမ်ပေါ်ကဆင်းလာတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



က ခေါင့်နောက်ကို မောင် မလိုက်ခဲ့တာပေါ့''

''ခေါင်ရယ် မောင် တောင်းပန်ပါတယ်ကွာ၊ တကယ်ဆို ခေါင် ထွက်သွားကတည်းက ခေါင့်ကိုလိုက်ရှာပြီး ခေါင်နဲ့အပြင်မှာ အိမ်ငှားနေတော့မယ်လို့ သူတို့ကို ပြတ်ပြတ်သားသား ပြောပြီးသားပါ၊ နောက်ပြီး ခေါင် စိန်လက်စွပ်ရောင်းတဲ့ငွေထဲက မမခိုင်ယူထားတယ်ဆိုတာ ခေါင် ထွက်သွားပြီးမှသိရတာ၊ ခု အဲဒီငွေတွေကို ခေါင့်ကိုပြန်ပေးမှာပါ''

''မလိုတော့ပါဘူး၊ သူတို့ကိုပဲ ပြန်ပေးလိုက်ပါ၊ အတိတ်က အကြွေးပေးစရာရှိလို့ ပေးလိုက်တယ်လို့ ဟိုအရင်ကတည်းက သဘောထားပြီးသားပါ''

''ဘာပဲဖြစ်ဖြစ် ကိုယ့်ကို ခေါင့်ဘဝထဲ ဝင်ခွင့်ပြုပါ၊ ကိုယ့်ဘဝမှာ ခေါင်မရှိဘဲ မရှင်သန်နိုင်လို့ပါ''

ခေါင့်ပခုံးကို ညင်သာစွာ ဆုပ်ကိုင်ပြီး ရင်ထဲကဆန္ဒတွေကို အသနားခံတောင်းဆိုလိုက်သည်။

''ခေါင့်ဆီက အချစ်တွေကို မမျှော်လင့်ပါနဲ့တော့ ခေါင်တို့ရှေ့ဆက်ဖို့ ဘယ်လိုမှမဖြစ်နိုင်တော့ပါဘူး''

''မောင် တောင်းပန်ပါတယ်၊ အဲလိုတော့ မရက်စက်ပါနဲ့ ခေါင်ရယ်၊ ခေါင်နဲ့အတူတူနေဖို့ မောင်ကြိုးစားနေတာပါ၊ မောင်အခု ငွေလည်း တော်တော်စုမိနေပြီ၊ မောင့်အမေကိုလည်း အားလုံးအပြတ်ပြောထားပြီးပြီ၊ သူတို့နောက်တစ်ခါ ခေါင့်ကိုစိတ်အနှောင့်အယှက်မပေးစေရတော့





ဘူး၊ ခေါင့်ကို မောင်ကာကွယ်မယ်''

အသနားခံတောင်းပန်နေသော မောင့်ကိုကြည့်ပြီး ခေါင် ငိုရှိုက်နေသည်။ ရင်ထဲမှာ ဆို့တက်လာသော သောကအချို့က မျက်ဝန်းဝမှာ မျက်ရည်စတွေအဖြစ် ရစ်သီနေပြီ။ ခေါင်က စိတ်ပျော့မှန်းသိလို့ ခုလို ခေါင်ရှေ့မှာ ဒူးထောက်ပြနေတာလား။

ပြီးတော့ မောင် ငိုတယ်။ မောင့်မိသားစုကို မလွန်ဆန်နိုင်၍ ခေါင့်ကို ဥပေက္ခာပြုခဲ့ပေမယ့် မောင့်ရင်ထဲမှာ ခေါင်ရှိနေသေးတယ်ဆိုတာတော့ ခေါင်လည်းသိပါတယ်။ ဒါပေမဲ့ကွယ်

''ခေါင့်မှာ မောင်နဲ့ရှေ့ဆက်လို့မဖြစ်နိုင်တဲ့ အကြောင်းပြချက်ရှိနေပြီ မောင်''

ခေါင် ဖွင့်ပြောတော့မည့်အကြောင်းအရာဟာ သူတ မကြားချင်ဆုံးသောစကားဖြစ်နေမယ်ဆိုတာ သိပြီးသားမို့ နားထောင်ဖို့စွမ်းအားမရှိ။

''အဲဒီအကြောင်းပြချက်ဟာ ဘာလဲဆိုတာ မောင်မသိချင်ဘူး ခေါင်ရယ်၊ မောင်နဲ့ဝေးနေတဲ့ ဒီလပိုင်းတွေမှာ ခေါင် ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ ဘယ်သူနဲ့ပဲ ပတ်သက်ခဲ့ပတ်သက်ခဲ့ မောင် အဲဒါတွေ လုံးဝဂရုမစိုက်ဘူး ခေါင်ရယ်''

ခန္ဓာကိုယ် တသိမ့်သိမ့်တုန်ခါအောင် ရှိုက်ငိုနေသော မောင့်ရှေ့မှာ ခေါင်ထိုင်ချလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ခေါင့်မှာ ရွေးချယ်စရာမရှိတော့ဘူး အရာအားလုံး နောက်ကျသွားပြီ၊ အဲဒီအတွက် ခေါင့်ကိုခွင့်လွှတ်ပေးပါတော့"

ခေါင် ငိုမိပါတော့သည်။ ခေါင်ငိုတော့ မောင်ဟာ ခေါင့်ကိုမွှေ့ဖက်နှစ်သိမ့်ပေးသည်။

ပေါလ် အိမ်ပေါက်ဝတွင်ရောက်နေပြီး ထိုမြင်ကွင်းကို ကြေကွဲစွာရပ်ကြည့်နေတာကို ခေါင်ရော မောင်ပါ သတိမထားမိကြ။

"ပေါလ်ကို သံယောဇဉ်ဖြစ်မိသွားတယ်၊ သူက သိပ်ကိုစိတ်သဘောဖြူစင်တဲ့ယောကျ်ားကောင်းတစ်ယောက်ပါ"

"မောင်သိပြီးသွားပြီ ခေါင်၊ ဒါပေမဲ့ မောင်က ခေါင်ရဲ့ခင်ပွန်းပါ"

ပေါလ်၏မျက်နှာ အနည်းငယ် ညှိုး၍သွားသည်။

"မောင်နဲ့ခေါင် တရားဝင်လက်မထပ်ရသေးသလို ခေါင်ဟာ ခုချိန်ထိ အပျိုစင်ဘဝနဲ့ပဲ ရှိသေးတဲ့အတွက် ခေါင့်ကိုဖောက်ပြန်တဲ့မိန်းမတစ်ယောက်လို့တော့ မထင်လိုက်ပါနဲ့ မောင်၊ နာကျည်းရာကနေ တစ်ဖက်ကိုအားကိုးစိတ်ဝင်သွားပြီး သံယောဇဉ်တွယ်သွားမိတာပါ၊ ခုတော့ ခေါင်နောက်ဆုတ်လို့မရတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့အချစ်က ခေါင့်အပေါ်မှာ အရမ်းလေးနက်တယ်ထင်လို့ပါ၊ သူ့ဘဝမှာပထမဆုံး အရေးပေးရမယ့်သူဟာ ခေါင်ဖြစ်သလို အရာရာကိုပေးဆပ်ဖို့ အသင့်ရှိနေတဲ့ စွန့်လွှတ်အနစ်နာခံစိတ်တွေက ခေါင်ရဲ့စိတ်ဝိညာဉ်တွေကို ချုပ်ကိုင်





ထားသလိုပဲ၊ ခေါင် သူ့ဘဝထဲကို ဝင်ချင်တယ်၊ နောက်ပြီး သူဟာ ဗမာသွေးရောနေတဲ့ အင်္ဂလိပ်ကပြားတစ်ယောက်ဖြစ်တဲ့အပြင် ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်နေတာဟာ ခေါင့်ကို ငြင်းဆန်ဖို့အင်အားမရှိခဲ့ဘူး"

လေးနက်စွာပြောနေသော ခေါင့်ကို သူတ အရှုံးသမားတစ်ယောက်လို ကြည့်လိုက်ပြီး ဒူးထောက်နေရာမှ ထရပ်လိုက်သည်။

"ခေါင် သိပ်ရက်စက်တယ်"

"မောင့်မိသားစုအတွက် ဒါဟာ ရက်စက်ရာမကျပါဘူး မောင်ရယ်၊ သူတို့က ခေါင့်ကိုကျေးဇူးတောင် တင်နေဦးမယ်၊ သူတို့ဘဝထဲမှာ မောင်ဆက်ရှိနေသေးလို့လေ"

"ခေါင်ရယ် အဲဒါတွေကို ခုထိ မကျေနပ်သေးလို့ မောင့်ကို အရွဲ့တိုက်နေတာလား ပြောပါဦး"

ခေါင့်ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး အားမလိုအားမရ မေးလိုက်သည်။

ခေါင် ပြုံး၍ ခေါင်းခါပြီး

"ဒီအချိန်က အရွဲ့တိုက်ရမယ့်အချိန်မဟုတ်တော့ဘူး မောင်ခုပြောနေတာတွေက တကယ်ပါ၊ ခေါင် တကယ်ဆုံးဖြတ်ပြီးနေတဲ့အတွက် ဘာမှပြင်ဆင်လို့မရတော့ဘူး။ အဲဒီအတွက် ခေါင့်ကိုစွန့်လွှတ်လိုက်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



သုတ ခေါင့်ကို မြတ်နိုးသောအကြည့်ဖြင့် သေချာစိုက်ကြည့်လိုက်ပြီး

"မောင့်အသက်သေသွားခဲ့ရင်တောင် ခေါင့်ကိုချစ်တဲ့အချစ်တွေကို လုံးဝ မစွန့်လွှတ်ဘူး ခေါင်၊ တကယ်ဆို ခေါင့်ရင်ထဲမှာ မောင်ရှိနေသေးတယ်ဆိုတာ လုံးဝသေချာတယ်၊ ပေါလ်နဲ့ပတ်သက်ပြီး တကယ်ရင်ခုန်တာမဟုတ်ဘဲနဲ့ တွေ့တာဆုံတာများလို့ အခြေအနေပေးလို့ သူ့ကို လက်ခံလိုက်ရတာဆိုရင်တော့ ဒါဟာအချစ်ပါတဲ့ ရွေးချယ်မှုမဟုတ်ဘူး ခေါင်၊ တကယ်တော့ ခေါင် သူ့အပေါ် တဒင်္ဂသာယာသွားတာပါ"

မောင့်စကားကြောင့် ခေါင့်ကိုယ်လေး ဆတ်ခနဲ ဖြစ်သွားပြီး မောင့်ကိုကြည့်လိုက်သည်။

တဒင်္ဂသာယာတာတဲ့လား ဟုတ်မှာပါမောင်။ ခေါင် သာယာသွားခဲ့တာ ဟုတ်မှာပါ။ ဘာဖြစ်လို့လဲဆိုတော့ သူ့ဆီကအချစ်တွေက အရမ်းနူးညံ့ညင်သာတယ်။ ခေါင့်ကို စိတ်လှုပ်ရှားမှုတွေပေးတယ်၊ တစ်ခါမှမရခဲ့ဖူးတဲ့ မက်မောမှုတွေပေးတယ်၊ အဓိက ဆွဲဆောင်မှုအရှိဆုံးကတော့ သူ့ဘဝမှာအလေးအနက်ထားချစ်ရမယ့်သူက ခေါင်တစ်ယောက်ထဲဖြစ်နေခဲ့လို့ပါ။ မိန်းမတိုင်း အဲဒီအရာကို မက်မောကြတယ် မောင်ရဲ့။

ခေါင်လည်း မက်မောတာပေါ့။ မောင့်ဆီက မရခဲ့တဲ့အရာတွေအားလုံး၊ သူ့ဆီက ခေါင် ရခဲ့တာကိုး။

■ ■ ■



## အခန်း (၂၉)

"အဲဒါ ဘာလုပ်တာလဲ မစွတာပေါလ်"

ကားသော့တစ်ချောင်းနှင့် အတာချိုကေ့စ်ထဲမှာ အစီအရီရှိနေသော ဒေါ်လာတွေကိုကြည့်ပြီး သုတ နားမလည်စွာဖြင့် မေးလိုက်သည်။

ပေါလ်အကြည့်တွေထဲမှာ အပြစ်လုပ်မိသောလူတစ်ယောက်၏ အားနာရိပ်တွေ ပေါ်လွင်နေသည်။

"ခင်ဗျားဘဝကိုတစ်ဆစ်ချိုး ပြောင်းလဲသွားအောင် ကျွန်တော်က ခင်ဗျားကိုလက်ဆောင်ပေးတာလေ၊ ယူပါ ခင်ဗျားဟာ ကျွန်တော့်ရဲ့ အကောင်းဆုံး သူငယ်ချင်းပါ"

ဘာရည်ရွယ်ချက်နှင့် ဒေါ်လာတွေ ကားသော့တွေပေးနေသလဲဆိုတာ သုတ မသိဘဲနေမလား။ ဒီအရာတွေက သုတနှလုံးသားကို သွေးစိမ်းရှင်ရှင်ထွက်ခဲ့၍ နှစ်သိမ့်ပေးသည့်အရာတွေ။



www.burmeseclassic.com

www.burmeseclassic.com



ငွေသေတ္တာနှင့်ကားသော့ကို ပေါလ်ရှေ့သို့ ပြန်၍တွန်းပေးလိုက်သည်။

"ကျွန်တော့်အတွက် အဲဒါတွေ မလိုပါဘူး မစ္စတာပေါလ်"

"ဒါဆို ခင်ဗျား လိုချင်တာ တောင်းဗျာ"

ပေါလ် စကားကြောင့် သုတ လေးနက်သောအကြည့်ဖြင့် ကြည့်လိုက်ပြီး

"ကျွန်တော်လိုချင်တာကို ခင်ဗျား ပေးနိုင်မှာမို့လား"

"ဒါပေါ့ ကျွန်တော် ပြောပြီးပြီလေ၊ ခင်ဗျားက ကျွန်တော့်ရဲ့ အကောင်းသူငယ်ချင်းပါ"

သုတ အောက်နှုတ်ခမ်းကို ခပ်တင်းတင်းဖိကိုက်ပြီး ပေါလ်ကို ကြည့်လိုက်သည်။

"ကျွန်တော့်ကို ကျွန်တော့်ရဲ့ဇနီး ရွှေခေါင်ခေါင်ကို ပြန်ပေးပါ၊ ကျွန်တော့်ဘဝမှာ သူကလွဲပြီး ဘာမှမလိုအပ်ဘူး"

တောင်းဆိုမှုက ပြင်းထန်လွန်း၍ ပေါလ် မျက်စိမျက်နှာပျက်သွားသည်။ သို့သော် အင်မတန်ပေါ့ပါးသော အပြုံးကိုပြုံးလိုက်ပြီး

"ဟန်နီက ကျွန်တော့်ရဲ့နှလုံးသားပါ၊ သူ့ကိုပေးရင် ကျွန်တော် သေသွားမှာပေါ့၊ လူတစ်ယောက်ရဲ့ဘဝက နှလုံးသားမရှိရင် အသက်မရှင်နိုင်ဘူးလေ"

"ဒါပေမဲ့ သူက ကျွန်တော့်ဇနီးပါ"





"ဒါပေမဲ့ ကျွန်တော်သိထားခဲ့တာကတော့ ယောကျ်ားတစ်ယောက်နဲ့ တရားဝင်လက်မထပ်ရသေးသလို အပျိုစင်အတိုင်းရှိနေသေးတဲ့ လွတ်လပ်တဲ့ အပျိုတစ်ယောက်ပါ"

ပေါလ်က ဒီလောက်ထိတောင် သိနေပြီးသားလား။ ဒီအကြောင်းတွေကို ခေါင်က အရှက်သိက္ခာမဲ့စွာဖြင့် ပြောပြခဲ့တာလား။ သို့ဆိုလျှင်တော့ ခေါင် လွန်ပါသည်။

"အကယ်၍ ခေါင်က အပျိုစင်မဟုတ်တော့ဘူးဆိုရင်ရော"

"ဟန်နီအပျိုစင်မဟုတ်ဘဲ အိမ်ထောင်သည်ဖြစ်ခဲ့တယ်ဆိုရင်လည်း သူ့ကိုချစ်တဲ့အချစ်တွေ လျော့မသွားပါဘူး။ ဟန်နီ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ဟန်နီ့ကိုချစ်တယ်"

ပေါလ်၏မျက်နှာကို စိတ်ရှိတိုင်း ထိုးနှက်ပစ်ချင်စိတ်တွေ ရင်ထဲမှာတဖွားဖွားပေါ်၍လာသည်။ သို့သော် ဒေါသကိုစိတ်ရှိတိုင်း ထုတ်သုံး၍မရသည့်အခြေအနေမျိုးမို့ အတတ်နိုင်ဆုံး ချုပ်တည်းထားရပါသည်။

ထို့ကြောင့် ရင်ထဲက ဒေါသတရားနှင့် ဆန့်ကျင်စွာဖြင့် သုတဟာ ပေါလ်ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်တော့သည်။ သုတ၏အပြုအမူကြောင့် ပေါလ် တအံ့တသြဖြစ်သွားပြီး

"ဟာ ဒါဘာလုပ်တာလဲ"

"ကျွန်တော့်ရဲ့သိက္ခာတွေနဲ့ ခေါင့်ကို အလဲအထပ်လုပ်ပြီး ပြန်တောင်းတာပါ ပေါလ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ မဟုတ်တာ ကျွန်တော့်ကို အဲလိုမဆက်ဆံပါနဲ့"

ပေါလ် ထိုင်ရာမှထပြီး သုတကို အတင်းတွဲထူသည်။ သုတ မထဘဲ ဖွတ်အတင်း ဒူးထောက်နေလိုက်သည်။ ခုချိန်မှာ ခေါင်းကို ပြန်ရဖို့အတွက်ဆိုလျှင် သုတရဲ့ဂုဏ်သိက္ခာမပြောနှင့် အသက်ကိုစတေး ရမည်ဆိုလျှင်တောင် စတေးဝံ့ပါသည်။

"ကျွန်တော်က ခေါင်းကိုမှ မစွန့်လွှတ်နိုင်ဟာ ဒီတော့ ခေါင်းကို သာပြန်ရမယ်ဆိုရင် ကျွန်တော်ဟာ ခင်ဗျားဆီမှာ တစ်သက်လုံး ကျွန်ခံ ဆိုရင်တောင် ခင်ဗျားစိတ်တိုင်းကျလုပ်ပါ"

"ခင်ဗျားက ဘဝမှာ အချစ်တစ်ခုထဲနဲ့ ပြီးပြည့်စုံနေမယ်လို့ ထင်နေတာကို၊ ကျွန်တော်က ခင်ဗျားလိုပဲ ဟန်နီ့ကိုချစ်တယ်၊ ကျွန်တော့် ဘဝမှာ အချစ်ဆိုတာ ဟန်နီ့ကို စမြင်လိုက်ရတဲ့အချိန်ကစပြီး ချစ်ရ ကောင်းမှန်းသိခဲ့တာ၊ ဒါကြောင့် ကျွန်တော်ဟာ ဘဝမှာ အရမ်းငတ်မွတ် တောင့်တခဲ့ရတာကြောင့် အဲဒီအချစ်ရှိရာကို ခြေခြားမြေခြားကနေ ရ အောင်ရှာပြီးလာခဲ့တယ်၊ ဟန်နီဟာ ကျွန်တော့်ကို ဘုရားသခင်က အ ကောင်းဆုံးပေးထားတဲ့ လက်ဆောင်တစ်ခု၊ ဒါပေမဲ့ ကျွန်တော်ဟာ ဟန်နီ့ ကို ခင်ဗျားလို အချစ်တစ်ခုထဲ ပေးခဲ့တာမဟုတ်ဘူး"

ပေါလ် စကားကြောင့် သုတ ခေါင်းငုံ့ ဒူးထောက်နေရာမှ ဆတ်ခနဲ မော့ကြည့်သည်။

ဒီစကားက သုတကို ပျက်ရယ်ပြု လှောင်ပြောင်ရယ်မောခြင်းဟု





အဓိပ္ပာယ်ကောက်၍ရသော စကားမျိုး။

"ခင်ဗျားမှာ ဟန်နီ့ကိုပေးနိုင်မယ့်အရာတွေ ဘယ်လောက်များ များရှိလဲ"

သုတ မျက်နှာနားကပ်ပြီး ခပ်တိုးတိုးမေးလာသော ပေါလ်၏ စကားကြောင့် သုတရင်ထဲ ဆစ်ခနဲ နာကျင်သွားရသည်။ ဒီမေးခွန်းဟာ သူ့ဘဝကို အကြိမ်ကြိမ်သေစေနိုင်သော အဆိပ်ရှူးထားသည့် မေးခွန်း ယောကျ်ားတစ်ယောက်၏မာနကို အစိတ်စိတ်အမွှာမွှာ နင်းချေဖျက်ဆီး ပစ်သည့်မေးခွန်း။

"ရှိတယ် အရာအားလုံးထက်သာလွန်တဲ့ ဖြူစင်မြင့်မြတ်တဲ့ အချစ်"

သုတအတွက် ဒါဟာ အနိုင်မာဆုံးသော သက်သေစကား တစ်ခွန်းပင်ဖြစ်သည်။

"အဲဒီဖြူစင်မြင့်မြတ်တဲ့အချစ်မျိုးက ခင်ဗျားမှာရှိသလို ကျွန် တော့်မှာလည်းရှိတယ်၊ ကျွန်တော်လည်း ဟန်နီ့ကို ပေးနိုင်တာပဲ၊ အဲလို အရာမျိုးက ဟန်နီ့မှာတစ်ခုထက်ပိုပြီး မလိုအပ်ပါဘူး"

"အဲဒီတစ်ခုက ခင်ဗျားလည်းဖြစ်နိုင်သလို ကျွန်တော်လည်း ဖြစ်နိုင်တာပဲလေ မစ္စတာပေါလ်"

"ဒါပေါ့ သိပ်မှန်ပါတယ်"

"ခင်ဗျား ဟန်နီ့ကို ဖြူစင်တဲ့အချစ်ပေးခဲ့တယ်ဆိုရင် ဟန်နီက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နဲ့ဆုံစည်းခဲ့စရာအကြောင်းမရှိဘူး၊ ဟန်နီက သိပ်ကိုရိုးသားပြီး လိုအပ်ချက်တွေပြည့်နှက်နေတဲ့ အမျိုးသမီးကောင်းတစ်ယောက်၊ ကျွန်တော်မြတ်နိုးတာ ဟန်နီ့ရဲ့ရိုးသားမှုနဲ့ ဖြူစင်တဲ့နှလုံးသားကို ပိုင်ဆိုင်ထားတဲ့ဘဝ''

ကိုယ့်ထက်ပင် စကားတွေကြွယ်ဝစွာဖြင့် ပြန်ပြီးမခုခံနိုင်သော စကားမျိုးတွေ ဖောဖောသီသီ ထုတ်သုံးပြနေသည်မို့ ကိုယ်ပင် ဘာပြန်ပြောရမှန်းမသိအောင် နှုတ်တို့ဆွံ့အနေခဲ့သည်။

တကယ်တမ်း သူပြောတာတွေကလည်း အမှန်တရားတွေပါပဲ။ ခေါင့်ဘဝမှာ လိုအပ်ချက်တွေပြည့်နေမှန်း သိနေခဲ့တာတောင် ကိုယ်ဟာ ဘာကိုမှမဖြည့်ဆည်းပေးနိုင်ခဲ့ပါဘူး။ ချစ်ခဲ့ပါတယ်ဟု နှုတ်က တတွတ်တွတ် ရွတ်ဆိုနေခဲ့ပေမယ့် အချစ်ဆိုတဲ့အရာကိုရော ခေါင့်အားဖောဖောသီသီပေးခဲ့ပါသလား။

သေသေချာချာ ပြန်တွေးကြည့်ခဲ့လျှင် ခေါင်ဟာ သူ့ဆီက ဘာတစ်ခုမှ ပြည့်ပြည့်ဝဝ မရခဲ့တာကိုတော့ သူကိုယ်တိုင်လည်း သိပါသည်။

အဲဒီအတွက် နောင်တတွေနှင့် အချစ်ကိုတဖန်ပြန်လည်ရှင်သန်ဖို့ကြိုးစားခဲ့ပေမယ့် အရာအားလုံးဟာ လွန်မြောက်ကုန်ပါပြီ။ တကယ်တော့ ကိုယ့်အဖြစ်က လွတ်တဲ့ငါးကြီးဆိုသလို ကိုယ့်လက်ထဲမှာတုန်းက တန်ဖိုးထားရကောင်းမှန်းမသိခဲ့။ သိခဲ့တဲ့အချိန်လည်းရောက်ရော ခေါင်





ဟာ တစ်ပါးသူရင်ခွင်မှာ ခိုဝင်ဖို့အဆင်သင့်ဖြစ်နေပြီ။ ကိုယ့်အတွက်တော့ ကောင်းကင်က တိမ်မျှင်တွေကို လက်လှမ်းမမီဘဲ လိုက်လံဖမ်းဆုပ်နေတဲ့ ခပ်ကြောင်ကြောင်လူတစ်ယောက်ပေါ့။

''ကျွန်တော်ကတော့ ဟန်နီ့ကို ဖြူစင်တဲ့အချစ်တွေ မေတ္တာတရားတွေ သစ္စာစောင့်သိမှုတွေ အပြည့်အဝပေးနိုင်တဲ့အပြင် ဟန်နီ့ဘဝကို လိုအပ်ချက်တွေလုံးဝမရှိနိုင်တဲ့ ဟိုးအမြင့်ကြီးပေါ်ကိုလည်း တင်ပေးနိုင်စွမ်းရှိတယ်၊ ခု ခေါင့်ဘဝမှာ ဘာလိုအပ်ချက်မှ မရှိတော့ဘူး၊ ဒါကြောင့် ရွှေဘုံပေါ်မှာ စံရတော့မယ်၊ ဟန်နီ့ဘဝကို ဆွဲမချပါနဲ့လို့ ပြောပါရစေ''

ပေါလ်၏တောင်းဆိုမှုက မင်း ဟန်နီ့ဘဝထဲက အပြီးတိုင်ထွက်သွားတော့၊ ဘယ်တော့မှ ပြန်ဝင်မလာနဲ့တော့ဟူသော အဓိပ္ပာယ်မျိုး သက်ရောက်နေသည်။

''ဒါပေမဲ့ ကျွန်တော် ဟန်နီ့ကို ခင်ဗျားလက်ထဲကနေ ဖွတ်အတင်းလုမယူပါဘူး၊ ဟန်နီ့နှလုံးသားထဲမှာ ဘယ်သူရှိနေနိုင်သလဲဆိုတာ ကျွန်တော်ရော ခင်ဗျားရော ဘယ်သူမှသေချာမသိနိုင်ပါဘူး၊ ဒီတော့ ကျွန်တော်တို့ဟန်နီ့ကို ရွေးချယ်ဖို့အခွင့်အရေးတော့ ပေးရမယ်၊ အဲဒါကတော့ ဟန်နီ ဘယ်သူ့ကိုရွေးချယ်မလဲဆိုတာကိုပေါ့''

လိုက်လျောနားလည်ပေးသော ပေါလ်ဘက်က ထပ်ပေးသော အခွင့်အရေးတစ်ခု ဒီနည်းလမ်းဟာ အနိုင်ရမှန်းသိပ်ကြီးနှင့် ကိုယ့်ပြိုင်ဘက်ကို အကြောပေးပြီး ယှဉ်ပြိုင်စေလိုသည့်သဘော၊ ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



လိပ်၊ သူက ယုန်။

ရှိစေတော့။ ဘာပဲဖြစ်ဖြစ် ဒီအခွင့်အရေးဟာ သုတအတွက်တော့ နောက်ဆုံးကောက်ရိုးလေးတစ်မျှင်ပါ။ ခေါင်ရေ **မောင့်အချစ်တွေ**ဟာ ခုချိန်မှာ ခေါင့်အတွက်တော့ လူရာမဝင်တော့တဲ့ **အခြေအနေ**တစ်ခုမှာ သိမ်ငယ်စွာရပ်တည်နေရပြီ။

လောကကြီးက ပျော့ညံ့လွန်းတဲ့မောင့်ကို ဒဏ်ခတ်ပြီထင်ပါရဲ့။

"ဒါပေမဲ့ ခေါင်က ခင်ဗျားကိုရွေးချယ်ပြီးပြီပဲ"

"အခု ခင်ဗျားနဲ့ကျွန်တော် ပြောနေတာတွေကို ဟန်နီကြားနေရပါတယ် ကိုသုတ၊ သူထပ်ပြီးရွေးချယ်ပါစေ၊ ဒါ သူ့အခွင့်အရေးပဲ"

"ဗျာ"

ပေါလ်စကားကြောင့် သုတ **ဟိုတယ်အခန်းထဲဝေ့ပြီး** ခေါင့်ကိုရှာကာ

"ခေါင် ဒီမှာရှိနေတာလား"

"မဟုတ်ဘူး ဟောဒီမှာ ကျွန်တော့်ဖုန်းက ဟန်နီ့ကိုခေါ်ထားပြီး ဟန်နီကြားအောင် ဖုန်းဖွင့်ပေးထားတာ၊ ကဲ ကျွန်တော်ဟာ ခင်ဗျားအပေါ်မှာ ဘာတစ်ခုမှ အနိုင်မယူခဲ့ပါဘူးနော်၊ ဒါကြောင့် ဒီရွေးချယ်မှုကို ဟန်နီလည်းလက်ခံမှာပါ၊ သူစိတ်ကြိုက် ရွေးချယ်ပါစေ ကိုသုတ၊ ကျွန်တော်တို့ ဟန်နီ့ဆီကအဖြေကို သိပ်မကြာခင် သိရတော့မှာပါ"

အနောက်တိုင်းသား တစ်ယောက်ဖြစ်ပေမယ့် တည်ကြည်ပြီး





သမာသမတ်ကျသော ပေါလ်ကို သုတ စိတ်ထဲ မလေးစားဘဲ မနေနိုင်တော့ပါ။ ဒီလောက်ထိအသေးစိတ် ဂရုစိုက်တတ်သော ပေါလ်၏အချစ်ကို ခေါင် ပိုင်ဆိုင်ရတာဟာ ကိုယ့်အချစ်ကို ခေါင်ပြန်လည်လက်ခံပြီး ရွေးချယ်လိုက်တာထက် ပို၍အဆပေါင်းများစွာ သာလွန်ပါသည်။

အချစ်ဆိုတာ ဘာလဲ ပေးဆပ်ခြင်းလား၊ ရယူခြင်းလား။ ပေါလ်ဆီမှာရှိနေသော အချစ်တွေက ပေးဆပ်ခြင်းသက်သက်တွေဖြင့် တင့်တယ်ထည်ဝါနေသလောက် ကိုယ့်အချစ်တွေကတော့ ရယူခြင်းတွေသာရှိခဲ့ပြီး ခေါင်အရှေ့မှာ သိမ်ငုတ်မှိန်ဖျော့နေခဲ့တာပါ။

ဒီတော့ ကိုယ့်ရဲ့အငမ်းမရဖြစ်နေတဲ့ ပိုင်ဆိုင်လိုချင်တဲ့ အတ္တစိတ်ဟာ ခုချိန်မှာ ကိုယ့်ကိုပြန်၍ လှောင်ပြောင်နေခဲ့ပြီပဲ။ ကိုယ့်ဆီကမှ ဘာမှမပေးနိုင်ရင် ခေါင့်ဆီကလည်း မင်း ဘာမှမမျှော်လင့်နေနဲ့တော့ ဟောကောင်ရေလို့ ကိုယ့်ဝိညာဉ်က ကိုယ့်နားမှာလာပြီး တိုးတိုးလေးကပ်ပြောနေသလိုပါပဲ။

ပေါလ် ခေါင့်ကိုပေးနိုင်သလောက် သူကရော ခေါင့်ကို နောက်ထပ်ဘာတွေပေးဆပ်နိုင်ဦးမလဲ။ သာယာတဲ့အချစ်နဲ့ ဘဝတစ်ခုကို ပြန်လည်တည်ဆောက်ကြမယ်ဆိုတဲ့ ကိုယ့်ရဲ့အိပ်မက်တွေဟာ ပေါလ်ရဲ့ပိုင်ဆိုင်မှုတွေ ကြင်နာမြတ်နိုးမှုတွေ၊ ပေးဆပ်မှုတွေနဲ့ယှဉ်လျှင် ဖိနပ်စုတ်တစ်ရံသာသာလောက်ပဲ တန်ဖိုးရှိတော့သလိုလို စိတ်မှာ အလိုလို ခံစားလာရသည်။ သိမ်ငယ်စိုးရွံ့လာသည်။

ကဲ ဒီတော့ အရှက်ကွဲခံပြီး ပြိုင်ပွဲဆက်ဝင်မလား၊ ပြိုင်ပွဲမဝင်

www.burmeseclassic.com



ခင်ကတည်းက နှုတ်ထွက်ပြီး ခေါင့်ကိုချစ်တဲ့အချစ်တွေကို ရင်ထဲမှာ ထာဝရ မသေမချင်း၊ သေခဲ့ပြီးတာတောင် နောင်ဘဝအဆက်ဆက် ဂုဏ်သိက္ခာရှိရှိ ဆက်လက်ထိန်းသွားမလား။

ခုအခြေအနေက ကိုယ့်ကိုကိုယ် မေးခွန်းထုတ်ရတော့မယ့် အခြေအနေကို ပြန်ရောက်သွားပါပြီ၊ ဒီတော့ သူ ဘာကိုတွေဝေနေမှာလဲ။

အရာရာကိုဖြည့်ဆည်းပေးနိုင်တဲ့ ပေါလ်ဘဝထဲကို ခေါင့်အား လိုလိုချင်ချင် အပ်နှင်းလိုက်ရတော့မှာပေါ့။ ဒါဆို သူ့အချစ်တွေကို ဂုဏ်သိက္ခာတက်အောင် ပြန်လည်အဖတ်ဆည်ခွင့်ရှိမည်။

ခေါင့်ကိုပိုင်ဆိုင်ပြီး ခေါင့်ဘဝလေး ဆင်းရဲတွင်းထဲမှာနစ်မွန်းနေမှာထက်စာလျှင် ပေါလ်ဘဝထဲမှာနေပြီး ခေါင့်ဘဝလေး စိန်တစ်ပွင့်လို တောက်ပဝင်းလက်နေတာကို ခပ်ဝေးဝေးက မျှော်ကြည့်ရင်း ကျေနပ်နေရမယ့်အခြေအနေက ပိုပြီးသင့်လျော်မှာပါ။

"ကောင်းပြီ မစ္စတာပေါလ်၊ ကျွန်တော် အရွေးချယ်မခံတော့ပါဘူး၊ ခေါင် ဘာကိုရွေးချယ်မယ်ဆိုတာ ကျွန်တော် ကြိုသိနေပြီပဲ၊ ဒါကြောင့် ကျွန်တော်နှုတ်ထွက်ပါတယ်၊ ခေါင့်ကို ကျွန်တော် စွန့်လွှတ်လိုက်ပါပြီ"

"ဘာဖြစ်လို့လဲ ခင်ဗျား ဟန်နီ့ကိုမချစ်တော့လို့လား"

ပေါလ်အမေးကြောင့် သုတ ခေါင်းကိုခပ်ဖြည်းဖြည်းခါရမ်းလိုက်ပြီး

"ခေါင့်ကို ကျွန်တော့်အသက်ထက် ပိုချစ်ပါတယ်၊ ကျွန်တော်





ခေါင့်ကိုစွန့်လွှတ်တာ ခေါင့်ဘဝကို ဒီထက်မက ပိုပြီးတင့်တယ်စေချင်လို့ပါ၊ ဘဝမှာအချစ်တစ်ခုနဲ့ပြည့်စုံပြီထင်ရပေမယ့် တကယ်တမ်းလက်တွေ့ဘဝကိုရင်ဆိုင်ရတဲ့အချိန်မှာ အဲဒီအချစ်က အစိတ်အပိုင်းတစ်ခုလောက်ထိပဲ အသုံးဝင်တော့မှာပါ၊ ကျွန်တော့်အချစ်က ခေါင့်ဘဝကိုပြည့်စုံမှုမပေးနိုင်လောက်ဘူး၊ ခင်ဗျားကသာ အရာရာကိုဖြည့်ဆည်းပေးနိုင်မယ့်သူတစ်ယောက်ဆိုတာ ကျွန်တော် ယုံကြည်နေတဲ့အတွက် ခင်ဗျားကိုပဲ အပိုင်ပေးလိုက်ပါပြီ"

ပေါလ်ကိုနှုတ်ဆက်ပြီး ထပြန်ရန် ပြင်လိုက်သည်။ အခန်းတံခါးဝထိ ဖြည်းညင်းသော ခြေလှမ်းဖြင့် လျှောက်သွားပြီး တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် ပေါလ်ဘက်ကို လှည့်ကြည့်ကာ

"မစ္စတာပေါလ်"

သူ့ကိုငေးကြည့်ကျန်ရစ်သော ပေါလ် ခေါင်းတစ်ချက်ဆတ်ပြသည်။

"ခေါင့်ကို ဂရုစိုက်ပေးပါ၊ သူ အသက်ရှင်ရပ်တည်နေတဲ့ကာလတစ်လျှောက်လုံးမှာ ခင်ဗျား သူ့ကိုစိတ်ဆင်းရဲအောင် ဘာတစ်ခုမှမလုပ်မိပါစေနဲ့၊ ခေါင် စိတ်ဆင်းရဲ ငိုကြွေးရရင် ကျွန်တော်ဟာ ခင်ဗျားကို ရောက်တဲ့နေရာကနေ အပြေးလာပြီး သတ်မိမလားပဲ"

သုတ၏ပြတ်သားသောအမှာစကားကြောင့် ပေါလ် လေးလေးနက်နက် ခေါင်းညိတ်ပြီး

"အဲဒီကတိကို ကျွန်တော် အသက်နဲ့ရင်းပြီး ပေးပါမယ် ကို

သုတ၊ ကျွန်တော့်ဘဝထဲကို ဟန်နီ့ကိုခေါ်သွင်းပြီး ငြိမ်းချမ်းတဲ့ဘဝကို ဟန်နီ့စိတ်တိုင်းကျ ဖန်တီးပေးမှာပါ၊ ခင်ဗျားအချိန်မရွေး စောင့်ကြည့်နေနိုင်ပါတယ်''

''ကောင်းပါပြီ''

သုတ တံခါးဖွင့်ပြီး ပေါလ်အခန်းထဲမှ ထွက်ခဲ့လိုက်သည်။ လူရှင်းနေသော ဟိုတယ်လျှောက်လမ်းပေါ်မှာ သုတ အသိစိတ်မဲ့စွာဖြင့် လျှောက်လာခဲ့သည်။

ပတ်ဝန်းကျင်တစ်ခုလုံး ကိုယ့်ကမ္ဘာတစ်ခုလို တိတ်ဆိတ်နက်ရှိုင်း၍လာသည်။ နောက်ဆုံးတော့ ထိန်းချုပ်ထားမှုတွေက ပြိုကွဲသွားလေသည်။ ရင်ကဟာပြီး ပူလောင်လာသည်။ နှုတ်ခမ်းနှင့်လည်ချောင်းတစ်လျှောက် ကန္တာရလို ခြောက်သွေ့၍လာပြီး အရာအားလုံးဟာ ကြည့်ရင်းကြည့်ရင်း အမြင်တွေဝေဝါးလာသည်။ ထို့နောက်မှာတော့ မျက်လုံးတွေစိုစွတ်လာသည်။

ဒီတော့ ယောက်ျားတန်မဲ့ ဟိုတယ်လျှောက်လမ်းပေါ်က အခန်းနံရံတစ်ချပ်မှာ မျက်နှာအပ်မှီတွယ်ပြီး သည်းထန်စွာငိုကြွေးလိုက်သည်။

ပရိသတ်အတွက်
အမြဲတမ်း
ဗျူး